လောကပါလ

၃ပဒေရေးရာစာစောင်

ISSN 1513-9174

အမှတ်စဉ် (၃၁)၊ ဩဂုတ်လ၊ ၂၀၀၈ ခုနှစ်။

မြန်မာနိုင်ငံရှေးနေမျှားကောင်စီ

လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ်[၃၁] ၂၀၀၈–ခုနှစ်၊ သြဂုတ်လ

မြန်မာနိုင်ငံရှေနေများကောင်စီ

ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)

.....

ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေနေများကောင်စီ**
မူပိုင် – **မြန်မာနိုင်ငံရှေနေများကောင်စီ**
မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – ဦးသန်းနိုင်ထွေး
သတ်ပုံသတ်ညွှန်း – ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့

ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။

ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အုံ့

မြန်မာနိုင်ငံရှေ့နေများကောင်စီ

P.O. Box 144, Mae Sot, Tak- 63110, Thailand

E-mail ; blcsan@ksc.th.com, Website; www.blc-burma.org

လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၁)၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ **စာမျက်နှာ**

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတွင် အရေးယူနိုင်ရေး လှုပ်ရှားဆောင်ရွက်မှုများ

* မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲဖြစ်သော ပြစ်မှုကြီးများနှင့်စပ်လျဉ်း၍ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတွင် အရေးယူနိုင်ရေး ဆောင်ရွက်မှုများ ၄
* နအဖ ခေါင်းဆောင်များကို စစ်ရာဇဝတ်မှုဖြင့် နိုင်ငံတကာခုံရုံး တင်နိုင်ကြောင်းဆွေးနွေးသုံးသပ်ချက် ၁၂
* မုန်တိုင်းဒဏ်ခံစားနေရသော ပြည်သူများအား စနစ်တကျလျစ်လျူရှုထားသဖြင့် သေကြေပျက်စီးရခြင်း များသည် နိုင်ငံတကာရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာ ရောက်ကြောင်း တင်ပြချက် ၁၅
* မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသောပြစ်မှုကြီးများအပေါ် အရေးယူရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးသို့ လွှဲအပ်ပေးရန်တောင်းဆိုခြင်း ၁၆
* မြန်မာ့အရေးနှင့် လူသားဖြစ်မှုကိုဆန့်ကျင့်သောပြစ်မှု (ဆွေးနွေးသုံးသပ်ချက်) ၁၉

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ လှုပ်ရှားမှုများ

* ဖွဲ့စည်းပုံအခြေခံဥပဒေကို သရုပ်ဖော်ပုံများဖြင့် စာအုပ်ထုတ်ဝေခြင်း ၂၅
* နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေလူထုဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ရက်တို သင်တန်းနှင့် ဆွေးနွေးပွဲများ ၂၈
* ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်နှင့် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၀

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ လှုပ်ရှားမှုများ

* ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံခရီးစဉ်တွင် မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး၏ နှီးနှောဖလှယ်ပွဲပြုလုပ်ခဲ့ခြင်းအပါတင်ပြခြင်း ၃၄
* မဲရုံတရုံတွင် ပြည်သူများ၏ ဆန္ဒမဲပေးခဲ့ကြသည့်အနေအထားကို လေ့လာစောင့်ကြည့်တင်ပြခြင်း ၃၇
* ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို သရုပ်ဖော်ပုံများဖြင့် စာအုပ်ထုတ်ဝေခြင်း ၄၆
* နအဖဖွဲ့စည်းပုံအတည်ပြုမှု ဥပဒေကြောင်းအရ လက်ခံနိုင်ဖွယ်မရှိ ၄၈
* ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူများ၏ဆန္ဒအမှန် မဲထည့်နိုင်ရန်အတွက် ရုပ်မြင်သံကြားအစီအစဉ် တခုကို ဆောင်ရွက်ခဲ့ခြင်း ၅၀

မာတိကာ

စာမျက်နှာ

ဥပဒေ စိုးမိုးရေး ဆိုင်ရာ လှုပ်ရှားမှုများ

* ရှေ့နေချုပ်အား တာဝန်မှ ရပ်စဲသင့်ကြောင်းသုံးသပ်ထုတ်ပြန်ချက်၊ ၅၂
* စစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်အား ရှေ့နေဦးကြည်ဝင်းနှင့်တွေ့ဆုံပေး ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသုံးသပ်ချက်၊ ၅၆
* မသန္တာပါ–၃ ဦးအား လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ– ၁၃(၁)အရ အမိန့်ချမှတ်ခဲ့သည့်အပေါ် ဥပဒေ ရေးရာသုံးသပ်ချက်၊ ၆၃
* ထိုင်းတရားစီရင်ရေးစနစ်နှင့် မြန်မာစစ်အစိုးရ တရားစီရင်ရေးစနစ် နှိုင်းယှဉ်သုံးသပ်တင်ပြခြင်း၊ ၆၆

ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ လှုပ်ရှားမှုများ

* မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ဥပဒေရေးရာလက်တွေ့ကူညီမှုများ အား အစီရင်ခံတင်ပြခြင်း ၆၉

လောကပါလ ဥပဒေရေးရာစာစောင်

အမှတ်စဉ် (၃၁)

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတွင် အရေးယူနိုင်ရေး လှုပ်ရှား ဆောင်ရွက်မှုများ

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲဖြစ်သော ပြစ်မှုကြီးများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး[1] အဆင့်တွင် အရေးယူနိုင်ရေးအတွက် ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ လက်ရှိအခြေအနေ တင်ပြချက်နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် ပန်ကြားချက်

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့၊ ဖြစ်ပွားဆဲဖြစ်သော ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး[2] အဆင့်တွင် အရေးယူနိုင်ရေးအတွက် မြန်မာနိုင်ငံရှေ့နေများကောင်စီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ တို့ပူးတွဲကာ ၂၀၀၃ ခုနှစ် ဒီဗဲယင်းဖြစ်ရပ်ကြီး ဖြစ်ပွားပြီးချိန်မှ စတင်ကြိုးပမ်းခဲ့သည်။ ယင်းနောက်ပိုင်း ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှေ့နေများ ကောင်စီသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် Global Justice Centre နှင့် ပူးပေါင်း၍ နိုင်ငံတကာ ဥပဒေများကို ဆက်လက်လေ့လာကာ နည်းလမ်းများ ရှာဖွေဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ် နိုဝင်္ဘာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူ့အခွင့်အရေးအဖွဲ့အစည်း ပေါင်း (၁၅၀) ကျော်ဖြင့် စုပေါင်းဖွဲ့ စည်းထားသော ပြင်သစ်နိုင်ငံ ပဲရစ်အခြေစိုက် FIDH အဖွဲ့ကြီးက မိမိတို့၏ ကြိုးပမ်းမှုကို ထောက်ခံပံ့ပိုးသွားရန် သဘောထားချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေး သတင်းမှတ်တမ်းများကို အထူးပြု စုဆောင်းသည့် အဖွဲ့အစည်း (၁၂) ဖွဲ့ဖြင့်စုပေါင်းထားသော ND Burma သည် အဆိုပါ ရည်မှန်းချက်အတွက် ၂၀၀၇ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် စတင်ဆွေးနွေးခဲ့သည်။ ၂၀၀၈ ခုနှစ် ဧပြီလ(၇)ရက်နေ့တွင် နှစ်ဖက်နားလည်သဘောတူညီချက်စာလွှာ လက်မှတ်ရေးထိုး၍ လက်တွဲ လုပ်ဆောင်လာခဲ့သည်။ ND Burma ၏ အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

General Membership of ND-Burma

1) Assistance Association for Political Prisoners (AAPP)
2) Burma Issues (BI)
3) Earth Rights International (ERI)
4) Human Rights Documentation Unit (HRDU)
5) Human Rights Education Institute of Burma (HREIB)
6) Human Rights Foundation of Monland (HURFOM)
7) Kachin Women's Association of Thailand (KWAT)
8) Lahu Women's Organizations (LWO)
9) Palaung Women's Organization (PWO)
10) Palaung Youth Network Group (PYNG)
11) Roma 3
12) All Arakan Students and Youths Congress

အမျိုးသမီးအဖွဲ့အစည်းပေါင်း (၁၂)ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အမျိုးသမီးအဖွဲ့ချုပ် Women's League of Burma (WLB) သည် မြန်မာနိုင်ငံတွင်ဖြစ်ပွားလျှက်ရှိသော ပြစ်မှုကြီးများ နှင့်စပ်လျှဉ်း၍ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးအနေဖြင့် အရေးယူ ဆောင်ရွက်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှလွှဲပြောင်းပေးအပ်ရန်ကြိုးပမ်းမှုကို မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၊ Global Justice Center / ND Burma တို့နှင့်အတူ ပူးပေါင်းကြိုးပမ်း သွားမည်ဖြစ်ကြောင်းဖြင့် ၂၀၀၈ ခုနှစ် သြဂုတ်လ (၆) ရက်နေ့တွင် သဘောထားပေးပို့ခဲ့သည်။

တစတစ အရှိန် တစုံတရာ ရလာပြီဖြစ်သော်လည်း လှုပ်ရှားမှုအနေအထားမှာ လိုအပ်သည့် အဆင့်သို့မရောက် ရှိသေးပါ။ ဤလုပ်ငန်းစဉ်မှာ များစွာ ခက်ခဲသောကိစ္စဖြစ်ပါသည်။ ဥပဒေရေးရာ သက်သက်တခုတည်းဖြင့် ချည်းကပ်လုပ်ဆောင်၍ မရနိုင်ပါ။ ဥပဒေရေးရာအရ၊ နိုင်ငံရေးအရ၊ သံတမန်ရေးနှင့် နိုင်ငံတကာ ဖိအားများအရ၊ ပြည်တွင်း လူထုလှုပ်ရှားမှုများနှင့် နိုင်ငံတကာရောက် ဒီမိုကရေစီ နှင့် တိုင်းရင်းသားအင်အားစုများ၏ ပူးပေါင်း ဆောင်ရွက်၍ လက်တွဲနိုင်သည့် အဖွဲ့အစည်းကြီးများ၏ တူညီသော ဦးတည်ချက်ပေါ်တွင် အားလုံးစုပေါင်းကြိုးပမ်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် ထိရောက်သော ဖိအားများပေးနိုင်မှသာလျှင် အောင်မြင်နိုင်ခြေရှိပါမည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံနှင့် စပ်လျှဉ်း၍ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဦးဆောင်ကာ တင်သွင်းခဲ့သည်။ ထိုစဉ်က အဆိုပြု ဆုံးဖြတ်ချက်များတွင် နယ်စပ်ဖြတ်ကျော် လူမှောင်ခိုကူးမှု၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု စသည်များကိုထောက်ပြကာ မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖေါက်မှုပြဿနာမှာ နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးသည့်အဆင့်သို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း (၇)တွင် ပါရှိသော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်အတွင်းသို့ ကျရောက်နေပြီ ဖြစ်ကြောင်းဖြင့် ပါရှိခဲ့သည်။ သို့ရာတွင် တရုတ်နှင့် ရုရှက ဗီတိုအာဏာကို သုံး၍ ပယ်ချခဲ့သည်။ အဓိက အကြောင်းပြချက်မှာ မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးသည့်အဆင့်သို့ရောက်ရှိနေပြီ ဟု မယူဆနိုင်ကြောင်း ဟူ၍ဖြစ်သည်။ တရုတ်ပြည်၏ အဓိက ထောက်ပြချက်မှာ မြန်မာနိုင်ငံအရေးကြောင့် နိုင်ငံတကာငြိမ်းချမ်းမှုနှင့် လုံခြုံမှုကိုထိခိုက်နေပြီဟု ဆိုလျှင် ပထမဆုံးအဆိုပြုတင်သွင်းသင့်သော နိုင်ငံများမှာ အိမ်နီးခြင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများ ဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။ ဆိုလိုသည်မှာ အိမ်နီးခြင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက အဆိုပြုတင်သွင်းခြင်း မရှိသောကြောင့် နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးပြီဟု မယူဆနိုင်ကြောင်းဖြစ်သည်။

ဤအနေအထားကို ပြန်လည်သုံးသပ်ရန်လိုအပ်လာသည်။ ထိုစဉ်က အဆိုပြုတင်သွင်းချက်တွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ရည်ညွှန်း၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း (၇)ကို ကိုးကားအသုံးပြုရန် ကြိုးပမ်းခဲ့သော်လည်း အဓိကအားပြုတင်သွင်းသည့် အကြောင်းအရာများမှာ ပြည်တွင်းနိုင်ငံရေးအခြေအနေများ ဖြစ်နေသောကြောင့်ဟု သုံးသပ်ပါသည်။ မြန်မာနိုင်ငံ၏ ပြဿနာသည် နိုင်ငံတကာ ငြိမ်းချမ်းမှုနှင့်လုံခြုံမှုကို ထိပါးနေပြီဟုလက်ခံအောင်

တင်ပြနိုင်ရန်မှာ များစွာအခက်အခဲရှိနေပါသည်။ ယင်းလမ်းကြောင်းတွင် ဆက်လက် တင်သွင်းနေသမျှကာလပတ်လုံး ပယ်ချခံရဘွယ် ရှိနေဆဲဖြစ်သည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရသော ဂမ်ဘာရီမှာလည်း နအဖ အပေါ် နိုင်ငံရေးအရဖိအား ဘာတခုမျှမပေးနိုင်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံကြသည့် ဟန်ပြတွေ့ဆုံမှုမျိုးကိုလုပ်ပြပြီး နိုင်ငံတကာဖိအားလျော့ပါးသွားအောင် နအဖ၏ ကြိုးပမ်းမှုကို ပံ့ပိုးပေးသည့် သဘောမျိုးသက်ရောက်နေသည်။ နအဖ၏ အမျိုးသားညီလာခံမှ ချမှတ်ထားသော ဖွဲ့စည်းပုံမူများအပေါ်တွင် အခြေပြု၍ သုံးသပ်နိုင်ရန် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးရာသုံးသပ်မှုကော်မရှင် (Constitutional Review Commission) တရပ်ဖွဲ့စည်းဆောင်ရွက်ရန် ၄င်းကိုယ်တိုင်က စာနှင့်ရေးသား အကြံပြုခဲ့သော်လည်း နအဖက ဘာတခုမှ လိုက်နာဆောင်ရွက်မှုမရှိ။ သူ့လမ်းကြောင်းသူလျှောက်ကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ကျင်းပသွားခဲ့သည်။ ယင်းအပေါ်တွင် ဂမ်ဘာရီကိုယ်တိုင်က ဘာမှ ကန့်ကွက်ပြောဆိုခြင်းမရှိသည့်အပြင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပသည်ကိုပင် နိုင်ငံရေးတိုးတက်မှုတရပ်သဖွယ် သုံးသပ်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ၂၀၀၈ နာဂစ် ဖွဲ့စည်းပုံကို အခြေပြု၍ ၂၀၁၀ ခုနှစ်တွင် နအဖ ကျင်းပမည့် ရွေးကောက်ပွဲ ကို လက်ခံသွားရန်ပင် ၂၀၀၈ ခုနှစ် ဩဂုတ်လ တတိယပတ်အတွင်းက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကို အဆိုပြုခဲ့သူဖြစ်သည်။ ဂမ်ဘာရီ အပါအဝင် ကုလသမဂ္ဂမှ အခြားတာဝန်ရှိပုဂ္ဂိုလ်များ၏ မရေရာသော လုပ်ဆောင်ချက်များကို ကြည့်ကာ ပြည်တွင်းလူထုက ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအပေါ် စိတ်ပျက်နိုင်မည့် အနေအထား ရှိနေသည်။ ယင်းမှာ တိုင်းပြည်နှင့်လူထု၏အနာဂါတ်အတွက် ကောင်းသည့် အလားအလာမဟုတ်ပါ။

ယနေ့ အချိန်တွင် မြန်မာနိုင်ငံအရေး နှင့် စပ်လျဉ်း၍ စူးစိုက်မှုပေးကြသော ကုလသမဂ္ဂ နှင့် နိုင်ငံတကာအပေါ် အဆိုးမြင်လွန်းခြင်းနှင့် အကောင်းမျှော်လင့်လွန်းခြင်းဟူသော အစွန်းနှစ်ဘက်ကို သတိထားရှောင်ရန်လိုပါမည်။ အဆိုးမြင်လွန်းလျှင် ကုလသမဂ္ဂနှင့် နိုင်ငံတကာတွင် ရှိနေသော ယန္တယားများ၊ နိုင်ငံတကာဥပဒေများကို မြန်မာနိုင်ငံ လူထုအကျိုးအတွက် အသုံးပြုနိုင်ရေးကို စဉ်းစားလုပ်ဆောင်ကြတော့မည် မဟုတ်ပါ။ အကောင်းမြင်မျှော်လင့်လွန်းလျှင်လည်း သိကြားမင်းကြီး ဆင်းပြီး ကယ်တင်တော့မည့် သဘောမျိုးဖြစ်ကာ လူထုသည် မိမိတို့လုပ်ဆောင်ရမည့် ကိစ္စများကို အားသွန်ခွန်စိုက် ဆောင်ရွက်လုပ်ကိုင်ကြတော့မည်မဟုတ်ပါ။

ယနေ့အချိန်တွင် မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာလူပ်ရှားမှုများအားလုံးက အဓိကစူးစိုက်ရမည့် အဝန်းအဝိုင်းမှာ နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ[2] နှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေ[3] စသည်များအပေါ် နအဖ၏ ကျူးလွန်ချိုးဖောက်မှုများ ဖြစ်သည်။ နအဖသည် အဆိုပါ ပြစ်မှုကြီးများကိုအမှန်တကယ်လည်း ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲ ဖြစ်သည်။ ထိုသို့ကျူးလွန်မှုများကို ထင်ရှားအောင် မီးမောင်းထိုးပြသွားရန်ဖြစ်သည်။ အတိအကျအားဖြင့်ဆိုလျှင်လူသားအဖြစ် ရှင်သန်မှုကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှု[1]၊ စစ်ရာဇဝတ်မှု[6]၊ လူမျိုးတုံးသတ်ဖြတ်မှု[7] စသည်တို့အနက် တရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ကျူးလွန်ခဲ့ကြောင်း နိုင်ငံတကာမှ လက်ခံအောင်တင်ပြသွားရန်ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေး

ကောင်စီအဆင့်မှ မြန်မာနိုင်ငံပြဿနာကို အရေးယူ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းရာတွင် ပြည်တွင်း နိုင်ငံရေးအခြေအနေများထက်၊ ပြည်တွင်းတွင် နိုင်ငံတကာက အသိအမှတ် ပြုထားသော ပြစ်မှုကြီးများကို နအဖ၏ ကျူးလွန်မှုကြီးများအပေါ် အဓိကအားပြုတင်ပြသွားရန် ဖြစ်သည်။ ဤသည်မှာ ပြည်တွင်းနိုင်ငံရေးပြဿနာကို အရေးမကြီးဟု ဆိုလိုခြင်းမဟုတ်။ အမှန်တကယ် ကျူးလွန် ဖြစ်ပွားလျက် ရှိသော ပြစ်မှုကြီးများကို မီးမောင်းထိုးကာ နိုင်ငံတကာပြစ်မှုဆိုင်ရာ ဥပဒေအခြေခံကို ကိုင်စွဲ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ခွင့်ရလာနိုင်မည့် အနေအထားတရပ် ဖော်ဆောင်သွားရန်ကို တိုက်တွန်းခြင်းသာ ဖြစ်သည်။ တနည်းအားဖြင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာဥပဒေ အခြေခံများ၏ အားသာချက်များကို အသုံးချသွားရန် ဖြစ်သည်။ အထက်တွင် တင်ပြခဲ့သော ပြစ်မှုကြီးများကို ကျူးလွန်ခဲ့ကြောင်း တင်ပြနိုင်လျှင် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း (၇)ကို ကိုးကား၍ပင် လုံခြုံရေးကောင်စီအနေဖြင့် အရေးယူ ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိလာသည်ဟူသော အချက်ကို နိုင်ငံတကာဥပဒေ အခြေခံမှ လက်ခံလာကြသောကြောင့် ဖြစ်သည်။

လွတ်လပ်မှု၊ ငြိမ်းချမ်းမှုနှင့် တရားမျှတမှုကို လိုလားမြတ်နိုးတိုက်ပွဲဝင်လျှက်ရှိကြသော မြန်မာ့ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများကလည်း စစ်အုပ်စု ထိပ်သီးများ အတွင်းမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အပါအဝင် ပြစ်မှုကြီးများကို အမှန်တကယ်ကျူးလွန်ခဲ့ကြသူ စစ်ခေါင်းဆောင်မှန်သမျှကို နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသော ဥပဒေများကို ကျူးလွန်ချိုးဖောက်သည့် စစ်ရာဇဝတ်ကောင်များ၊ အကြမ်းဖက်သမားများအဖြစ် နိုင်ငံတကာမျက်နှာစာ၌ ပုံဖော်သွားသင့်သော အချိန်ဖြစ်သည်။ နအဖ စစ်သားများက တိုင်းရင်းသူ အမျိုးသမီးများ အပေါ် ပြုကျင့်မှုများ၊ ကလေးစစ်သားအဖြစ် အတင်းအကြပ်ခိုင်းစေမှုများ၊ သံဃာတော်များ အပေါ် ရက်စက်စွာ ဖိနှိပ်မှုများအပါအဝင် ၄င်းတို့ကျူးလွန်ခဲ့သည့် အခြားရာဇဝတ်မှုကြီးများက ယင်းအချက်ကို သက်သေခံလျှက်ရှိသည်။

ဤမျှကြီးမားသည့် ပြစ်မှုကြီးများကို တညီတညွှတ်တည်း ဖေါ်ထုတ်အရေးယူရန် ကြိုးပမ်း ခြင်းမပြုဘဲ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရေးကိုသာ တင်ပြနေရုံမျှနှင့် စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေး ရာဘို့ဝေးနေပါဦးမည်။ ပြစ်မှုကျူးလွန်မှုကြီးများတွင် တာဝန်ရှိမှုကို ဖေါ်ထုတ်ပြီး ထိုက်သည့်အားလျှော်စွာ အရေးမယူနိုင်သမျှကာလပတ်လုံး ကြီးမားသော ရာဇဝတ်မှုများကို ဆက်တိုက်ကျူးလွန်ခဲ့ကြသူများ လွတ်ငြိမ်းခွင့်ရနေကြဦးမည်။ ပြစ်မှုကျူးလွန် ခံရသူများအတွက် တရားမျှတမှုလည်း ကွယ်ပျောက်နေဦးမည်။ နောက်ထပ် သည့်ထက်ပိုသော ရက်စက်မှုကြီးများကို လက်ရဲ ဇက်ရဲ ဆက်လက်ကျူးလွန် ကြဦးမည်။ သို့ဖြစ်လျှင် ဥပဒေစိုးမိုးရေး ဆိတ်သုဉ်းနေမည်ဖြစ်ပြီး မည်သည့်အခါတွင်မျှ တရားမျှတမှုအပေါ်တွင် အခြေခံသည့် စစ်မှန် သော ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်ပေါ်မလာနိုင်ပါ။

ပြည်တွင်းနှင့် နယ်စပ်ဒေသများတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်ပါ မြန်မာနိုင်ငံရှိ နိုင်ငံတကာပြစ်မှုကြီးများ ကျူးလွန်လျှက်ရှိသော ရာဇဝတ်ကောင်များကို ဖော်ထုတ်အရေးယူ ရေး တောင်းဆိုလှုပ်ရှားမှုပြင်းထန်အားကောင်းလာလျှင် နိုင်ငံရေးအရ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအပေါ် များစွာဖိအားပေးရာရောက်ပါမည်။

ယင်းသို့ဖြစ်လာပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ နောက်တကြိမ်မဲခွဲ ဆုံးဖြတ်ရသည့် အခြေအနေရောက်ရှိပါက တရုတ်နှင့် ရုရှတို့ အနေဖြင့် မထောက်ခံသည်ထားဦး (ဆူဒန်နိုင်ငံ ဒါဖါးမှခင်းမှာကဲ့သို့) မဲမပေးဘဲ ကြားနေခြင်းဖြင့် လုံခြုံရေးကောင်စီ အဆင့်ကို ဖြတ်သန်းခွင့်ရနိုင်ခြေရှိသည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးက အရေးယူရေးအဆိုကို ကြီးငါးကြီးအနက် အနောက်ဒီမိုကရေစီ နိုင်ငံများဖြစ်သော ဗြိတိန်၊ ပြင်သစ် နိုင်ငံကြီး နှစ်နိုင်ငံကအားကောင်းကောင်း တင်သွင်းပြီး တရုတ်ပြည်က ကြားနေ နေမည်ဆိုလျှင် ရုရှတနိုင်ငံတည်း နအဖကို လူမှုနန်းခံကာ ကာကွယ်ရန် အကြောင်းမရှိပါ။ ဤတွင် တရုတ်ပြည်၏ အနေအထားမှာ အရေးကြီးလာသည်။ တရုတ်ပြည်သည် မည်သည့် အခြေအနေအောက်တွင်ဖြစ်စေ နအဖ အကျိုးစီးပွားအတွက် အသေအလဲခုခံကာကွယ်သွားလိမ့်မည်ဟု လေ့နံကားထစ်မှတ်ယူရန်မသင့်၊ ဖြစ်လည်းမဖြစ်နိုင်ပါ။ သို့ ရာတွင် မြန်မာနိုင်ငံအရေးအတွက် တရုတ်ပြည်ကို ချဉ်းကပ်ပုံလမ်းကြောင်းကိုမူ သတိထားရွေးချယ်သင့်သည်။

တရုတ်ပြည်ကို ချည်းကပ်ရန်လမ်းကြောင်းမှာ အဓိကအားဖြင့် ဥပဒေစိုးမိုးရေးရှုဒေါင့်မှ ဖြစ်သင့်သည်။ အတိအကျအားဖြင့် ပြောရလျှင် ဥပဒေစိုးမိုးရေးလမ်းကြောင်းမှာ ၁၉၇၅ ခုနှစ်နောက်ပိုင်းကစ၍ တရုတ်ပြည်ကိုယ်တိုင်လျှောက်လှမ်းခဲ့ပြီး ယနေ့အချိန်အထိ အောင်မြင်မှုရနေသော လမ်းကြောင်းဖြစ်သည်။ တရုတ်ပြည်သည် ဥပဒေစိုးမိုးရေးအခြေခံတွင် စျေးကွက်စီးပွားရေးကို အတိုင်းအတာနှင့်အညီ ကျင့်သုံးနိုင်ခဲ့သဖြင့် တိုင်းပြည်တည်ငြိမ်မှုနှင့် တိုးတက်မှုကို ခံစားနေရသည်။ တရုတ်ပြည်ကို ယနေ့အချိန်တွင် နိုးနေသော နဂါးကြီးအဖြစ် အသိအမှတ်ပြုလာရသည်။ မြန်မာနိုင်ငံ၌ နအဖ၏ အုပ်ချုပ်မှုအောက်တွင် မည်မျှအထိ ဥပဒေစိုးမိုးရေးကင်းမဲ့နေကြောင်းနှင့် နအဖ၏ အုပ်ချုပ်မှုယန္တရားကို မိမိတို့အနေဖြင့် ဥပဒေစိုးမိုးရေး အခြေခံဖြင့် မည်သို့ အစားထိုးပြီး (နအဖ မရှိသော်လည်း) တိုင်းပြည် တည်ငြိမ်အောင် နှင့် တိုးတက်ဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်ကြောင်းကို အခိုင်အမာပြသနိုင်ရန် ကြိုးပမ်းသင့်သည်။ မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးမှု ကင်းမဲ့သောကြောင့် ဖြစ်ပွားနေသော ပြည်တွင်းစီးပွားရေးမတည်ငြိမ်မှုနှင့် နိုင်ငံတကာအဆင့် ရာဇဝတ်မှုကျူးလွန်မှုများကို မီးမောင်းထိုးပြရန်ဖြစ်သည်။

နိုင်ငံတကာ ရာဇဝတ်မှုကျူးလွန်မှုများ နှင့်စပ်လျဉ်း၍ တရုတ်ပြည်၏ နောက်ခံသမိုင်းမှာလည်း စိတ်ဝင်စားဘွယ်ကောင်းသည်။ မြန်မာနိုင်ငံရှေနေများကောင်စီနှင့် တွဲဘက်လုပ်ကိုင်လျက်ရှိသော Global Justice Center ၏ သုတေသနပြုချက်အရ နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေများကို ချိုးဖောက်သဖြင့် နိုင်ငံတနိုင်ငံအပေါ် သို့မဟုတ် ၄င်း၏အာဏာပိုင်များအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရမည့် အနေအထားမျိုး ရှိလာသည့်အခါတိုင်း တရုတ်ပြည်သည် မည်သည့်အခါတွင်ကမျှ ပိတိုအာဏာသုံး၍ကန့်ကွက်ခဲ့ကူးခြင်း မရှိဟူ၍ဖြစ်သည်။ တနည်းအားဖြင့် ရာဇဝတ်ကောင်များကို အကာအကွယ်ပေးသည့် မူဝါဒကို တရုတ်ပြည်က မကျင့်သုံးဟူ၍ ဆိုလိုသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ပြစ်မှုကြီးများ၊ ဥပဒေမဲ့တရားမဲ့ပြုကျင့်မှုကြီးများကို အားလုံးပိုင်းဝန်းဖော်ထုတ်နိုင်လျှင် တရုတ်ပြည်သည် ကုလသမဂ္ဂကို ဦးဆောင်လျက်ရှိသော နိုင်ငံကြီးတနိုင်ငံအနေဖြင့် ၄င်း၏ဂုဏ်သိက္ခာကို ထိမ်းသိမ်းရေးဘက်က စဉ်းစားမည်ဟု

မျှော်လင့်သည်။ နအဖ ကို အသေအလဲ ခုခံကာကွယ်ပေးတော့မည်မဟုတ်ဟု ယူဆသည်။ သို့ရာတွင် ယခုအချိန်အထိမူ ဤရှုဒေါင့်မှ တင်ပြချက်မှာ များစွာပင် အားနည်းလျက် ရှိနေသေးသည်။ နိုင်ငံတကာ နိုင်ငံများရှိ အစိုးရ အများစုကြီးက လက်ခံလာနိုင်လောက်သည်အထိ တင်ပြနိုင်ခြင်း မရှိသေးပါ။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျှက်ရှိသော ပြစ်မှုကြီးများနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးအနေဖြင့် အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ လွှဲပြောင်းပေးအပ်ရေး ကြိုးပမ်းမှုမှာ များစွာခက်ခဲသော လုပ်ငန်းဖြစ်သည်ကို မငြင်းလိုပါ။ သို့ရာတွင်

(၁) နိုင်ငံတကာဥပဒေအရ လုံးဝဘောင်ဝင်သော ကြိုးပမ်းမှုဖြစ်သည်။

(၂) အလားအလာမရှိဟု မည်သူမျှ အခိုင်အမာမပြောနိုင်။ မမျှော်လင့်မှုတွေ ဖြစ်လာခဲ့တာရှိသည်။

၂၀၀၅ ခုနှစ် ဆူဒန် မှုခင်းတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတကာတရားရုံးသို့လွှဲခဲ့။

၂၀၀၇ ခုနှစ်၊ မေလ ၂၉ ရက် ဩစတြေးလျှနိုင်ငံ လေဘာပါတီက ယင်းအတိုင်းဆောင်ရွက်ရန် ကြေငြာချက်ထုတ်ခဲ့။

၂၀၀၇ ဇွန် အိုင်စီအာစီ မှ နအဖသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသည့် ဥပဒေကို ချိုးဖောက်သည့် မှုခင်းကြီးများကို ကျူးလွန်နေကြောင်း ထုတ်ပြန်ချက်ထုတ်ခဲ့။

၂၀၀၈ ဖေဖော်ဝါရီ ဩတီသျှအစိုးရ ရှေနေချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတကာဥပဒေအရ ဖြစ်နိုင်ခြေရှိသည်ကို အငြင်းမပွားခဲ့။ မေ ဩတီသျှအတိုက်အခံ တိုရီပါတီ ခေါင်းဆောင် ဒေးဗစ် ကင်မရွန်၏ တိုက်တွန်းချက်ပေါ်ထွက်လာခဲ့။

၂၀၀၈ မေ ဂျပန် နိုင်ငံ လွှတ်တော်အမတ်များနှင့် တွေ့ဆုံရာ၌ ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုရာ၌ အဓိက တွန်းအားပေး ဆောင်ရွက်ခဲ့သော အမတ်အချို့တို့၏ အားပေးမှုရရှိခဲ့။

၂၀၀၈ မေ ၂၂ ရက်နေ့တွင် ဥရောပသမဂ္ဂပါလီမန်မှနေ၍ နာဂစ်ဆိုင်ကလုံး ဖြစ်ရပ်ကြီးတွင်နအဖ၏ လျစ်လျူရှုမှုအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးသို့လွှဲပြောင်းပေးအပ် အရေးယူသွားရေးအတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးကို တွန်းအားပေးဆောင်ရွက်သွားရန်ဟူသော ဆုံးဖြတ်ချက်ကျခဲ့။

၂၀၀၈ မေ အပြည်ပြည်ဆိုင်ရာ လွှတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကြီးက မြန်မာနိုင်ငံအရှေ့ပိုင်းတိုင်းရင်းသားဒေသများတွင် ဖြစ်ပွားခဲ့သော ကျူးလွန်မှုကြီးများမှာ လူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှုမြောက်ကြောင်း အစီရင်ခံစာ ထုတ်ပြန်ခဲ့။

၂၀၀၈ ဇွန် အမေရိကန်ပြည်ထောင်စု ဒီမိုကရက်ပါတီ သမတလောင်းအဖြစ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ဘူးသည့် ဂျွန်ကယ်ရီက နအဖ ကျူးလွန်ခဲ့သော ပြစ်မှုကြီးများမှာ နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ရာရောက်မရောက် စစ်ဆေးပေးရန် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသို့တောင်းဆိုခဲ့။

ဤသို့အဆင့်ဆင့်တိုးတက်မှုများ ရရှိလာစဉ်မှာပင် ၂၀၀၈ ခုနှစ် ဇူလိုင်လ (၁၄)ရက်နေ့တွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး၏ ရှေ့နေကြီးက ဆူဒန် နိုင်ငံသမတ အုမ်မာအယ် ဘတ်ရှီး ယားသည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကို ချိုးဖောက်သည့် ပြစ်မှုကြီးများကို ကျူးလွန်ကြောင်းဖြင့် စွဲချက်တင်လိုက်ရာ တကမ္ဘာလုံးကို ရိုက်ခတ်သည့် သတင်းကြီး ဖြစ်သွားခဲ့သည်။ တိုင်းပြည်တခု၏ လက်ရှိအာဏာရ အမြင့်ဆုံးသမတကြီးတဦးကို နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးက တိုက်ရိုက် အရေးယူ တရားစွဲဆိုခြင်းမှာ ယခုတကြိမ်သည် ပထမဆုံးဖြစ်သည်။

ဆူဒန် နိုင်ငံသည် မြန်မာနိုင်ငံကဲ့သို့ပင် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးရောမဥပဒေကို လက်မှတ်ရေးထိုးအတည်ပြုထားခြင်းမရှိ။ မြန်မာနိုင်ငံမှာကဲ့သို့ပင် ဆူဒန်အစိုးရကို တရုတ်ပြည်နှင့် အခြားနိုင်ငံကြီးများ၏ ထောက်ပံ့မှုလွှမ်းမိုးမှုရှိသည်။ ယင်းသို့သောအခြေအနေအောက်၌ ယခုအခါ ဆူဒန်အစိုးရ၏ထိပ်သီးသမတကြီးကိုယ်တိုင်သည် ပင်လျှင် ရာဇဝတ်ကောင်အဖြစ် ရုံးတင်ခံရသောဘဝသို့ရောက်သွားပြီဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်းအဘယ်ကြောင့်ထိုသို့ မဖြစ်နိုင်ရမည်နည်းဟူ၍ အားတက်ဖွယ်ရာများလည်း အထင်အရှားပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။

ထိုအချိန်မှာပင် ဘော့စနီးယန်း ဆာ့ဗ် နိုင်ငံ၏ သမတဟောင်း၊ ထွက်ပြေးတိမ်းရှောင်နေသူ ရာဒိုဗန် ကရားဒစ်ကို ဖမ်းဆီးရမိပြီး ယခု ၂၀၀၈ ခုနှစ် ဂျူလိုင်လ (၃၁)ရက်နေ့ မှာပင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးသို့လွှဲပြောင်းပေးအပ်လိုက်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်လာရ ပြန်သည်။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာဥပဒေ အခြေခံတွင် ဆက်တိုက် အရေးယူဆောင်ရွက်လျက်ရှိသော ယင်းဖြစ်ရပ်များကို လေ့လာသုံးသပ်ခြင်းအားဖြင့် ဥပဒေ၏ အထက်တွင် မည်သူမျှ မရှိဟူသော ဥပဒေစိုးပိုးရေး တန်ဖိုးစံသည် ယနေ့ကမ္ဘာတွင် စတင်အကောင်အထည် ပေါ်လာ နေပြီဟု သုံးသပ်နိုင်သည်။ ၂၀၀၂ ခုနှစ် ဇူလိုင်လမှ စ၍ နယ်သာလင်နိုင်ငံ ဟိတ်မြို့တွင် တည်ရှိနေသော လွတ်လပ်သည့် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကြီးသည် နိုင်ငံတကာ နိုင်ငံများတွင်ကြီးမားသော ပြစ်မှုကြီးများကို ကျူးလွန်သည့် ရာဇဝတ်ကောင်များကို ဆက်တိုက်အရေးယူတော့မည့် ဝရဖိန်လက်နက်ကို ကိုင်စွဲထားသော သိကြားမင်းသဘွယ် တစတစ ပုံပေါ်လာပြီ ဖြစ်သည်။

မြန်မာနိုင်ငံတွင် အာဏာရ စစ်အုပ်စု ထိပ်သီးများအနက် နိုင်ငံတကာ ရာဇဝတ်မှုကြီး များကျူးလွန်ခဲ့၊ ကျူးလွန်ဆဲဖြစ်သော စစ်ခေါင်းဆောင်များကို နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးသို့တင်သွင်းနိုင်ရေး ကြိုးပမ်းရာတွင် အခက်အခဲများ များစွာရှိပါဦးမည်။ မြန်မာနိုင်ငံရှေ့နေ များကောင်စီ တဖွဲ့တည်း၊ သို့မဟုတ် အဖွဲ့အချို့မျှ ပူးပေါင်းဆောင်ရွက်ရုံဖြင့် ကြီးမားသော အရှိန်အဟုန်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် လုံလောက်သောဖိအား ပေးနိုင်ရန်၊

ဖြစ်နိုင်မည် မဟုတ်ပါ။ စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသားဆန့်ကျင်ရေး အခြေခံပေါ်တွင်၊ တရားမျှတမှု ရှာဖွေသွားရေးကို လိုလားမြတ်နိုးသော နိုင်ငံရေးပါတီများ၊ လူထုအဖွဲ့အစည်းများ၊ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်များ အားလုံးစုပေါင်းဆောင်ရွက်နိုင်ကြလျှင်မူ အောင်မြင်နိုင်ခြေများ ရှိနေပါသည်။ မည်သို့မည်ပုံ စနစ်တကျပူးပေါင်း ဆောင်ရွက်ကြမည်ကိုသာ စဉ်းစားသုံးသပ်ကြရန်နှင့် အချိန်မဆိုင်းဘဲ အမြန်ဆုံးအကောင်အထည်ဖော်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံ ရွှေနေများကောင်စီ **၂၀၀၈ ခုနှစ်၊ သြဂုတ်လ (၂၅)ရက်**

(Endnotes)

1 International Criminal Court
2 International Criminal Court
3 Rome Statue of the International Criminal Court
4 The Genocide Convention, The Geneva Convention
5 Crime Against Humanity
6 War Crime
7 Genocide

နအဖ စစ်ခေါင်းဆောင်များကို စစ်ရာဇဝတ်မှုဖြင့် နိုင်ငံတကာခုံရုံးတင်နိုင်
(ဆက်သွယ်မေးမြန်းချက်)

သဘင်းနင့်မှတ်တမ်းဌာန

ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှီးယားကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး(အိုင်စီစီ) ရှေ့နေချုပ်က တရားစွဲလိုက်တဲ့ဖြစ်ရပ်ကြောင့် မြန်မာစစ်ခေါင်းဆောင်တွေအတွက် စိုးရိမ်ပူပန်ရမယ့်အနေအထားဖြစ်နေပြီးလို့ မြန်မာ့အရေးကျွမ်းကျင်လေ့လာသူအများစုက သုံးသပ်နေကြပါတယ်။

ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီအပေါ် ပိတ်ဆို့အရေးယူဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မကြာသေးခင်က ဆွေးနွေးခဲ့ပေမယ့် တရုတ်နှင့်ရုရှတို့က ကန့်ကွက်လိုက်တာမို့ ပိတ်ဆို့အရေးယူမှု မအောင်မြင်ခဲ့ပါဘူး၊ ရောဘတ်မူဂါဘီနဲ့ ထပ်တူပျော်ရွှင်နေမည့်သူကတော့ မြန်မာစစ်ခေါင်းဆောင်တွေဖြစ်နိုင်တယ်လို့ မြန်မာ့အရေး လေ့လာသူတွေက ပြောပါတယ်။ ဒါပေမဲ့ ဆူဒန်သမ္မတကို တရားစွဲလိုက်တဲ့ဖြစ်ရပ်က အဲ့ဒီပျော်ရွှင်မှုတွေကို အဆုံး သတ်သွားစေတယ်လို့လည်း ပညာရှင်တွေက ယူဆပါတယ်။

မကြာသေးခင်က ဖြစ်ခဲ့တဲ့မုန်တိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေအပေါ် လျစ်လျူရှုထားမှုတွေအတွက်လည်း စစ်အစိုးရကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှာ စွဲဆိုနိုင်တယ်လို့ နိုင်ငံတကာဥပဒေပညာရှင်တွေ၊ နိုင်ငံရေးသမားတွေနဲ့ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတွေက ပြောနေပါတယ်။ မြန်မာစစ်အစိုးရအပေါ် စစ်ရာဇဝတ်မှုနဲ့ အရေးယူရေးကိစ္စနဲ့ပတ်သက်လို့ ဥပဒေပညာရှင် ဦးအောင်ထူးကို ဆက်သွယ်မေးမြန်းထားပါတယ်။

ဒီမိုကရက်တစ်မြန်မာ့အသံ

ဆူဒန်သမ္မတကို အိုင်စီစီ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှာ တရားစွဲဆိုလိုက်တဲ့ဖြစ်ရပ်ဟာ မြန်မာနိုင်ငံအပေါ် တစုံတရာ အကျိုးသက်ရောက်မှုရှိနိုင်ပါသလား။

ဦးအောင်ထူး

နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရှေ့နေချုပ်က ဆူဒန်နိုင်ငံသမ္မတ အိုမာအယ်လ်ဘာရှီးယားကို တရားစွဲဆိုအမှုတင်လိုက်တဲ့ကိစ္စဟာ ကျနော်တို့မြန်မာနိုင်ငံနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသွားနိုင်တယ်လို့ တင်ပြချင်ပါတယ်။

ဒီမိုကရက်တစ်မြန်မာ့အသံ

ဘာကြောင့်ဒီလိုပြောနိုင်တာလဲ၊ ဆူဒန်ရော၊ မြန်မာရော အိုင်စီစီ နိုင်ငံတကာသဘောတူ စာချုပ်မှာ ပါဝင်လက် မှတ်ထိုးတာမတွေ့ရပါဘူး၊ သဘောတူလက်မှတ်ထိုးထိုးမထိုးထိုး နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးမှာ တရားစွဲဆို နိုင်တဲ့သဘောကြောင့်လား၊

ဦးခေါင်းထူး

ဟုတ်ပါတယ်၊ လက်မှတ်ထိုးထားခြင်းမရှိတော့ ပြစ်မှုကျူးလွန်ခြင်းအပေါ်မှာ တိုက်ရိုက်အရေးယူတရားစွဲဆိုလို့မရပါဘူး၊ အဲ့တော့ ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ နိုင်ငံတကာငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးနေပြီဆိုရင် အဲ့ဒါကို ကိုင်စွဲပြီး နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲပေးပိုင်ခွင့်ရှိတယ်လို့ ဥပဒေမှာ အတိအလင်းဖော်ပြထားတယ်။ အဲ့ဒါကြောင့် လွှဲပေးခွင့်ရှိပါတယ်။

ဒီမိုကရက်တစ်မြန်မာ့စာသင်

ဆိုလိုတာက တရားဝင် သဘောတူလက်မှတ်ထိုးမထားတဲ့ နိုင်ငံတွေအတွက် အဲ့ဒီစီစီကနေတိုက်ရိုက်တော့ အရေးယူလို့မရဘူး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ခွင့်ပြုချက်နဲ့ အရေးယူတယ်ဆိုတော့ လုံခြုံရေးကောင်စီမှာ တရုတ်နှင့်ရုရှတို့က မြန်မာစစ်အစိုးရဘက်က အမြဲကာကွယ်ပေးနေတာ အားလုံးအသိပဲ၊ အဲ့တော့ ဆူဒန်လို ဖြစ်လာနိုင်ပါ့မလား။

ဦးခေါင်ထူး

အဲ့ဒီမေးခွန်းက အရေးကြီးတဲ့မေးခွန်းဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ ဆူဒန်နှင့် မြန်မာနဲ့က အဲ့ဒီကိစ္စမှာ သွားတူနေတယ်။ ဘယ်လိုသွားတူလဲဆိုတော့ တရုတ်ပြည်ဟာ ဆူဒန်ကနေပြီး အကျိုးခံစားခွင့် ရနေကြတယ်၊ အထူးသဖြင့် သဘာဝဓါတ်ဋ္ဌေနဲ့ပတ်သက်ပြီး ရနေတာဖြစ်တယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် တရုတ်အစိုးရက အခုတရားစွဲဆိုခံရတဲ့ ခါတ္တန်အစိုးရ–ဆူဒန်အစိုးရကို တလျှောက်လုံး ကျောထောက်နောက်ခံပေးခဲ့တာပဲ၊ နောက်ကရပ်တည်ပေးခဲ့တာပဲ၊ ဒါပေမဲ့ ဘယ်လိုဖြစ်လာလဲဆိုတော့ ဆူဒန်မှုခင်းမှာ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းကြီး ခုနှစ်ဖွဲ့လောက်ကနေပြီး တောက်လျှောက် ဆူဒန်မှာဖြစ်နေတဲ့ မှုခင်းတွေက ဘယ်လောက်ကြီးလဲဆိုတာကို ကမ္ဘာနဲ့အဝှမ်း စနစ်တကျ ဖော်ထုတ်လိုက်တဲ့အခါမှာ ဒီရာဇဝတ်မှုတွေက ပေါ်လာတယ်၊ အဲ့ဒီခါကျတော့ ဒီအစိုးရကို ကျောထောက်နောက်ခံပေးထားတာ ရာဇဝတ်သားနဲ့ မိတ်ဆွေဖွဲ့တဲ့သဘောဖြစ်သွားတယ်။ နိုင်ငံတကာမှာတော့ နိုင်ငံကြီးတွေ နိုင်ငံတကာဂုဏ်သိက္ခာရှိသွားတယ်၊ အဲ့ဒီအခြေအနေအရ လက်တွဲနိုင်တဲ့ အနေအထားမျိုးမရှိတော့တဲ့အတွက် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကို လွှဲသင့်မလွှဲသင့် မဲခွဲဆုံးဖြတ်တဲ့အခါကျတော့ တရုတ်နဲ့ရုရှက ဘီတိုအာဏာမသုံးဘဲ ကြားနေလိုက်တယ်။

ဒီမိုကရက်တစ်မြန်မာ့စာသင်

ဆူဒန်ကဖြစ်ရပ်ကြတော့ တရုတ်က ကြားနေပြီး မြန်မာ့အရေးမှာတော့ ဘာဖြစ်လို့ ဗီတိုသုံးပယ်ချရတာလဲ၊

ဦးခေါင်ထူး

နိုင်ငံရေးလုပ်ငန်းစဉ်တွေကို အဓိက အာရုံစိုက်တာများသွားတယ်၊ ဆိုလိုချင်တာက ၁၉၉၀ မေလ ရွေးကောက်ပွဲ ရလဒ် အတည်ပြုရေးတို့၊ နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေးတို့၊ စသည်ဖြင့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး ဒါတွေအားလုံးက ကျနော်တို့လက်ခံတဲ့၊ လူထုကလည်းလိုလားတဲ့ လုပ်ငန်းစဉ်တွေပဲ၊ ဒါတွေက အရေးကြီးတာတွေဖြစ်တယ်၊ သို့သော်

အဲ့ဒီအပေါ်မှာ သွားဖောင်းပေးတဲ့အခါကျတော့ ဒါတွေဟာ သက်ဆိုင်ရာတိုင်းပြည်ရဲ့ ပြည်တွင်းရေးတွေပဲ၊ ဒါသူ့ရဲ့ အမျိုးသား အချုပ်အခြာအာဏာအောက်မှာ ရှင်းရမည့်ကိစ္စဖြစ်တယ်။ နိုင်ငံတကာရဲ့ငြိမ်းချမ်းမှုနှင့် လုံခြုံမှုကို ထိပါးတဲ့အနေအထားမျိုးမရောက်ဘူး၊ ဒါကြောင့် ဒီကိစ္စက တော့ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကနေ မကိုင်တွယ်သင့်ဘူးလို့ တရုတ်တို့က ထောက်ပြပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ အရေးယူဆောင်ရွက်နိုင်တဲ့အဆင့်ကို မဆုံးဖြတ်ခဲ့တာဖြစ်တယ် လို့ လေ့လာခဲ့ရပါတယ်။

ဒီမိုကရက်တစ်မြန်မာ့အသံ

ဦးအောင်ထူးဆိုလိုတာက လုံခြုံရေးကောင်စီမှာ နိုင်ငံရေးခေါင်းစဉ်တွေဆိုတာထက် စစ်ခေါင်းဆောင်တွေ ကျူးလွန်တဲ့ရာဇဝတ်မှုတွေကိုပဲ ချပြ ဦးတည်ဆွေးနွေးနိုင်မည့် အခြေအနေကို ဖန်တီးရမယ်လို့ဆိုလိုတာလား။

ဦးဇော်ဝင်ထူး

ဟုတ်ပါတယ်၊

ဒီမိုကရက်တစ်မြန်မာ့အသံ

နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်နိုင်တဲ့ ရာဇဝတ်မှုတွေကို မြန်မာစစ်ခေါင်းဆောင်နဲ့ အခုတရားစွဲခံရတဲ့ ဆူဒန် သမ္မတ ဘယ်သူက ပိုပြီးကျူးလွန်နေတယ်လို့ဆိုရင် ဦးအောင်ထူး ဘယ်လိုရှင်းပြချင်သလဲ။

ဦးဇော်ဝင်ထူး

ဘယ်ဘက်ကိုမှ ဘက်လိုက်ပြီး အာဃာတနဲ့ပြောတာမဟုတ်ပါဘူး၊ ဥပဒေသမားတယောက်အနေနဲ့ ရိုးရိုးတင်ပြ တာဖြစ်တယ်၊ ကျနော်တို့ မှတ်တမ်းမှတ်ရာစုဆောင်းတာ အားကောင်းနေမယ်၊ ကျနော်တို့နိုင်ငံမှာဖြစ်တဲ့ မှုခင်း ကြီးတွေကိုသာ စနစ်တကျစုဆောင်းပြီး ပုံနှိပ်ထုတ်ဝေမှုတခုတည်းသာ စုပေါင်းဖော်ပြနိုင်ရင် ဖြစ်နေတဲ့ပြစ်မှုတွေက ဆူဒန်မှာဖြစ်တာထက် အများကြီးများပါတယ်။ ထောင်ထဲမှာဖြစ်တယ်၊ လမ်းပေါ်မှာဖြစ်တယ်၊ တိုင်းရင်းသားဒေသတွေမှာဖြစ်တယ်၊ ဖြစ်ပုံဖြစ်နည်းက အများကြီးပဲ၊ နောက်ဆုံးမှာ သံဃာ့လှုပ်ရှားမှုကို ရက်ရက်စက်စက် ဖြိုခွဲချ လိုက်တဲ့ကိစ္စကြီးတွေ၊ ဒါတွေဟာ လုံးဝငြင်းလို့မရတဲ့ အချက်တွေပါ။

တခုပဲ ကျနော်တို့ပြောရရင် ကလေးစစ်သားကိစ္စပါ။ ကလေးတွေကို အတင်းအဓမ္မဖမ်းဆီးပြီး တပ်ထဲသွင်း စစ်တိုက်ခိုင်းနေတာ၊ စစ်မှုထမ်းခိုင်းနေတာ တနိုင်ငံလုံးသိနေတယ်၊ သက်သေတွေ ပိုင်းစုကြမယ်ဆိုရင် ချက်ချင်းအများကြီးထွက်လာမယ်၊ ကလေးတွေကို အတင်းအဓမ္မ စစ်မှုထမ်းခိုင်းတဲ့ကိစ္စ တခုတည်းနဲ့ စစ်ရာဇဝတ်ကောင်လို့ပြောလို့ရတယ်၊ အဲ့ဒီ စစ်ရာဇဝတ်မှုတခုတည်းနဲ့ပဲ လက်ရှိ နအဖစစ်ခေါင်းဆောင်တွေ နိုင်ငံတကာတရားရုံးမှာ တင်လို့ရပါတယ်။

(မှတ်ချက်။ ။ ၁၆၊ ဇူလိုင် ၂၀၀၈ နေ့တွင် ဒီမိုကရက်တစ်မြန်မာ့အသံမှ ဆက်သွယ်မေးမြန်းချက်ကို မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ဖြေကြားချက်ကို ပြန်လည်တင်ပြ ခြင်းဖြစ်သည်။)

မုန်တိုင်းဒဏ်ခံစားနေရသော ပြည်သူများအား စနစ်တကျလျစ်လျူရှုထားသဖြင့် သေကြေပျက်စီးရခြင်းများသည် နိုင်ငံတကာရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာ ရောက်ကြောင်း သုံးသပ်တင်ပြချက်

၁။ ၂၀၀၈ ခုနှစ်မေလ (၈)ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့တွင် ဂျပန်လွှတ်တော်အမတ်အာဇူးမားကိုနို၊ People's Forum on Burma မှ ဂျပန်ရှေ့နေကြီးများဖြစ်သော Mr. Shogo Watanabe eSifh Ms. Sayaka Miyazawa / Human Rights Now အဖွဲ့ မှ Kazuko Ito / Joint Action Committee မှ လေးလေးတို့နှင့်အတူ မြန်မာနိုင်ငံရှေ့နေများ ကောင်စီအထွေထွေ အတွင်းရေးမှူးဦးအောင်ထူးသည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ သွားရောက်ကာ မုန်တိုင်းဒဏ်ခံစားနေရသော မြန်မာနိုင်ငံပြည်သူများအား အကူအညီပေး အပ်ရေးအတွက် မေတ္တာရပ်ခံခဲ့သည်။

၂။ လူသားချင်း စာနာထောက်ထားသော အကူအညီများကို မြန်မာနိုင်ငံပြည်သူများ အတွက် ပေးအပ်ရန် နိုင်ငံတကာမှ ကြိုးပမ်းရာ၌ တလျှောက်လုံး ပြဿနာများရှိခဲ့သည်။ ရှင်းလင်းသော လုပ်ငန်းစဉ်တရပ်အောက်တွင် စနစ်တကျဖွဲ့စည်းလုပ်ဆောင်မှုမရှိသဖြင့် အချိန်ကြန့်ကြာမှုများ၊ ကိုယ်ကျိုးသုံးမှုများ၊ တလွဲအသုံးပြုမှုများ မြောက်များစွာရှိခဲ့သည်။ သို့ဖြစ်၍အကူအညီများ ရသင့်သလောက်မရခဲ့သလို လူထုများသည်လည်း ခံစားခွင့် ရှိသင့်သလောက်မရှိခဲ့ပေ။ ယခုမုန်တိုင်း ဘေးဒဏ်ခံရရာတွင် အစိုးရရုံးဌာနများ၊ အဆောက်အဦများ ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးအတွက်အကူအညီကို နအဖက လက်ခံရယူသင့် သော်လည်း လူထုကြီးတရပ်လုံး ကယ်ဆယ်ကုသမှု၊ ပြန်လည်ထူထောင်မှု လုပ်ငန်းအဝဝ အတွက်အားလုံးကိုပါ နအဖက ချုပ်ကိုင်မည် ဆိုလျှင် သင့်လျော်မည် မဟုတ်ပါ။ ရေတို မဟုတ် ရေရှည် ပြဿနာလည်း ဖြစ်လာသည်။

၃။ သို့ဖြစ်၍ ဂျပန်အစိုးရနှင့်ဌင်း၊ နိုင်ငံတကာအနေဖြင့်ဌင်း ပေးအပ်ရန်ရှိသော အကူ အညီများကို မြန်မာနိုင်ငံလူထုအတွက် လက်ခံရယူရာ၌ နိုင်ငံတကာအဖွဲ့ အစည်းများနှင့် အစိုးရများမှ ကိုယ်စားလှယ်အချို့၊ နအဖကိုယ်စားလှယ်အချို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှင့် လူထုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်အချို့တို့ ပါဝင်သော ကော်မတီတရပ်ကို ဖွဲ့စည်း စေပြီးမှလက်ခံ၊ ဖြန့်ခွဲသုံးစွဲသင့်ကြောင်းဖြင့် နအဖကို တိုက်တွန်းရန် ဂျပန်အစိုးရအား တင်ပြ ခဲ့သည်။

၄။ လူထု၏အသက် ဘေးအန္တရာယ်ကို ထိခိုက်နိုင်မည့် အနေအထားများရှိပါလျက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားမှု၊ သတိပေးမှုများ မရှိခဲ့ခြင်း၊ ထိခိုက်မှုများ ရုတ်တရက် ကြုံလာ သောအခါတွင်လည်း ချက်ခြင်းအရေးယူ ဆောင်ရွက်မှု မရှိခြင်း စသည်တို့မှာ လူထုအပေါ် အစိုးရက တာဝန်ယူရမည့် ကာကွယ်စောင့်ရှောက်မှုကို တမင်ဥပက္ခာ ပြုထားရာရောက်သည်။ အကျိုးဆက်ကြောင့် လူထုအများကြီးမားသော သေကြေပျက်စီး နစ်နာမှုမှန်သမျှအတွက် အဖတွင် တာဝန်ရှိကြောင်းနှင့် နိုင်ငံတကာ ရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာရောက် ကြောင်း သုံးသပ်တင် ပြပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ နေ့စွဲ။ မေလ (၁၀) ရက် ၂၀၀၈ ခုနှစ်

ဒီပဲယင်းလုပ်ကြံမှု (၅) နှစ်မြောက် နှစ်ပတ်လည်နေ့ထုတ်ပြန်ချက်

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသောဖြစ်မှုကြီးများအပေါ် အရေးယူရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးသို့ လွှဲအပ်ပေးရန် မြန်မာနိုင်ငံရှေ့နေများကောင်စီကတောင်းဆိုခြင်း

၁။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေဖြင့် မြန်မာနိုင်ငံကိုသွားရောက်ခြင်း၊ ဒုက္ခသည်များ၏အရေးဆောင်ရွက်ခြင်း၊ ဒီပဲယင်းလုပ်ကြံမှုကြီးနှင့်ဆက်စပ်ပြီး ဖမ်းဆီးခံနေရ ဆဲဖြစ်သော ဒေါ်အောင်ဆန်းစုကြည်အတွက် ဝမ်းနည်းစကားပြောခြင်း၊ လွတ်အောင်လုပ်ပေး မည်ဟု ကတိစကားပြောခြင်းစသည်တို့အတွက် မြန်မာနိုင်ငံသားအားလုံးအနေဖြင့် ကျေးဇူးတင် ရမည်ဖြစ်သည်။ သို့ရာတွင် ဤမျှဖြင့်မလုံလောက်တော့ပါ။ ယာယီလွှတ် ပေးလိုက်ရုံဖြင့်လည်း လွှတ်၊ ဖမ်း သံသရာကြီးမှ ရုန်းထွက်နိုင်မည်မဟုတ်ပါ။ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို အတိအကျချိုးဖောက်ခံရခြင်းဖြစ်သည်။ ကုလ သမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၇၂၅ တွင် ပါရှိသော အမျိုးသမီးများ၏ အခွင့်အရေး ထိရောက်စွာ အကာအကွယ်ရခွင့်ကိုလည်း ချိုးဖောက်ခံရခြင်းလည်းဖြစ်သည်။ ယင်းတို့ကိုအခြေ ခံလျက် ဒေါ်အောင်ဆန်းစုကြည်၏မှုခင်းကို အရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲပြောင်းပေးပို့နိုင်သော အခွင့်အာဏာရှိသည့် အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တာဝန်လည်းရှိသည်။ ယင်းသို့ဆောင်ရွက်ရန်လည်း တောင်းဆိုသည်။

၂။ ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားခဲ့သည်မှာ (၅)နှစ် တင်းတင်းပြည့်ပြီဖြစ်သည်။ လုပ်ကြံမှု ကြီးကို ကျူးလွန်ခဲ့သော တာဝန်ရှိအာဏာပိုင်များကို ထိရောက်စွာအရေးမယူနိုင်ခဲ့ခြင်းမှာ အောက်ပါအကြောင်းများ ကြောင့်ဖြစ်သည်။

(၁) နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုကို ထိခိုက်မည်လားဟူသော စိုးရိမ်မှုများရှိခဲ့သဖြင့် ထိုစဉ်က ဒီပဲယင်းလုပ်ကြံမှုကြီးကို ထိရောက်စွာအရေးယူရေးအတွက် တညီတညွှတ် တည်း တောင်းဆိုရန် ကြိုးပမ်းရာ၌ အားနည်းချက်များရှိခဲ့သည်။

(၂) ပြည်တွင်းရှိ တရားစီရင်ရေးစနစ်မှာ လုံးဝလွတ်လပ်မှုကင်းမဲ့နေပြီး အုပ်ချုပ်သူစစ်အာဏာပိုင်များ၏ လက်ကိုင်တုတ်အဖြစ် အသုံးချခံရလျက်ရှိသည်။

(၃) နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဥပဒေကို မြန်မာနိုင်ငံက အတည်ပြုလက်မှတ် ရေးထိုးထားခြင်း မရှိသဖြင့် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက တိုက်ရိုက်အရေးယူ နိုင်ခြင်းမရှိပေ။

၃။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကြီးမှာ ကမ္ဘာတွင် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့ မှ စတင်ပေါ်ပေါက်ခဲ့သည်။ ထိုတရားရုံးပေါ်ပြီးနောက်ပိုင်း ၂၀၀၃ ခုနှစ်၊ မေလ(၃၀) ရက်နေ့တွင် ဒီပဲယင်းလုပ်ကြံမှုကြီးဖြစ်ပွားခဲ့သော်လည်း အထက်ပါအခြေအနေများကြောင့် အရေးမယူ နိုင်ခဲ့ရခြင်း၏ အကျိုးဆက်အနေဖြင့် ပြစ်မှုကျူးလွန် သူများသည် ပိုမိုလက်ရဲ၊ ဇက်ရဲ ဖြစ်ကာ

နောက်ထပ်ပြစ်မှုကြီးများကို တခုပြီးတခု ကျူးလွန်လျက်ရှိသည်။ တကမ္ဘာလုံးက စောင့်ကြည့်နေသည့်အကြားမှပင် စက်တာဘာ ၂၀၀၇ ခုနှစ်တွင် တည်ဆဲဥပဒေအားလုံးကို ချိုးဖောက်ပြီး သံဃာတော်များကို ဖမ်းဆီး၊ ဖိနှိပ်၊ သတ်ဖြတ်ခဲ့သည်။ ပြစ်မှုကြီးများကို ကျူးလွန်ခဲ့ကြသူများအပေါ် တစုံတရာထိရောက်စွာ အရေးမယူနိုင်သမျှကာလပတ်လုံး၊ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည်မှာ မည်သည့်အခါတွင်မျှ ဖြစ်လာမည်မဟုတ်။ ဟန်ဆောင်တွေ့ဆုံဆွေးနွေးမှုများနှင့် အပေါ်ယံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည်များမှာလည်း ကာလမကြာမီ ပျောက်ဆုံးသွားမည်ဖြစ်သည်။

၄။ မြန်မာနိုင်ငံတွင် ဖြစ်ပွားကျူးလွန်ခဲ့သော ပြစ်မှုကြီးများအပေါ် နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး အနေဖြင့် အရေးယူဆောင်ရွက်ရန်အလားအလာကို တဖြေးဖြေးပို၍တွေ့လာရသည်။ ဆူဒန်နိုင်ငံမှာ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဥပဒေကို လက်မှတ်ထိုးမထားသော်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ လွှဲအပ်မှုဖြင့် ယင်းတွင်ဖြစ်ပွားသော ပြစ်မှုကြီးများကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက ၂၀၀၅ ခုနှစ်မှစ၍ အရေးယူဆောင် ရွက်လျက်ရှိပြီဖြစ်သည်။ ၂၀၀၇ ခုနှစ်၊ မေလ (၂၉)ရက်နေ့တွင် မြန်မာနိုင်ငံမှခင်းများကို ယင်းသို့ဆောင်ရွက် သင့်ကြောင်း ဩစတြေးလျှနိုင်ငံ လေဘာပါတီ (ယခုအာဏာရပါတီ)က တိုက်တွန်းခဲ့သည်။ အလားတူ တိုက်တွန်းချက်မျိုးကို ဥရောပသမဂ္ဂပါလီမန်က မကြာသေးမီ ၂၀၀၈ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ဤသည်မှာ နိုင်ငံတကာအဆင့်အနေဖြင့် အရေးယူဆောင်ရွက်နိုင်မည့် အလားအလာ ရှိလာပြီးဖြစ်ကြောင်း ကောင်းမွန်သည့် သက်သေခံချက် များဖြစ်သည်။

၅။ ဒေါ်အောင်ဆန်းစုကြည်ကို ယခုလက်ရှိချုပ်နှောင်ထားမှုသည် ယခင်ချုပ်နှောင်ခံရမှုများနှင့် လုံးဝပင် ကွဲပြားခြားနားသည်။ ဒီပဲယင်းလုပ်ကြံမှုကြီးတွင် ခံလိုက်ရသူများအနက် တဦးအနေဖြင့် ချုပ်နှောင်ခံ ရခြင်းဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်သူများ၏ အန္တရာယ်မှကာကွယ်သည့်ဥပဒေအရ အရေးယူခံရခြင်းမျိုးမဟုတ်ဘဲ ဒီပဲယင်း၏ နောက်ဆက်တွဲအဖြစ် ထပ်ဆင့်ပြစ်မှုကျူးလွန်ခံနေရခြင်းဖြစ်သည်။ အဆိုပါ ဥပဒေအရ ငါးနှစ် ချုပ်နှောင်ထားပြီးလျှင် မုချလွှတ်ရမည် ဖြစ်ပါလျှက် မလွှတ်ခြင်းမှာ ယင်းအကြောင်းခံကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ဒေါ်အောင်ဆန်းစုကြည်မှုခင်းကို ပြည်တွင်းဥပဒေအရ သုံးသပ်ရုံနှင့် မလုံလောက်တော့ခြေ။ သူမ သေဆုံးကွယ်လွန်သည့်တိုင် တနှစ်ပြီးတနှစ် ဆက်လက်ချုပ်နှောင်ခံနေရမည်ဖြစ်ပြီး၊ နိုင်ငံတကာဖိအား ကြောင့်ပြန်လွှတ်ပေးပြန်လျှင်လည်း လပိုင်းတချို့ အတွင်းမှာပင် ထပ်မံချုပ်နှောင်ခံရပြန်ဦးမည်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေအားလုံးကို ဆန့်ကျင်ချိုးဖောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးချင်သလိုဖမ်းဆီး၊ လွှတ်ချင်သလိုလွှတ် လုပ်ဆောင်သည်များအပေါ် အပြီးအပိုင်ရပ်တန့်ရန် နိုင်ငံတကာဥပဒေအရ သုံးသပ်အရေးယူခြင်းသည်သာလျှင် တခုတည်းသော နည်းလမ်းဖြစ်တော့သည်။

၆။ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးဥပဒေ ပုဒ်မ (၇) **လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်သည့်ပြစ်မှု** အပိုဒ် (၁) ပုဒ်မခွဲ (ဇ)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

ဖမ်းဆီးချုပ်နှောင်ခြင်း (သို့) နိုင်ငံတကာဥပဒေအခြေခံများကို ချိုးဖောက်၍ လူတယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်များကို ပြင်းထန်စွာဆုံးရှုံးစေခြင်း။ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးချုပ်နှောင်ခြင်းမှာ သာမန်လူတဦးကို ဖမ်းဆီးချုပ်နှောင်သလို စဉ်းစားလို့မရနိုင်ပါ။ ဒေါ်အောင်ဆန်းစုကြည်လို ကမ္ဘာသိထင်ရှားသည့် အမျိုးသားခေါင်းဆောင်တဦးကို ပြည်တွင်းရှိတည်ဆဲဥပဒေများအားလုံးကို ဆန့်ကျင်ပြီး ဖမ်းပြလိုက်ခြင်းဖြင့် တနိုင်ငံလုံးရှိ လူထုတရပ်လုံးကို ထိတ်လန့်ခြောက်ခြားသွားစေသည့် မှုခင်းကြီးကို ကျူးလွန်ခြင်းဖြစ်သည်။ နိုင်ငံတကာဥပဒေအရအရေး ယူဆောင်ရွက်နိုင်သည့်အဆင့်သို့ ရောက်သွားခြင်းဖြစ်သည်။ ယင်းအခြေခံပေါ်တွင် ထုံးဖွဲ့ထားသော နိုင်ငံတကာစီရင်ဆုံးဖြတ်မှုများလည်းရှိနေသည်။

၇။ သို့ဖြစ်၍ ပြည်တွင်းပြည်ပရှိ တရားမျှတမှုကိုလိုလားသော ပြည်သူများ၊ အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဥပဒေပညာရှင်များ အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာရုံသာမက လွတ်၊ ဖမ်း သံသရာကြီးမှ အပြီးအပိုင် အဆုံးသတ်သွားရေးအတွက် နိုင်ငံတကာပြစ်မှုကြီးကို ကျူးလွန်လျှက်ရှိသော နအဖ အာဏာပိုင်များအား နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးမှ အရေးယူဆောင်ရွက်သည့် အဆင့် အထိရောက်ရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
၂၀၀၈ ခုနှစ်၊ မေလ (၂၉)ရက်

မြန်မာ့အရေးနှင့် လူသားဖြစ်မှုကိုဆန့်ကျင့်သောပြစ်မှု (ဆွေးနွေးသုံးသပ်ချက်)

သတင်းနှင့်မှတ်တမ်းဌာန

ဘီဘီစီ

ကျွန်တော်ပထမမေးချင်တာကတော့ Crime against humanity ဆိုတာကို ဥပဒေကြောင်းအရ ဘယ်လိုအဓိပ္ပါယ်ဖွင့်ဆိုမလဲ ခင်ဗျ။

ဦးအောင်ထူး

ဗမာလိုပြောရင်တော့ လူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှုဖြစ်တယ်။ အဲ့ဒါရဲ့ ဆိုလိုချက်အရတော့ မည်သည့်အရပ်သားလူထုကိုမဆို ရည်ရွယ်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ်စနစ်တကျ စီစဉ်ကျနစွာ တိုက်ခိုက်တဲ့ လုပ်ရပ်မျိုးကိုဆို လိုတာဖြစ်တယ်။

ဘီဘီစီ

Crime against humanity ဟာပြည်ပပြောနေသလို မြန်မာပြည်မှာမုန်တိုင်း ဒဏ်ခံရပြီးတော့ လူတွေဟာ နောက်ထပ်သေဆုံးမှုတွေရှိတာဟာ အဲ့သလိုကျူးလွန် ရာရောက်တယ်လို့စွပ်စွဲတယ်လေ။ အဲဒါရော ဥပဒေရှုထောင့်အရဆိုဟုတ်လား။

ဦးအောင်ထူး

အခုကျွန်တော်တို့လက်ရှိနိုင်ငံတကာက ထောက်ပြနေတဲ့ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုကိုကျူးလွန်ရာရောက်တယ်ဆိုတဲ့ကိစ္စကို ဒီနာဂစ်မုန်တိုင်း ရဲ့လက်ရှိအပေါ်မှာ

နအဖက ဆောင်ရွက်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ရည်ညွှန်း ပြောဆိုတဲ့ ပုဒ်မခွဲ (၂)ခုရှိပါ တယ်။ တစ်ခုကဘာလဲဆိုတော့ တမင်ရည်ရွယ်ပြီးတော့ကြီးစွာခံစားမှုဖြစ်စေခြင်း သို့မဟုတ် စိတ်ဓာတ်ရေးရာအရသော်လည်းကောင်း ခန္ဓာကိုယ်အရသော်လည်းကောင်းပြင်းစွာ အနာတရဖြစ်စေခြင်းဆိုတဲ့အောက်မှာ အကျုံးဝင်တယ်လို့ တချို့ဥပဒေပညာရှင်တွေက သုံးသပ် တယ်။ တချို့ဥပဒေပညာရှင် တွေကတော့ ဒီပုဒ်မအောက်မှာဘဲ မျိုးပြုတ်ခြင်းဆိုတဲ့ အောက်မှာ အကျုံးဝင်တယ်။ ဘယ်လိုလဲဆိုတော့ လူအများ အသက်ရှင်နေထိုင်ခြင်းကို တမင်တကာ ထိခိုက်ခံစား စေခြင်းဖြစ်တယ်။ လူအချို့ကို ပျက်စီးဆုံးပါးစေရန် ရည်ရွယ်ပြီးတော့ ထိုသူတို့ကို အစာရေစာနှင့် ဆေဝါးရရှိနိုင်သော အခွင့်အရေး ဆုံးရှုံးစေခြင်းဖြစ်တယ်လို့ဥပဒေက ဖွင့်ဆိုထား တယ်။ ဒါကြောင့် မျိုးဖြုတ်ခြင်းဆိုတဲ့အောက်မှာ လက်ရှိနအဖရဲ့ လုပ်ဆောင်ချက်တွေဟာ လူသားဖြစ်မှုကိုဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုမြောက်တယ် လို့ ဥပဒေပညာရှင်တွေကနေ ထောက်ပြနေခြင်းဖြစ်တယ်။

ဒီဒီစီ

နအဖက အဲ့လို Crime against humanity ဆိုတဲ့ အစာရေစာပြတ်လပ်မှုတွေကို လူတွေကို အချိန်မီမပို့နိုင်တဲ့အတွက် ကျူးလွန်ရာရောက်တယ်လို့ပြောတော့ ဦးမင်းလွင်ဦးကရော ဒီအပေါ်မှာ ဘယ်လိုဝေဖန်သုံးသပ်လဲ။

ဦးမင်းလွင်ဦး

အပြည်ပြည်ဆိုင်ရာ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေအရ ပြောမယ်ဆိုရင်တော့ ပြောလို့ရ ပါတယ်။ ကျွန်တော့ အနေနဲ့အဓိကထားပြီး ပြောချင်တာကတော့ ဒီနိုင်ငံသားတွေအပေါ်မှာ အုပ်ချုပ်တဲ့ အစိုးရကနေပြီးတော့ဒီနိုင်ငံသားတွေအပေါ်မှာ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးဖို့ အဓိကတာဝန် ရှိတာဖြစ်တယ်။ အဲ့တော့နိုင်ငံသားတွေသဘာဝဘေးအန္တရာယ်ကြုံဆုံရလို့အခက်အခဲမျိုးစုံကြုံတွေ့ရတဲ့ အခါမှာလည်း ရင်ဆိုင် ဖြေရှင်းပေးရမယ့်ဟာက နိုင်ငံတော် အစိုးရမှာ အဓိကတာဝန်ရှိတာ ဖြစ်တယ်။ အဲ့တော့ နိုင်ငံတော်အစိုးရနေပြီးတော့ ဒီကိစ္စမှာ ထိုက်သင့်တဲ့ သတိပြုမှုဆောင်ရွက်ခြင်းမရှိဘဲနဲ့ လျစ်လျူရှုတဲ့ကိစ္စကတော့ အစောကပြောတဲ့ ပြစ်မှုမြောက်တဲ့ လျစ်လျူရှုမှုပဲဖြစ်တယ်ဆိုတာကို ကျွန်တော့အနေနဲ့ ထပ်ပြီးတော့ ပြောချင်ပါတယ် ခင်ဗျား။

ဒီဒီစီ

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ရှိရင် ဥပဒေကြောင်းအရ အရေးယူလို့ရတဲ့ အပိုင်းလား။

ဦးမင်းလွင်ဦး

မြန်မာနိုင်ငံအတွင်းမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအရတော့ ဒီလိုမျိုးကိစ္စရပ်တွေမှာ အရေးယူဆောင်ရွက် နိုင်ခြင်းရှိဖို့သိပ်လွယ်မယ့်ကိစ္စရပ်တော့မဟုတ်ပါဘူး။ အဲ့တော့တခါ ဒီလိုမျိုးလူသားခြင်းစာနာမှုကို ကျူးလွန်ဖောက်ဖျက်တဲ့ ကိစ္စရပ်တွေမှာကြတော့ နိုင်ငံတကာ ဥပဒေတွေစံချိန်စံညွှန်းတွေနဲ့အညီ တရားစွဲဆိုခြင်းပြုမယ် ဆိုရင်တော့ ဖြစ်နိုင်မယ့် အခြေအနေရှိတယ်လို့ ကျွန်တော်တို့သိရတယ်။ ဒါပေမယ့်လည်း အဲ့ဒီလိုမျိုးဖြစ်နိုင်ဖို့ဆိုတာက ဒီနိုင်ငံတကာဥပဒေကို ကျွန်တော်တို့အစိုးရကပြည်တွင်းဥပဒေလိုမျိုးလိုက်နာကျင့်သုံးမလား ဒါမှမဟုတ်လို့ရှိရင် နိုင်ငံတကာ ဥပဒေကို ပြည်တွင်းဥပဒေနဲ့မဆန့်ကျင်သရွေ့လက်ခံကျင့်သုံးတဲ့ အဆင့်မှာရှိသလား အဲ့ဒီ နှစ်ခုစလုံးမရှိဘူးဆိုလို့ရှိရင် ကျွန်တော်တို့ဘာဆက်လုပ်ရမလဲ။ အဲဒါကိုကျွန်တော်တို့ စဉ်းစားရမယ့် အခြေအနေ ဖြစ်ပါတယ်။ အဲ့တော့ အဲ့ဒီနှစ်ချက်စလုံးကို လိုက်နာကျင့်သုံးခြင်းလည်း မရှိဘူး ပြည်တွင်းဥပဒေ မဆန့်ကျင် သရွေ့လည်းလက်ခံကျင့်သုံးတာ မရှိဘူးဆိုတာကို ကျွန်တော်တို့တွေ့ရတယ်။ အဲ့တော့ အဲ့ဒီမှာတော့ နဲနဲ အခက်အခဲ ဖြစ်မယ့်အခြေအနေရှိတယ်လို့ ကျွန်တော်ကတော့မြင်တယ်။

ဒီဒီစီ

ဒီပြဿနာဟာ ဒီနိုင်ငံတကာ ဥပဒေနဲ့ ညှိတယ်ဆိုရင် ဘယ်သူကအရေးယူမှာလဲ ဘာဆက်လုပ်လို့ရလဲ ခုနက အခက်အခဲရှိတယ်လို့တော့ ဦးမင်းလွင်ဦးကပြောတယ်လေ။ ဦးအောင်ထူးလေ့လာထားတာပြောပါဦး။

ဦးခေါင်ထူး

နိုင်ငံတကာ ဥပဒေနဲ့ပြည်တွင်းဥပဒေ အခြေခံကပြောမယ်ဆိုရင်တော့ အခြေခံအားဖြင့် ကိုမင်းလွင်ဦး ပြောတာမှန်ပါတယ်။ သို့သော်သက်ဆိုင်ရာတိုင်းပြည်တစ်ခုကနိုင်ငံတကာဥပဒေတရပ်ကို လက်မှတ်ထိုးမထား သော်ငြားလည်းဘဲ လေးစားလိုက်နာရမယ့်တာဝန်တွေတဖက်ကရှိတယ်။ နောက်တခုက အခုကျွန်တော်တို့ ပြောနေတဲ့ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှုက ဒီသဘောလက္ခဏာတွေ ရာနှုန်းပြည့် စဉ်းစားလို့မရနိုင်ဘူး။ ဘာကြောင့်လည်းဆိုတော့ လက်ရှိ ၂၀၀၂ ခုနှစ်မှာပေါ်လာတဲ့ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး ဥပဒေရဲ့ ပြဋ္ဌာန်းချက်အရဆိုရင်တော့ အခြေခံအရစစ်မှန်တဲ့ သက်ဆိုင်ရာတိုင်းပြည်က ဒီနိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး ဥပဒေကို လက်မှတ်ရေးထိုးထားရုံသာမကပဲ အတည်ပြုထားမှာဖြစ်တယ်။ သို့သော် အတည်ပြုမထား သော်ငြားလည်းပဲ ဒီနိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ဥပဒေနဲ့ကိုင်ပြီးတော့ အရေးယူလို့ရတဲ့ အခြေအနေရှိလာတယ်။ အဲ့ဒါက ဘယ်အခါလဲဆိုတော့ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အခန်း (၇) မှာပါတဲ့ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ထိပါးလာတဲ့အောက်မှာ ဖြစ်ပြီလို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဆုံဖြတ်တဲ့အခါမှာ သုံးသပ်တဲ့ အခါမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီမှုခင်းကြီးကို အရေးယူဆောင်ရွက်ပါဆိုပြီးတော့ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးကို လွှဲအပ်ပေးမယ်ဆိုရင် ဒီဥပဒေနဲ့အညီ နိုင်ငံတကာ တရားရုံးမှာ အရေးယူ ဆောင်ရွက်ပိုင်ခွင့်ရှိသွားပြီ။ အဲ့လိုရှိတဲ့ သာဓကမျိုးတွေလဲ ရှိလာနေပြီ။ အတိအကျ ပြောမယ်ဆိုရင် ၂၀၀၅ ခုနှစ်ကနေ စပြီးတော့ ဆူဒန်နိုင်ငံမှာ ဒီဆူဒန်နိုင်ငံဟာ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားဥပဒေကို လက်မှတ်ထိုး အတည်ပြု မထားသော် လည်းဘဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီက လွှဲအပ်ပေးတာကြောင့် ကနေ့ဆိုလို့ရှိရင် ဒီဆူဒန်နိုင်ငံက ဝန်ကြီးအဆင့်တွေ ထိပ်ပိုင်းခေါင်းဆောင်အဆင့်တွေ ဟာတရားခံစာရင်းထဲရောက်နေပြီးတော့ ဝရမ်းထုတ်ထားရတဲ့ အခြေအနေကို ရောက်နေပါပြီ။

ဘီဘီစီ

အခုမြန်မာနိုင်ငံကြတော့ရော ဒီကိစ္စနဲ့ဘယ်လို ဆက်နွယ်နေလဲ ဦးမင်းလွင်ဦးခင်ဗျာ။

ဦးမင်းလွင်ဦး

ဆူဒန် ဒါဖား ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်နည်းနည်းထပ် ရှင်းပြချင်ပါတယ်။ အစောကပြောသလိုမျိုး ဆူဒန်ဒါဖာဒေသတွေမှာ လူတော်တော်များများသေတယ်။ ပြောရမယ်ဆိုရင် နှစ်သိန်းကျော်သေတယ်။ နှစ်သန်းကျော်အိုးမဲ့အိမ်မဲ့ဖြစ်တယ်။ နောက်ပြီးတော့ လက်နက်ကိုင်ပဋိပက္ခဖြစ်တယ် လူမျိုးရေးအသွင်ဆောင်ပြီးတော့ လူမျိုးတုန်းသတ်ဖြတ်မှုကို ဦးတည်လာတာဖြစ်တယ်။ ဒါကြောင့် နိုင်ငံတော်တော်များများက အစိုးရတွေကိုယ်တိုင်ကနေပြီးတော့ဒီ ICC နိုင်ငံတကာရာဇဝတ်မှုခုံရုံးကိုစာရေးပြီးတော့ တောင်းဆိုခဲ့တာတွေရှိတယ်။ အစောတုန်းက ကိုအောင်ထူးပြောသလိုပဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီရယ် နောက်အဖွဲ့ဝင်နိုင်ငံတွေရယ် အတွင်းရေးမှူးချုပ်တွေကိုယ်တိုင်ကိုက စာရေးပြီးတော့ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးကဒီကိစ္စကို ကိုင်တွယ်ဆောင်ရွက်ဖို့သင့်ပြီ ဆိုပြီးတော့ အာဏာကုန်လွှဲအပ်ပြီးတော့ ဆောင်ရွက်စေတာဖြစ်တယ်။ ဒါက လက်နက်ကိုင် ပဋိပက္ခ နဲ့စပ်လျဉ်းပြီတော့ ပေါ်ပေါက်လာတဲ့ ပြဿနာဖြစ်တယ်။ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းမှာကြတော့ ဒီလိုမျိုးနဲ့နဲနဲကွာခြားတာကို

ကျွန်တော်တို့တွေ့ရှိရတယ်။ ဘာဖြစ်လို့လဲဆိုတော့သဘာဝဘေးအန္တရာယ်ကြုံ တွေ့ပြီးတော့ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးရတာဖြစ်တယ်။ နောက်ပြီးတော့ တခါဒီလိုမျိုးရာဇဝတ်မှု မြောက်တဲ့လျစ်လျူရှုမှု ကိုလုပ်တယ်ဆိုတာကို သက်သေအထောက်အထား ခိုင်ခိုင်မာမာပြနိုင်ဖို့ အတွက် ကျွန်တော်တို့မှာ လိုအပ်တဲ့အထောက်အထားအများကြီးလိုပါတယ်။ ဘယ်လိုအခြေ အနေတွေမှာဘယ်လိုလျစ်လျူရှုမှုကြောင့်မုန်တိုင်းကအသက်ရှင်ကျန်ရစ်ခဲ့ပြီးတော့မှဒီအကူ အညီတွေမရတဲ့အတွက်ကြောင့်ဘယ်လိုသေဆုံးတယ်ဆိုတာကို ကျွန်တော်တို့ဘက်က အခိုင်အမာထောက်ပြနိုင်ဖို့လိုတယ်။သက်သေထွက်ချက်တွေပေးနိုင်ဖို့လိုတယ်။ အချက်အ လက်တွေရှာဖွေဖို့လိုတယ်။ ဒါကြောင့်ဒီကိစ္စဟာအလွယ်တကူမဖြစ်နိုင်ဘူး။ အလွယ်တကူတော့ ဖြစ်လာလိမ့်မှာ မဟုတ်ဘူးဆိုတာကို ပြောရခြင်းဖြစ်တယ်။

ဘီဘီစီ

ပြည်တွင်းမှာကတော့တရားစွဲဖို့ဆိုတာ အခုတိုင်းဆွေးနွေးတဲ့ အချက်တွေအရ သိပ်ပြီး တော့မလွယ် ဘူးအဲ့ဒီတော့ ကုလသမဂ္ဂကရော အခုချိန်ထိ ဘာတွေဆက်လုပ်နေလဲ။

ဦးအောင်ထူး

လိုအပ်တဲ့သက်သေအထောက်အထား အသေးစိပ်တွေရှာဖို့ လိုတယ်ဆိုတာ ကျွန်တော် လက်ခံတယ်။ ဒါကအမြင်မကွာဘူး သို့သော်ကျွန်တော်တို့ခုပြောနေတဲ့ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှုတခု သဘာဝဘေးအန္တရာယ်ကျရောက်လာတဲ့ ကိစ္စတစ်ခုတည်းနဲ့ စဉ်းစားလို့မရဘူး။ အဲ့တော့ ဒါနဲ့ပတ်သက်ပြီးတော့ အစိုးရရဲ့တာဝန်တွေဆိုတာရှိတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်ထဲမှာလည်းပါတယ်။ အစိုးရဟာ သူ့နိုင်ငံသားတွေရဲ့ လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ဖို့တာဝန်ရှိတယ်။ အဲ့ဒီတာဝန်မကျေပွန်ဘူး။ မကျေပွန်တဲ့ ကိစ္စဟာ ဒီသဘာဝဘေးအန္တရာယ်ဖြစ်လာမှ မဟုတ်ဘူး။ ဥပမာ ဒီပဲယင်း ဖြစ်ခဲ့တယ် နောက် တခါ ရွာတွေကို ရာနဲ့ ထောင်နဲ့ချီပြီးရွှေ့ပြောင်းတာတွေလုပ်ခဲ့တယ်။ သံဃာတော်တစ်ခုလုံးကို အကြီးအကျယ် နှိပ်ကွပ်မှုတွေဖြစ်ခဲ့တယ်။ အများကြီးကျွန်တော်တို့ဖြစ်ခဲ့တာတွေရှိတယ်။ အခုကျွန်တော်တို့ပြောနေတဲ့အခြေခံအချက်အလက်က ပထမတစ်ချက်က အစိုးရတွေမှာရှိတဲ့ တာဝန်ကို ကျေပွန်ဖို့ အဲဒါနိုင်ငံသားတွေလုံခြုံဖို့ကိုပါတခါတည်း စောင့်ရှောက်ရမှာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာဖြစ်နေတဲ့ အခြေအနေကို ဆူဒန်နဲ့နှိုင်းယှဉ်ရင်တော့ သာမန်အားဖြင့် ကြည့်ရင်တော့ ဆူဒန်မှာ သေတဲ့လူဦးရေ ၁–သိန်းကျော်ကို တနေရာထဲမှာပြလို့ရတာဆိုတော့ အကောင်အထည်နဲ့မြင်ရတယ်။ တချိန်ထဲမှာ ကျွန်တော်တို့နိုင်ငံမှာဖြစ်ခဲ့တဲ့ ပြစ်မှုကြီးတွေက တော့ ဟိုနေရာ ဒီနေရာတွေ မှာ အချိန်ခွဲပြီးတော့ တောက်လျှောက်ဖြစ်ခဲ့တဲ့ အခါကျတော့ တကယ်လို့သာလျှင် စနစ်တကျ Information ကို စုပြီးတင်မယ်ဆိုရင် ဆူဒန်ထက် အဆများစွာ များတဲ့လူဦးရေသေကြေမှုတွေ ကျွန်တော်တို့တွေ့ရမှာဖြစ်တယ်။ ဆူဒန်မှာဖြစ်ခဲ့တဲ့အနေ အထားတုန်းက နောက်ဆုံးလုံခြုံရေးကောင်စီက ဘာကြောင့် ဒါကို လွှဲအပ်နိုင်လဲဆိုရင် ကမ္ဘာမှာ ရှိတဲ့ ကြီးမားတဲ့ လူအခွင့်အရေး အဖွဲ့အစည်း (၇) ဖွဲ့လောက်က ကုလသမဂ္ဂလုံခြုံ ရေးကောင်စီ ကို တောက်လျှောက်လစဉ် Pressure ပေးတဲ့အခါမှာ နောက်ဆုံး ကုလသမဂ္ဂလုံခြုံရေးကောင်စီ က နေပြီးတော့ ICC ကိုလွှဲအပ်ပေးလိုက်ရတာ ဒီလိုအခြေအနေမျိုးကို ကျွန်တော်တို့လူတွေက စုစည်းပြီးတော့ တင်ပြနိုင်မယ်ဆိုရင် ဖြစ်လာလိမ့်မယ်လို့ကျွန်တော်တို့ကတော့ လုံးဝယုံကြည်

တယ်။

ဘီဘီစီ

ပြည်တွင်းမှာရှိနေတဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ အများကြီးရှိတယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့်လို့ ဒီကိစ္စတွေမှာ ဦးအောင်ထူးတို့ဘက်ကလည်း နိုင်ငံတကာမှာ တင်မယ် ဒီကိစ္စတွေကို ထုတ်ပြန်နေတယ်။ ဒါပေမယ့် အခုထက်ထိ ဘာမှဖြစ်မလာသေးဘူး အဲ့ဒါကြောင့်ရော ဘယ်လိုပြောမလဲခင်ဗျ။

ဦးဇောင်ထူး

၂၀၀၇ခုနှစ် မေလ ၂၉ ရက်နေ့မှာ သြစတေးလျှံနိုင်ငံရဲ့ လေဘာပါတီကနေပြီးတော့ မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ ကြီးမားတဲ့ပြစ်မှုတွေကို ICC ကိုလွှဲသင့်တယ်ဆိုတာကို ကျွန်တော်တို့ တရားဝင်အတိအကျ ထုတ်ပြန်သွားခဲ့တယ်။ အခု လေဘာပါတီဟာ သြစတေးလျှမှာ အစိုးရ ပါတီဖြစ်သွားပြီ သူတို့ကဒီရပ်တည်ချက်ကို ဆက်သွားလိမ့်မယ်လို့ ယူဆတယ်။ တချိန်ထဲမှာ ၂၀၀၈ ခုနှစ် မေလ ၂၂ ရက်နေ့ကတင်ပဲ ဥရောပပါလီမန်ကနေပြီးတော့ ပထမဦးဆုံးအကြိမ် ဆုံးဖြတ်ချက် ချလိုက်တယ်။ အဲ့ဒီဆုံးဖြတ်ချက်က ဘာလဲဆိုတော့ မြန်မာနိုင်ငံမှာ ဖြစ်နေတဲ့ကိစ္စ ရပ်တွေကို အထူးသဖြင့် ဒီလေဘေးမှာဖြစ်နေတဲ့ကိစ္စတွေလို ကိစ္စရပ်တွေဟာ ICC ကိုလွှဲသင့် တယ်ဆိုတာကို အတိအလင်း ပါလာနေပြီ။ တောက်လျှောက် ဒီဥစ္စာ လမ်းကြောင်းပေါ်တော့ ပေါ်လာနေပြီလို့ ကျွန်တော်တို့ပြောလို့ရတယ်။

ဘီဘီစီ

ဦးမင်းလွင်ဦးကရော မြန်မာကိစ္စတွေကို ICC မှာ တင်ဖို့စဉ်းစားနေတယ် ဆိုတဲ့ဟာ ဘယ်လောက်ခိုင်မာပြီးတော့ ဘယ်လောက်ခရီးရောက်မလဲလို့သုံးသပ်သလဲ။

ဦးမင်းလွင်ဦး

ICC ကိုတင်ဖို့ issue တွေတက်လာတိုင်း တက်လာတိုင်း အခွင့်အရေးတွေရတိုင်း ရတိုင်းမှာ ကျွန်တော်တို့ရှေ့မှာကာဆီးကာဆီးဖြစ်နေတာ အေစီအမ်အဖွဲ့ဘဲခင်ဗျ။ အဲ့ဒီ အေစီအမ်အဖွဲ့က ကွန်ဒိုလီဇာရိုက် လာရင်းတမျိုးပြောလိုက်၊ ပြန်သွားရင် သူတို့ကပဲဒေသတွင်း ပြဿနာကို တာဝန်ယူမယ်ဖြေရှင်းမယ် ပြောလိုက် ပြီးတော့ဘာမှ ဖြစ်မလာဘူး။ တခါ ရောဘတ် ဂိတ် လာပြန်ပြီ ရောဘတ်ဂိတ်လာ ပြန်တော့ ဒီလိုဘဲ အာစီယမ်အဖွဲ့အစည်းက စုံစမ်းရေး ကော်မရှင်လွှတ်မယ် ဘာမယ် ဖြစ်ပြန်ပြီ ဒါပေမယ့်လဲ နောက်ပိုင်းကျတော့ အဖျားရှူးပြီး တစိုက် မတ်မတ်သွားနေတဲ့လုပ်ငန်းတစ်ခုမှာ အဟန့်အတားဖြစ်တယ်လို့ ကျွန်တော်ကတော့ မြင် တယ်။ အစောက ICC ကို တင်ပြတဲ့ကိစ္စတွေမှာ နိုင်ငံတကာကို ဖိအားတွေပေးနေတာရှိတယ်။ ဥရောပနိုင်ငံတွေတော်တော်များများကလည်း လက်မှတ်ထိုးပြီးတောင်းဆိုနေတာတွေ ရှိတယ်။ ကနေဒါ၊ သြစတြေးလျှ အစရှိတဲ့နိုင်ငံကြီးတွေကဖိအားပေးသော်လည်း ဒီဒေသတွင်း အာစီယံက ကာဆီးကာဆီး လုပ်နေတဲ့ကိစ္စဟာဖြင့်ရင် ကျွန်တော်တို့တရားစွဲဆိုနိုင်ဖို့ကိစ္စမှာ အခက်အခဲဖြစ် တာကို တွေ့ရတယ်။ နောက်ပြီးတော့ တခါ China နဲ့ Russia ကလည်း နအဖ အစိုးရကို နောက်ခံပြုထားတဲ့အတွက် အဲ့ဒီလိုအရာတွေကို တချို့နေရာတွေမှာ အလွယ်တကူ မဖြစ်လာ ဘဲနဲ့ အခက်အခဲများစွာ မကြုံသင့်ဘဲနဲ့ကြုံရတယ် ဆိုတဲ့အခြေအနေမျိုး ကြုံရတယ် လို့

ကျွန်တော် ကတော့ထင်ပါတယ်။

ဘီဘီစီ

နိုင်ငံတကာကနေ ဖိအားပေတယ်ဆိုပေမယ့်လို့ လက်တွေကျတော့ဘာမှ ဖြစ်မလာဘူး ဆိုတဲ့ သာဓကတွေရှိတော့ နိုင်ငံတကာမှာဘာတွေ ဆက်လုပ်ဖို့လိုလဲ ဘာတွေဆက်လုပ်မလဲ

ဦးအောင်ထူး

နိုင်ငံတကာအဖွဲ့အစည်းတွေ ကိုယ်တိုင်ကလည်းပဲ အတွေးအခေါ်အမြင်အရရှင်းဖို့လိုတယ်။ ဥပမာ ကုလသမဂ္ဂကိုယ်တိုင်က ရပ်တည်ကိုင်တွယ်တဲ့ဟာက မရှင်းဘူးဖြစ်နေတယ်။ အတိအကျပြောရမယ်ဆိုရင် ဂမ်ဘာရီ လာတုန်းကလည်း ထိထိရောက်ရောက်မကိုင်တွယ်ဘူး အခု မစ္စတာဘန်ကီမွန်းလာတယ် ကျွန်တော် တို့ကျေးဇူးတင်တယ်။ ဒါပေမယ့် နအဖ က ပြောတဲ့လှည့်ကွက်ထဲမှာပဲ ပြန်ပြီး လည်ထွက်သွားတယ်လို့ ကျွန်တော်က တော့ထင်တယ်။ အဲ့တော့ ကုလသမဂ္ဂ ကိုယ်တိုင်ကနေပြီးတော့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီးတော့ ရှင်းရှင်းလင်းလင်းမြင်ဖို့ လိုပါတယ်။ ပြည်တွင်းထဲမှာရှိတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေရော လူထုရော ရှင်းဖို့လိုတယ်။ အဲ့ဒါက ဘာလဲဆိုတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်သော်ငြားလည်းပဲ ပြစ်မှုကျူးလွန် တဲ့လူတွေကို ပြစ်ဒဏ်ကို ကျွန်တော်တို့ပေးကိုပေးရမယ်။ ရာဇဝတ်သားတွေဟာ ရာဇဝတ်သားပဲဖြစ်တယ်။ အဲ့ဒါကို နိုင်ငံရေးနဲ့ရောစဉ်းစားလို့မရနိုင်ဘူး။ အဲ့ဒီ အရေးယူရမယ်ဆိုတဲ့အသံ ကမ္ဘာကို တညီတညွတ်ထဲ ပြန့်ဖို့ လိုပါတယ်။ အခုချိန်ထိမပြန့်သေးဘူး။ ဒါက အားနည်းချက်ဖြစ်တယ်။ ဆူဒန်မှာ ရှိတဲ့အတွေ့အကြုံကို ပြောရမယ်ဆိုရင်တော့ ဒီလက်ရှိရာဇဝတ်ကျူးလွန်တဲ့လူတွေဟာ ရာဇဝတ်သားတွေဖြစ်တယ် သူတို့နဲ့ပေါင်းခြင်းအားဖြင့် ငါတို့ဂုဏ်သိက္ခာကျနိုင်တယ်။ တရားမျှတမှုဆုံးရှုံးနိုင်တယ် လို့ယူဆရင် ဆူဒန်မှာ ဖြစ်တဲ့ကိစ္စတုန်းက ရှရှားနဲ့ချိုင်းနားကဆိပ်ဆိပ်နေလိုက်တာပဲ။ မြန်မာနိုင်ငံမှာဖြစ်တဲ့ အခြေအနေတွေပေါ်မှာ ကျူးလွန်ရက်စက်မှုတွေ သိပ်ကိုကြီးမားလွန်းတာကြောင့်မို့လို့ ဒီလိုရာဇဝတ်သားတွေကို အရေးယူသင့်တယ်ဆိုတဲ့ အသံမျိုးကို တကမ္ဘာလုံး ဝိုင်းအော်နိုင်တဲ့ Pressure မျိုး ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့မျှော်လင့်တာဖြစ်လာနိုင်ပါတယ်။

(မှတ်ချက်။ ။ ၈၊ ၆၊ ၀၈ နေ့တွင် ဘီဘီစီ၊ မြန်မာ့အရေးကမ္ဘာ့အရေးဆွေးနွေးခန်းမှ ထုတ်လွှင့်ချက်ကို ဥပဒေရေးရာစာဖတ်ပရိတ်သတ်များအား ပြန်လည်စုစည်းတင်ပြခြင်း ဖြစ်သည်။)

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ လှုပ်ရှားမှုများ

ဖွဲ့စည်းပုံအခြေခံဥပဒေကို သရုပ်ဖော်ပုံများဖြင့် ထုတ်ဝေ

စာအုပ်ထုတ်ဝေဖြန့် ချိရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မြန်မာနိုင်ငံသားများ အလွယ်တကူနားလည်းသဘောပေါက်စေရန်အတွက် မြန်မာစာဖြင့် ရုပ်ပြကာတွန်းစာအုပ်ရေးဆွဲပြီး ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာအဖွဲ့ အစည်းများဖြစ်သော မြန်မာနိုင်ငံ အမျိုးသားကောင်စီ၊ မြန်မာအလုပ် သမားများသမဂ္ဂ၊ ဆော စသည့်အဖွဲ့အစည်းများအပါအဝင် အဖွဲ့ပေါင်း (၁၀၈)ဖွဲ့နှင့် တသီးပုဂ္ဂလ များကိုလည်း ဖြန့်ဝေခဲ့ပါသည်။ ထိုအဖွဲ့များနှင့် တသီးပုဂ္ဂလများသည် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဖြန့်ဝေထားသော သရုပ်ဖော်ကာတွန်းစာအုပ် များကို မြန်မာပြည်တွင်းသို့လည်ကောင်း၊ နယ်စပ်တလျောက်နေထိုင်လျက်ရှိသော မြန်မာများ အားလည်းကောင်း ထပ်မံဖြန့်ဝေ ဖတ်ရှုစေခဲ့ပါသည်။

နယ်စပ်ကို ဖြတ်ကျော်၍ မြန်မာပြည်တွင်းသို့သွားကြသည့် ပုဂ္ဂိုလ်များကိုလည်း ထိုသရုပ်ဖော်ကာတွန်းစာအုပ်များကို လက်ဆင့်ကမ်းဖြန့်ဝေခဲ့ပါသည်။ ထိုကာတွန်း စာအုပ်များကို ကရင်နီဒေသရှိ ပြည်သူများသို့လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ပြည်သူများသို့လည်းကောင်း၊ ကရင်ပြည်နယ်ရှိ ပြည်သူများသို့လည်းကောင်း၊ ကာတွန်းစာအုပ်အပါအဝင် စီဒီခွေများအား ထိုင်းနိုင်ငံ ဖူးကက်နှင့် မဟာချိုင်ဒေသများရှိ မြန်မာပြည်သူများသို့ လည်းကောင်း၊ အီးမေးမှတဆင့် ပြည်တွင်းအဆက်အသွယ် များသို့ လည်းကောင်း၊ ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့ တာဝန်ခံမှ ကချင်ပြည်နယ်ရှိ မြန်မာနိုင်ငံရှေ့နေများကောင်စီ သင်တန်းသားဟောင်း များသို့လည်းကောင်း အသီးသီးဖြန့်ဝေဆောင်ရွက်ခဲ့ပါသည်။



ဖွဲ့စည်းပုံအခြေခံဥပဒေ သရုပ်ဖော်ကာတွန်းစာအုပ်သည် စာမျက်နှာ (၆၁)မျက်နှာပါဝင်၍ ၁၂၅၈ အုပ်ကို ဒေသအသီးသီးမှ ပြည်သူများလက်ထဲသို့ ပို့ဆောင်နိုင်ခဲ့ပါသည်။ သရုပ်ဖော်ကာတွန်းစာအုပ်၏ စာမျက်နှာ တိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်အလက်များကို ပြည်သူများအလွယ်တကူသိရှိရန်နှင့် စိတ်ဝင်တစားရှိစေရန် ကာတွန်းရုပ်ပုံများဖြင့် ယှဉ်တွဲဖော်ပြထားပါသည်။ ထိုကာတွန်းစာအုပ်တွင် ပြည်သူများသိသင့်သိထိုက်သော အောက်ပါအချက်အလက်များကို အဓိကထားတင်ပြထားပါသည်။

(၁) စစ်မှန်သောဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးကို ကျယ်ကျယ် ပြန့်ပြန့် ပြဋ္ဌာန်း၍ အစိုးရ၏အာဏာများကို ကန့်သတ်ထားရမည်ဖြစ်ကြောင်းနှင့် ကာတွန်းဖြင့် သရုပ် ပြထားသည်။

(၂) နအဖ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်ခေါင်းဆောင်များနှင့် အစိုးရ အာဏာပိုင်များ၏ အာဏာကို ကျယ်ပြန့်စွာအပ်နှင်းထားပေးပြီး လူထု၏အခြေခံ အခွင့် အရေးများကို ကန့်သတ်ထားသည်ကို သရုပ်ပြထားပါသည်။

(၃) နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သမ္မတဖြစ်ရန်အတွက် အရည်အချင်းများ ကိုအတိအကျသတ် မှတ်ထားသည်၊ လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ၂၅ ရာခိုင်နှုန်းသည် တပ်မတော်မှဖြစ်သည်။ သမ္မတ သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ခန့်ထားရန် အာဏာရှိပေသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံတော်ကို တပ်မတော်မှ အမြဲတမ်း ဦးဆောင်သွားမည်ဖြစ်ကြောင်း သရုပ်ဖော် ထားပါ သည်။

(၄) စစ်မှန်သောဖွဲ့စည်းပုံအခြေခံဥပဒေသည် တန်းတူညီမျှမှုကို အာမခံရမည်ဖြစ်သည်။ သို့သောလည်း နအဖ၏ဖွဲ့စည်းပုံတွင် တန်းတူ ညီမျှမှုခွင့်မှာ ပျောက်ဆုံးနေသည်ကို ဖော်ပြ ထားသည်။

(၅) နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် တကမ္ဘာလုံးတွင် ကျင့်သုံးအောင်မြင်လျက် ရှိသော အချုပ်အခြာ အာဏာသည် လူထုထံမှ ဆင်းသက်လာသည် ဟူသည့်မူနှင့် ဆန့်ကျင်ကွဲလွဲလျက်ရှိကြောင်း သရုပ်ဖော်ပြထားပေးသည်။

(၆) နိုင်ငံသားများ၏ ရပိုင်ခွင့် အခွင့်အရေးများ လုံးဝမရှိသော နအဖ၏ဖွဲ့စည်းပုံအခြေခံ ဥပဒေကို သရုပ်ပြထားပေသည်။

(၇) နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမည့် ပြည်သူ့လွှတ်တော်တွင် စစ်ဗိုလ် ကိုယ်စားလှယ် လေးပုံ တစ်ပုံပါဝင်ပုံကို တင်ပြထားသည်။

(၈) နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်လုံခြုံရေးဥပဒေများ ထပ်မံပေါ်ပေါက် လာမည်ဖြစ်သည့် အတွက် ပြည်သူများအား မတရားဖမ်းဆီး၍ ကြီးလေးသော ပြစ်ဒဏ်များ ထပ်မံအပြစ်ပေးအုံးမည်ဖြစ် ကြောင်း တင်ပြထားသည်။

(၉) ဖွဲ့စည်းပုံဥပဒေအရ ဥပဒေပြုရေး၌ လူထု၏ပါဝင်ပတ်သက်မှုကို ခွင့်ပြုသောပြဋ္ဌာန်း ချက်များ မပါရှိပုံကို တင်ပြထားသည်။

(၁၀) သမ္မတနှင့် အစိုးရအဖွဲ့ဝင်တို့သည် လွှတ်တော်၏ ကြီးကြပ်မှုအောက်တွင်မရှိပုံကို သရုပ်ပြထားသည်။

(၁၁) နအဖ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို သမ္မတစိတ်တိုင်းကျ ခန့်ခွင့်၊ ဖြုတ်ခွင့် ရှိနေသည်ကို တင်ပြထားသည်။

(၁၂) အနာဂတ်မြန်မာနိုင်ငံတွင် လွှတ်တော်အပေါ်အခြေပြုသည် ဝန်ကြီးချုပ် ဦးဆောင် သည့် အုပ်ချုပ်မှု စနစ်သာဖြစ်ကြောင်း သရုပ်ပြတင်ပြထားသည်။

(၁၃) သမ္မတစနစ်တိုင်းတွင် လူထုက သမ္မတလောင်းမည်သူဆိုသည်ကို သိရှိရသည်၊ ၄င်းက တိုင်းပြည်ကို အုပ်ချုပ်ရာတွင် အသုံးပြုမည့် မူဝါဒများကို လူထုအား ချပြရသည်၊ လူထုကလေ့လာခွင့်ရသည်၊ ၄င်းတို့၏ ပေါ်လစီများကို လေ့လာပြီးနောက် လူထုက မိမိတို့ကြိုက်နှစ်သက်သူတစ်ဦးကို တိုက်ရိုက် ဆန္ဒမဲပေး၍ ရွေးချယ်ရသည်။ နအဖ၏

သမ္မတစနစ်တွင် လူထုက သမ္မတလောင်းမည်သူဆိုသည်ကို မသိရကြောင်း သရုပ်ပြ၍ တင်ပြထားသည်။

(၁၄) အနိုင်ရ နိုင်ငံရေးပါတီက ဦးဆောင်၍ အစိုးရဖွဲ့နိုင်ခွင့်ရှိမည်မဟုတ်ကြောင်း သရုပ်ပြထားသည်။

(၁၅) နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းရင်သားလူနည်းစုများ၏ မကျေနပ်မှု၊ လက်နက်ကိုင် အုံကြွ တော်လှန်မှုများ ဖြစ်ပွားနေမည်ဖြစ်ကြောင်း တင်ပြထားသည်။

(၁۶) သမ္မတ၏ ကြီးမားသော အခွင့်အာဏာများကြောင့် အာဏာပိုင်အသိုင်းအဝိုင်းနှင့် နီးစပ်သူများ၊ စစ်ခေါင်းဆောင်များနှင့်နီးစပ်သူများသာ ရာထူးအခွင့်အလမ်းကောင်းများရရှိမှု ဆက်လက်ပေါ်ပေါက်နေ မည်ဖြစ်သည်ကို သရုပ်ပြထားသည်။

(၁၇) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သမ္မတ၏အထက်တွင်ရှိပြီး သမ္မတကို ထိမ်းချုပ် သွားမည့်အဖွဲ့အစည်းဖြစ်သည်ကို သရုပ်ပြထားသည်။

(၁၈) အာဏာသိမ်းစစ်ကောင်စီ တစ်ခုကို ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် အသက်သွင်းပေးထား ကြောင်းတင်ပြထားသည်။

ဤကာတွန်းသရုပ်ပြစာအုပ် ထုတ်ဝေခြင်းမှ ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။ ဥပမာ– စာဖတ်သူ တစ်ဦးထံမှ ဤစာအုပ်ကို သူ၏အင်တာနက်စာမျက်နှာတွင် တင်လိုကြောင်း မေးမြန်းမှုပြုလာသည်။ သူ၏ ပြောဆိုချက်တွင် ပြည်တွင်းရှိ ပြည်သူများသည် အင်တာနက် ဘလော့များကို အသုံးပြုနိုင်သဖြင့် စာအုပ်များကို အွန်လိုင်းမှ ကြည့်ရှုနိုင်ပါက ပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့်ရောက်နိုင်ကြောင်း အကြောင်းပြန်လာပါ သည်။

၂၀၀၈ ခုနှစ်၊ မေလ (၇)ရက်

နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လူထုဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ရက်တိုသင်တန်းနှင့် ဆွေးနွေးပွဲ

ဦးသန်းနိုင်ဝေး
သင်တန်းဌာန

၂၀၀၈ ခုနှစ်၊ မေလ (၄)နှင့် မေလ (၁၁)ရက်နေ့တို့တွင် နအဖ၏ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း၊ လူထုဆန္ဒခံယူပွဲတို့နှင့် ပတ်သက်၍ ရက်တိုသင်တန်း (၂)ခုကို မြန်မာရှေ့နေများကောင်စီမှ သင်တန်းဆရာများ ဦးဆောင်၍ မဲကုရွာ၊ ဥပဒေကျောင်း သင်တန်းခန်းမနေရာတွင် ပြုလုပ်ခဲ့သည်။ သင်တန်းသားများမှာ မဲဆောက်မြို့ရှိ စက်ရုံအလုပ်ရုံများမှ မြန်မာအလုပ်သမားတို့ တက်ရောက်ခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ မေလ (၄)ရက်နေ့တွင် ပြုလုပ်သော သင်တန်းအား သင်တန်းသားအလုပ်သမားစုစုပေါင်း (၄၀)ဦး တက်ရောက်ခဲ့သည်။ ပို့ချက်များမှာ နအဖ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း သွင်ပြင်လက္ခဏာနှင့် အားနည်းချက်၊ အားသာချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောတရားများ၊ လူထုဆန္ဒခံယူပွဲ၏သဘောတရားများ စသည်ဘာသာရပ်တို့ကို အဓိကထားပို့ချခဲ့သည်။ ထိုသင်တန်းတွင် မြန်မာနိုင်ငံရှေ့နေများ ကောင်စီမှ သင်တန်းဆရာများ စုစုပေါင်း (၅)ဦးမှ ဆွေးနွေးပို့ချခဲ့ပါသည်။

လူထုဆန္ဒခံယူပွဲနှင့် စပ်လျဉ်း၍ နိုင်ငံတကာအ တွေ့အကြုံတွေကိုလည်း တင်ပြဆွေးနွေးခဲ့သည်။ အထူး သဖြင့် အရှေ့တီမောနိုင်ငံ၏ဆန္ဒခံယူပွဲအတွေ့အကြုံကို ဗီဒီယိုဖြင့် ပြသခဲ့ခြင်းနှင့် မဲထည့်ပုံထည့်နည်းများကို လက်တွေ့သရုပ်ပြ လုပ်ဆောင်ခဲ့ပါသည်။

မေလ (၁၁)ရက်နေ့တွင် ပြုလုပ်သောသင်တန်းတွင် အလုပ်သမားစုစုပေါင်း (၅၃)ဦး တက်ရောက်လေ့လာခဲ့သည်။ ထိုသင်တန်းတွင် ဘာသာရပ်အဖြစ် ပထမရက်နေ့တွင် သင်ကြားပို့ချသည့်အတိုင်း ပို့ချခဲ့ပြီး၊ သင်တန်းဆရာများအဖြစ် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ (၄)ဦးနှင့် ရခိုင်ကျောင်းသားလူငယ် ကွန်ဂရက်အဖွဲ့မှ (၁)ဦးတို့ ဖြစ်သည်။

သင်တန်းနှစ်ခုလုံး၏ အကျိုးရလဒ်များအား ပေါ်ပြရလျှင် အလုပ်သမားတဦး၏ ပြောဆိုချက်အရ "ဒီသင်တန်းကို တက်ရောက်လေ့လာခြင်းကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အကြောင်းကို ပိုမိုနားလည် လာခဲ့သည်"၊ နောက်တဦး၏ ပြောဆိုချက်တွင် "ဥပဒေက လူထုအတွက်အရေးကြီးသောအရာ တစ်ခုဖြစ်ကြောင်း ကောင်းကောင်းနားလည်းသွားသည်" ဟုပြောဆိုသွားခဲ့သည်။ အခြားသင်တန်းသားအလုပ်သမားများ မှာလည်း "မြန်မာအာဏာပိုင်များဟာ ပြည်သူလူထုအပေါ် လိမ်လည်မှုများ၊ ခြယ်လည်မှုများ ပြုလုပ်နေသော အစိုးရဖြစ်နေတယ်ဆိုတာ အခုမှ ကွက်ကွက်ကွင်းကွင်းမြင်လာတယ်" ဟု ကောက်ချက်ချ ပြောဆိုခဲ့ပါသည်။ ထိုပြင် "လူထုတို့မဲကို သူတို့မပေးရင် သူတို့အခွင့်အရေးတရပ်ဆုံးရှုံးသွားနိုင်ခြင်း၊ မဲပေးရင်လည်း မိမိတို့ကိုယ်ပိုင် ဆုံးဖြတ်ချက်အတိုင်း ပေးခွင့်ရှိဖို့ရန်လိုအပ်ခြင်း" စသော ကွဲပြားသောရှုဒေါင့်အမျိုးမျိုးများဖြင့် ဒီသင်တန်းမှာ သင်တန်းသားများ၏ ပါဝင်ဆွေးနွေးမှုများရရှိခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ ဧပြီလ (၂၈)ရက်နေ့တွင် မဲဆောက်မြို့ Wattana Resort တည်ခိုရိပ်သာ၊ အစည်းအဝေးခန်းမ၌ တစ်ရက်တာဆွေးနွေးပွဲတစ်ခုကို ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် "နအဖစစ်အစိုးဏ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်များ၊ အားသာချက်များကို မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဥက္ကဋ္ဌ ဦးသိန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးနှင့် တွဲဖက်အတွင်းရေးမှူး ဦမြင့်သိဏ်းတို့က သုံးသပ်ဆွေးနွေးခဲ့ပါသည်။

ထိုဆွေးနွေးပွဲတွင် တက်ရောက်သော ဒီမိုကရေစီလှုပ်ရှားသည့် မြန်မာနိုင်ငံလူ့အခွင့်အရေး ပညာပေးရေးအဖွဲ့ (HREIB)၊ ပလောင်အမျိုးသမီးအဖွဲ့(PWO)နှင့် မြန်မာနိုင်ငံကျောင်းသားလူငယ်အဖွဲ့ (SYCB) စသည်တို့မှ ကိုယ်စားလှယ်များတက်ရောက်၍ နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ မေးခွန်းများ မေးမြန်း ခဲ့ပါသည်။ ထိုအဖွဲ့များ၏ မေးမြန်းချက်များကို မြန်မာနိုင်ငံ ရှေ့နေများကောင်စီအနေဖြင့် ဖြေကြား မှုများပြုလုပ်သည့် အပြင် နအဖစစ်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်း လူထုအတွက် အကျိုးမရှိကြောင်း စစ်ဗိုလ်ချုပ်တစု အတွက်သာ အကျိုးရှိကြောင်း သုံးသပ်ရှင်းပြ ဆွေးနွေးခဲ့ သည်။ HREIB အဖွဲ့မှ ယင်း workshop ၏ဆွေးနွေး ချက်များကို ဗွီဒီယိုတိတ်ခွေများ ရိုက်ကူး၍ CD ပြုလုပ်၍ မြန်မာနိုင်ငံအတွင်းသို့ ဖြန့်ဝေ ခဲ့ပါသည်။

၂၀၀၈ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက မြန်မာနိုင်ငံမှ တရားဝင်ထွက်လာသည့်သတင်းထောက်များနှင့်အတူ "လူထုဆန္ဒခံယူပွဲနှင့် ဖွဲ့စည်းပုံအခြေ ခံဥပဒေနှင့် ပတ်သက်သည့် ရှင်းလင်းပွဲ"တခု ပြုလုပ်ခဲ့သည်။ ထိုသတင်းထောက်များက အများအားဖြင့် ရန်ကုန် တိုင်း၊ မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်မှ အဓိကလာကြသောသူများ ဖြစ်သည်။ ယင်းမေးမြန်းချက်များကို ထိုသတင်းထောက်များက အသိအမှတ်ပြုခဲ့ပါသည်။ နအဖစစ်အုပ်တို့က ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ၏အပြစ်အနာအဆာများကို ဖြစ်နိုင်ချေရှိသော လိမ်လည်မှုနည်းလမ်းများဖြင့် လူထုဆန္ဒခံယူပွဲတွင် ဆက်လက်၍ လိမ် လည်သွားမည်ဖြစ်ကြောင်း အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက တင်ပြခဲ့သည်။

ထိုင်းနိုင်ငံ ချင်းမိုင်းမြို့တွင် နအဖစစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့် လူထုဆန္ဒခံယူပွဲအပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီ အမှုဆောင်အဖွဲ့ဝင် ဦးမြင့်သိဏ်းက ဦးဆောင်၍ သင်တန်းတခု ပြုလုပ်ခဲ့တယ်။ ပို့ချခဲ့သောသင်တန်းတွင် အဓိကပစ်မှတ်ထားသော အချက်များမှာ "စစ်အုပ်စုမှ မတရားရယူထားသော လူထု အာဏာကို တရားဝင်နည်းဖြင့် ရယူရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လုပ်ငန်းစဉ်ကို အသုံးပြုခြင်းနှင့် ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေ၏အပြစ်အနာအဆာများကို ထောက်ပြခြင်း" များဖြစ်သည်။ လူထုဆန္ဒခံယူပွဲ ရလဒ်ကို နအဖစစ်အုပ်က လိမ်လည်မှုနည်းလမ်းများဖြင့် ရယူသွားမည်ဖြစ်ကြောင်း၊ နအဖသည် လိမ်လည်မှုနည်းလမ်းကို ကျွမ်းကျင်စွာကိုင်တွယ်နိုင်ခြင်းဖြစ်ကြောင်း၊ လူထုဆန္ဒခံယူပွဲကို ထောက်ခံမဲပေးလိုက်ချင်းအားဖြင့် ပြည်သူလူထုအတွက် အန္တရာယ်ရှိ နိုင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် လုံးဝကန့် ကွက်သင့်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်နှင့် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေ

ဦးအောင်ထူး

၂၀၀၈ ခုနှစ်၊ ဩဂုတ်လအတွင်းမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီ မြန်မာနိုင်ငံကို ထပ်မံသွားရောက်ပါတော့မယ်၊ သူ့ရဲ့ခရီးစဉ်ကို နအဖရဲ့ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ဆက်စပ်စဉ်းစားဖို့လိုအပ်လာပါတယ်။

တကယ်တော့ မြန်မာနိုင်ငံက လူထုတွေဟာ ပြည်တွင်းမှာ နအဖရဲ့ ဖိနှိပ်မှုကြီးကြီး မားမားနဲ့ ကြုံတွေ့ရ တဲ့အခါတိုင်းမှာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေကို အားကိုးလိုကြတယ်။ ဒါပေမဲ့ နိုင်ငံတကာက ပုဂ္ဂိုလ်တွေက မျှော်လင့်သလောက် ထိထိရောက်ရောက် မစွမ်းဆောင်နိုင်တဲ့အခါမှာ အကြီးအကျယ်စိတ်ပျက် ကြပြန်ပါတယ်။ ဒီနေရာမှာ အစွန်းနှစ်ဖက်ကို ရှောင်ဖို့လိုပါမယ်။ တဖက်က ကိုယ့်ကိုယ်ကို အားကိုးပြီး စွမ်းစွမ်းတမံ ကြိုးပမ်းရမယ့် စိတ်ဓါတ်နဲ့ လုပ်ငန်းစဉ်တွေကို ထိခိုက်ကျဆင်းလောက်တဲ့အထိ နိုင်ငံတကာအပေါ် အလွန်အမင်း အားကိုးမိတာမျိုး မဖြစ်ဘို့ လိုပါတယ်။ အခြားတဖက်ကတော့ နိုင်ငံတကာမှာရှိနေတဲ့ အခင်းအကျင်းတွေနဲ့ ယန္တရားတွေကို ဘာတခုမှ အသုံးပြုချင်တဲ့အထိ အကြီးအကျယ် စိတ်ပျက်တာမျိုးလည်း မဖြစ်ဖို့လိုပါတယ်။

မစ္စတာဂမ်ဘာရီ ရောက်လာတဲ့အခါ နအဖရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၁၀ မှာ ကျင့်ပ ဖို့စီစဉ်ထားတဲ့ ရွေးကောက်ပွဲတွေနဲ့ပတ်သက်ပြီး ပြည်တွင်းကနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေနဲ့ လူထုတွေကို ဘာတွေအကြံပြုမလဲ၊ မြန်မာနိုင်ငံက ပြန်ထွက်သွားပြီး ကုလသမဂ္ဂနဲ့ နိုင်ငံတကာကို တဆင့် ဘယ်လိုတင်ပြ မလဲဆိုတာတွေဟာ အတော့်ကို အရေးကြီးလာပါတယ်။ ကုလသမဂ္ဂဆိုတဲ့ အရှိန်အဝါကြီးအောက်ကနေ ပြောတာဖြစ်တာကြောင့် မပြောသင့်တာတွေ ပြောနေရင် ရေတိမ်မှာနစ်မည့် ကိန်းမျိုးဆိုက်နိုင်မှာဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုပြောရပါသလဲ။

နာဂစ်မုန်တိုင်း တိုက်ခိုက်အပြီးမှာ နိုင်ငံတကာက အကူအညီတွေ ထိထိရောက်ရောက်ပေးဖို့ ကမ်း လှမ်းခဲ့ပေမယ့် နအဖက လျစ်လျူရှုခဲ့တယ်။ ဒီအခါမှာ နိုင်ငံတကာဖိအားဟာ အတော့ကို တက်ခဲ့တယ်။ ကုလသ မဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကိုယ်တိုင် နအဖနဲ့ လာရောက်တွေ့ဆုံပြီး နအဖဟာ နိုင်ငံတကာအကူအညီကို ဘယ်နိုင်ငံကဆို လက်ခံမယ်လို့ ထုတ်ပြောလိုက်တဲ့အချိန်မှာတော့ နိုင်ငံတကာရဲ့ဖိအားဟာ လုံးဝကို ကျဆင်း သွားခဲ့ပါတယ်။

မြန်မာနိုင်ငံလူထုတွေ အတိဒုက္ခရောက်နေတဲ့အချိန်မှာ တကူးတက လာရောက်တွေ့ဆုံ ပြောဆိုပေးတဲ့ အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်ကို ကျေးဇူးတင်ကြမှာပါ။ ဒါပေမဲ့ တဖက်ကနေပြန်စဉ်းစား မယ်ဆိုရင်တော့ ဘန်ကီမွန်းလာရောက်ခဲ့တာဟာ နအဖအတွက် အသက်ရှူပေါက် ချောင်သွားစေတဲ့သဘော ဖြစ်သွားပါတယ်။ နိုင်ငံတကာ အကူအညီတွေကို လက်ခံမယ်လို့ နအဖက ကတိပြုလိုက်ရတာဟာ သံခင်တမန် ခင်းကြိုးပမ်းမှု

 က အဓိကမဟုတ်၊ ဖိအားက အဓိကဖြစ်ပါတယ်။ အဲ့ဒီအချိန်တုန်းက နအဖအပေါ် ကြီးမားတဲ့ ဖိအားနှစ်ခုရှိခဲ့ပါတယ်။ တခုကတော့ ကူညီရေးရိက္ခာတွေ အပြည့်တင်ထားတဲ့ အမေရိကန်၊ ဗြိတိန်နဲ့ ပြင်သစ် စစ်သင်္ဘောကြီးတွေက မြန်မာနိုင်ငံထဲကို အတင်းဝင်ရောက်မယ် တကဲကဲဖြစ်နေတဲ့ အချက်ပါ။

အခြားတခုကတော့ ကုလသမဂ္ဂရဲ့ လှုပ်ရှားမှုဖြစ်ပါတယ်။ မုန်တိုင်းဒဏ်ခံနေရတဲ့ ပြည်သူလူထုကို နအဖရဲ့ လျစ်လျူရှုမှုဟာ လူသားအဖြစ်အသက်ရှင်သန်မှုကို ဆန့်ကျင်တဲ့ပြစ်မှုမြောက်တယ်။ ဒါကြောင့် ဒီပြစ်မှုကို အရေးယူဖို့ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက လုံခြုံရေးကောင်စီကို ဖိအားပေးတောင်းဆိုသင့်တယ်ဆိုပြီး ဥရောပသမဂ္ဂမှာ ဆွေးနွေးမှုတွေ ပြင်းထန်ခဲ့တဲ့အချက်ပါပဲ။

ဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံခရီးစဉ်အတွင်းမှာ ဒီဆုံးဖြတ်ချက်လည်း ကျဖြစ်ခဲ့ပါတယ်။ ဒီလိုဖိအားကြီးနှစ်ခု ရဲ့နောက်ခံကိုယူပြီး ဆွေးနွေးနိုင်ခဲ့တာကြောင့် နအဖအနေနဲ့ ဘန်ကီမွန်းကို လိုက်လျောလိုတဲ့သဘော ပြခဲ့တာပါ။ ခက်တာက ဘန်ကီမွန်းအနေနဲ့ ဒီဖိအားကြီးနှစ်ခုရဲ့ အင်အားကို သုံးပြီး လိုရင်းကိုရောက်အောင် မစွမ်းဆောင်နိုင် ခဲ့ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ အဓိကနှစ်ချက်ကို ထောက်ပြပါ့မယ်။

(၁) ဘင်္ဂလာပင်လယ်အော်ထဲမှာ ကူညီဖို့အသင့်စောင့်နေတဲ့ သင်္ဘောကြီးတွေကို ချက်ချင်းဝင်ခွင့်ပေးပြီး နိုင်ငံတကာအကူအညီကို ချက်ချင်းလက်ခံပါလို့ နအဖကို မတိုက်တွန်းနိုင်ခဲ့ဘူး၊ နအဖအနေနဲ့ အချိန်ဆွဲလိုသမျှ ဆွဲတာကို လက်ခံခွင့်ပြုပေးတဲ့သဘော ရောက်ခဲ့တယ်။

(၂) လူမှုရေးအကူအညီကိစ္စကိုသာ ဆွေးနွေးပါ၊ နိုင်ငံရေးမပြောပါနဲ့လို့ နအဖက ပိတ်ပင်တာကို ငြိမ်ငြိမ်ကလေးနာခံပြီး ပြန်သွားခဲ့တယ်။

နိုင်ငံတကာအကူအညီတွေ အသင့်ရှိပါလျက်နဲ့ ချက်ချင်းကူညီကယ်တင်ခွင့် မရခဲ့တာကြောင့် မကောင်းတဲ့အကျိုးဆက်တွေ အမြောက်အများရှိသွားခဲ့တယ်။ မသေသင့်သူတွေ

မြောက်များစွာသေခဲ့ရတယ်။ မငတ်သင့်သူတွေ မြောက်များစွာ ငတ်ခဲ့ရတယ်။ ကူညီကယ်တင်ရေးလုပ်ငန်းတွေ ထိထိရောက်ရောက် မလုပ်ဆောင်နိုင်ခဲ့၊ ကူညီကယ်တင်ရေးလုပ်ငန်းတွေ အခုချိန်ထိ မပြီးမြောက်တာကြောင့် အချိန်မီစိုက်ပျိုးထုတ်လုပ်ရမည့် လုပ်ငန်းများကို ထိခိုက်ကြန့်ကြာစေခဲ့တယ်။ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ စနစ်တကျနဲ့ အဆင့်အတန်းရှိရှိ မလုပ်နိုင်တာ ကြောင့်လည်း ပြည်သူလူထုအတွင်းမှာ အငတ်ဘေးသာမက ကပ်ရောဂါဘေးပါ ဆိုက်ရောက်ရမည့် အနေအထားကြီးကို ဆက်လက်ကြုံတွေ့နေရ စတာတွေဖြစ်ပါတယ်။

နိုင်ငံရေးမပြောပါနဲ့လို့ နအဖက ပိတ်ပင်တာကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေနဲ့ လက်ခံနှုတ်ဆိတ်ပြီး ပြန်သွားခဲ့တဲ့အတွက် အခုချိန်မှာရော၊ ရေရှည်မှာပါ ရင်ဆိုင်ရမယ့်ပြဿနာရှိလာပါတယ်။ အဲ့ဒါကတော့ ကြီးမားတဲ့ နိုင်ငံတကာအကူအညီတွေကို ဆက်လက်လက်ခံရာမှာ ချစားမှုတွေ နည်းနိုင်သမျှနည်းအောင် ရှင်းလင်းပြီး တာဝန်ခံမှုရှိတဲ့ ယန္တ ရားဖွဲ့စည်းမှုတခုကို

မတည်ဆောက်နိုင်ခဲ့တဲ့ ကိစ္စဖြစ်တယ်။ တနည်းအားဖြင့် ၁၉၉၀ မေလ ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားပါတီ အဖွဲ့အစည်းခေါင်း ဆောင်တွေရဲ့ ပါဝင်ပတ်သက်မှု။ ကူညီကယ်တင်ရေးလုပ်ငန်းတွေကို ဖြည့်ဆည်းလုပ်ဆောင်ကြမယ့် လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့တွေအနေနဲ့ လွတ်လပ်စွာ လှုပ်ရှားခွင့်၊ နိုင်ငံတကာကပေးအပ်မယ့် အကူအညီတွေကို လက်ခံဖြန့်ဖြူးခွင့်တွေရစေမှု၊ ပြည်တွင်းနဲ့နိုင်ငံတကာမှာရှိတဲ့ သတင်းမီဒီယာတွေအနေနဲ့ ဒေသအသီးသီးကို လွတ်လပ် စွာသွားရောက်ပြီး၊ သတင်းအချက်အလက်တွေ အားလုံးကို ရယူဖြန့်ဖြူးခွင့် ရှိစေမှု၊ မုန်တိုင်းဒဏ်ခံစားရတဲ့ ပြည်သူလူထုကိုယ်တိုင်က လွတ်လပ်စွာမေးမြန်းခွင့် တင်ပြခွင့်ရစေမှု၊ စတာတွေ ဘာတခုမှ ရှိမလာတဲ့ကိစ္စဖြစ်ပါ တယ်။

နအဖက တဖက်က နိုင်ငံရေးမပြောပါနဲ့လို့ဆိုပေမယ့် အခြားတဖက်ကတော့ မုန်တိုင်းဒဏ်ခံနေရတဲ့သူ တွေကူညီကယ်ဆယ်ရေးကို အဓိကမလုပ်ဘဲ သူ့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုသာ ဇောင်းပေးလုပ်သွားခဲ့တယ်။ သည်ကိစ္စကိုလည်း ဘန်ကီမွန်းလာရောက်စဉ်က ရေငုံနှုတ်ပိတ်လုပ်ထားခဲ့တယ်။ မုန်းတိုင်းဒဏ်ကို အသည်းအသန် ရင်ဆိုင်ဖြေရှင်းနေရလို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖတ်ရှုခွင့်ရဖို့ဝေးလို့၊ စာအုပ်တောင်မမြင်ဘူးတဲ့ လူထုက ဖွဲ့စည်းပုံအခြေခံဥပဒေကို ရာနှန်းပြည့်နီးပါးနဲ့ အတည်ပြုလိုက်ပြီးလို့ နအဖ ကထုတ်ပြန်ခဲ့တဲ့အပေါ်မှာလည်း ကုလသမဂ္ဂက ဘာမှထုတ်ပြောတာမရှိပါ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင် မြန်မာနိုင်ငံအတွင်းရောက်ရှိခဲ့ တာတောင်မှ ဒီလိုမျိုးနစ်နာဆုံး ရှုံးမှုတွေ ရှိခဲ့တာပါ။ အခုတခါ သူ့ရဲ့ကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ ရောက်လာဒုံးမယ်လို့ ဆိုပါတယ်။ ဂမ်ဘာရီ ရောက်လာလို့ တိုးတက်မှုတွေမရရင်နေပါစေဒုံး၊ ထပ်မံဆုံးရှုံးမှုတွေမရှိအောင် ဘယ်လိုကြိုတင်ကာ ကွယ်ရမလဲ ဆိုတာကို လေ့လာဖို့လိုလာပါတယ်။ ထပ်မံဆုံးရှုံးမှုလို့သုံးတဲ့အတွက် အရင်တုန်းက ဂန်ဘာရီလာရောက်ပြီးတဲ့ နောက်ပိုင်းမှာရော ဘာတွေဆုံးရှုံးခဲ့လဲလို့ မေးစရာရှိလာပါတယ်။

(၁) ၂၀၀၇ ခုနှစ်၊ စက်တင်ဘာသံဃာ့လှုပ်ရှားမှုကြီး ပြီးပြီးချင်းမှာ ပထမဆုံးရောက်လာသူက ဂမ်ဘာရီပါ။ တကယ်တော့ သံဃာ့လှုပ်ရှားမှုကြီးအပေါ် နအဖရဲ့ဖိနှိပ်မှုဟာ ပြင်ထန်လွန်းလို့ လူမျိုးတုံးသတ်ဖြတ်မှု မြောက်မမြောက် အငြင်းပွားလောက်တဲ့ နိုင်ငံတကာရာဇဝတ်မှုကြီးဖြစ်ပါတယ်။ ဒီအပေါ်မှာ နိုင်ငံတကာရဲ့ အာရုံကြီးကြီးမားမား ကျရောက်နေစဉ်အတွင်း ဂမ်ဘာရီ ရောက်သွားခဲ့တာပါ။ တကယ်တော့ ကုလသမဂ္ဂကိုယ်စားလှယ်တဦး အနေနဲ့ မြန်မာနိုင်ငံကို ရောက်ရောက်ခြင်းလုပ်ရမယ့် အလုပ်က ဥပဒေမဲ့အကြမ်းဖက်ချေမှုန်းခံရတဲ့ နေရာဒေသတွေနဲ့ ဘုန်းကြီးကျောင်းတွေကို ချက်ချင်း သွားရောက်ကြည့်ရှုဖို့၊ ဖမ်းဆီးဖိနှိပ်ခံနေရတဲ့ သံဃာတော်တွေနဲ့ တွေ့ဆုံခွင့်ရအောင် ကြိုးစားဘို့၊ သူတို့ကို အမြန်ဆုံးလွှတ်ရေးကို ချက်ချင်းတောင်းဆိုဖို့၊ ပြန်မလွှတ်မချင်း ဆက်လက်ဖိအားပေးနေဖို့ ဖြစ်ပါတယ်။ ဒါတွေကို အရေးတကြီး ချက်ချင်းဆောင်ရွက်ခြင်းမရှိဘဲ နအဖခေါ်တဲ့ နေရာဖြစ်တဲ့ ရှမ်းပြည်မြောက်ပိုင်းကို တက်သွားပြီး နအဖပြတဲ့မျက်လှည့်ပွဲကို လိုက်ကြည့်နေခဲ့သူဖြစ်ပါတယ်။

(၂) ပိုဆိုးတာက ဗိုလ်ချုပ်အောင်ကြည်ကို နအဖရဲ့ကိုယ်စားလှယ်အဖြစ်ပွဲထုတ်ပြီး ဒေါ်အောင်ဆန်းစုကြည် နဲ့စကားပြောခွင့်ပေးလိုက်ပြီးဆိုတဲ့ နအဖရဲ့ဆင်ကွက်ကို

တကယ့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကြီးဖြစ် တော့မယောင်နဲ့ ဂမ်ဘာရီကပါ လိုက်လံဝါဒဖြန့်ချိပေးနေတဲ့ကိစ္စဖြစ်ပါတယ်။ ဒီလိုဖြစ်လာတဲ့အခါ သံဃာတော်တွေ သောင်းချိုပြီး အသေခံစွန့်စားခဲ့လို့ ရလာတဲ့နိုင်ငံတကာဖိအားဟာ ဒလဟာ ကျဆင်းသွားခဲ့ရပါတယ်။

(၃) ပိုပြီးဆိုးတာရှိပါသေးတယ်၊ ဂမ်ဘာရီပြန်သွားပြီးတဲ့အခါ သူကိုယ်တိုင်ရေးသား ဖြန့်ချိတဲ့ အစီရင်ခံစာထဲမှာ နအဖအမျိုးသားညီလာခံက ချမှတ်ထားတဲ့ ဖွဲ့စည်းပုံ ဆိုင်ရာအခြေခံမူတွေနဲ့စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးရာကော်မရှင် တရပ် ဖွဲ့စည်းပြီး ပြန်လည်စိစစ်သွားဘို့ ပါရှိခဲ့တယ်။ နအဖက ဂရုမစိုက်ဘဲ သူ့ရဲ့ချမှတ်ပြီး သား မူတွေအတိုင်းဆက်လက်ကိုင်စွဲသွားတာကို ဂမ်ဘာရီက ဘာတခုမှ ထောက်ပြ ကန့်ကွက်တာမျိုးမလုပ်ခဲ့ဘူး၊ အဲ့ဒီမူတွေအပေါ်အခြေခံပြီး ရေးသားထားတဲ့ ဖွဲ့စည်း ပုံအခြေခံဥပဒေကို အတည်ပြုတော့မယ့် ဆန္ဒခံယူပွဲလုပ်တော့မယ် ဆိုတာတောင်မှ အပြုသဘောဘက်က တိုးတက်မှုဖြစ် တယ်လို့ သုံးသပ်ခဲ့သူဟာ ဂမ်ဘာရီပါ။

(၄) အခုလာမယ့် ခရီးစဉ်အတွင်းမှာ အဆိုးဆုံးဖြစ်လာနိုင်တာ ရှိပါတယ်။ အဲ့ဒါက နအဖရဲ့ နာဂစ်ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် အခြေပြုပြီး ၂၀၁၀ ခုနှစ်မှာ ကျင့်ပမယ့် ရွေးကောက်ပွဲကို ဝင်ရောက်၊ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရင်း၊ စစ်ခေါင်း ဆောင်တွေနဲ့ ညှိနှိုင်းပြီး ဒီမိုကရေစီရအောင် လုပ်သွားကြပါလို့ အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ်နဲ့ တိုင်းရင်းသားခေါင်းဆောင်တွေကို တိုးတိုးတိတ် တိတ်အကြံပေးအုံး မယ့်ကိစ္စဖြစ်ပါတယ်။ အနည်းဆုံးအားဖြင့် ၂၀၁၀ မှာကျင့်ပတော့မယ့် ရွေးကောက် ပွဲကို လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ကြိုးပမ်းဖို့ နအဖကိုတိုက် တွန်းတယ်ဆိုတဲ့ ဖေါ်ပြချက်မျိုးတွေကို ပြုလုပ်ပြီး ရွေးကောက်ပွဲကို တရားဝင်မှု ရသွား အောင် နအဖအကြိုက် ပံ့ပိုးပေးတာမျိုးတွေရှိလာနိုင်ပါတယ်။

ဂမ်ဘာရီရောက်လာပြီးနောက်ပိုင်းမှာ ဒီလို အဆိုးဆုံးတွေဖြစ်မလာနိုင်ရေးအတွက် ကြိုတင်ကာကွယ်ဘို့ အရေးတကြီးလိုအပ်လာပါပြီ။ အဲ့ဒါကတော့ နအဖရဲ့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ၊ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အမှီပြုပြီး ပြုလုပ်မယ့် ရွေးကောက်ပွဲမှန်သမျှနှင့် ရွေးကောက်ပွဲအရ ထွက်ပေါ်လာနိုင်တဲ့ ဘယ်အစိုးရကိုမှ တရားဝင်အသိအမှတ်မပြုနိုင်ဘူးဆိုတာကို ပြည်တွင်းပြည်ပက ပြည်သူ လူထု တရပ်လုံးအနေနဲ့ ကုလသမဂ္ဂနဲ့ ဂမ်ဘာရီကို ရှင်းရှင်းလင်းလင်းပိုင်းဝန်းအသိပေးထားဘို့ လိုအပ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

၂၀၀၈ ခုနှစ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရေးရာလှုပ်ရှားမှု

ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့တွင် နအဖဖွဲ့စည်းပုံအခြေခံဥပဒေ လူထုဆန္ဒခံယူပွဲနှင့်ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူးမှ နှီးနှောဖလှယ်ပွဲ ပြုလုပ်ခဲ့ခြင်းအပါ တင်ပြခြင်း

ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့တွင်ရှိသော ပူးပေါင်းလှုပ်ရှားမှုကော်မတီ (Joint Action Committees) တို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေ

အတွင်းရေးမှူး ဦးအောင်ထူးက ထိုနိုင်ငံများသို့ သွားရောက်ခဲ့ပါသည်။ ထိုပူးပေါင်းလှုပ်ရှားမှု ကော်မတီတွင် နိုင်ငံအသီးသီးများမှ မြန်မာ့ဒီမိုကရေစီလှုပ်ရှားရေးအဖွဲ့များမှ မဟာမိတ်များနှင့် မြန်မာတိုင်းရင်းသားအဖွဲ့အစည်းများ ပါဝင်ကြသည်။ ထိုအဖွဲ့မှ ဖိတ်ကြားရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထုဆန္ဒခံယူပွဲ" အား တိုက်ဖျက်သွားရမည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဦးအောင်ထူးအား ဖိတ်ကြားခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် ဦးအောင်ထူးသည် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိခဲ့သည်။ ဩစတြေးလျသို့ ရောက်ရောက်ချင်းမှာပင် Sydney မြို့မှာရှိတဲ့ ထိပ်တန်းရောက်သတင်းစာနှစ်ခုထဲက တခုဖြစ်တဲ့ Sydney Morning Herald သတင်းစာမှ သတင်းထောက်က ဦးအောင်ထူးအား နအဖစစ်အစိုးရ၏ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ အင်တာဗျူးလုပ်ခဲ့ပါသည်။ သတင်းထောက်၏ မေးမြန်းချက်အပေါ် ဦးအောင်ထူးမှ–

– ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်သည် စစ်တပ်အာဏာတည်မြဲဖို့အတွက် ရေးဆွဲထားသောဖွဲ့ စည်းပုံအခြေခံဥပဒေသာဖြစ်ကြောင်း၊ ဖမ်းဆီးချုပ်နှောင်ထားခံရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှာ သမ္မတဖြစ်လာ နိုင်ချေမရှိကြောင်း၊ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေအား မြန်မာလူထုအတွက် ဒီမိုကရေစီ အခွင့်အရေးမရှိကြောင်းနှင့် နိုင်ငံတကာ၏ ဖိအားပေးမှုအပေါ် နိုင်ငံတကာမှ ကျေနပ်သွားအောင် နအဖစစ်အစိုးရက ဒီဖွဲ့စည်းအခြေခံ ဥပဒေကို ဟန်ပြလုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ဦးအောင်ထူးက ပြောဆိုထားသည်။

The Sydney Morning Herald
Burmese to express anger with 'no' vote on referendum

– ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဒီလူထုဆန္ဒခံယူပွဲမှာ ထောက်ခံလိုက်လျှင် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)နှင့် တိုင်း/ပြည်နယ်လွှတ်တော်တွေမှာ စစ်အစိုးရအနေဖြင့် ထိုင်ခုံနေရာ လေးပုံတပုံ ရရှိသွားမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သူမဆို သမ္မတအဖြစ် ဝင်ရောက်ရွေးချယ်သူသည် စစ်တပ်အတွေ့အကြုံများရှိရမည်ဖြစ်သည်။ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအာဏာကြီး (၃)ရပ်စလုံးကို စစ်တပ်က ထိန်းချုပ်သွားနိုင်မည့် အနေအထားဖြစ်သည်၊ နိုင်ငံတော်၏အရေးပေါ်အခြေအနေကို စစ်တပ်က ကြေညာသွားနိုင်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအသစ်ကို ဖွဲ့စည်းပါကလည်း စစ်တပ်၏

ထိန်းချုပ်မှုအောက်မှာ ဖြစ်သွားလိမ့်မည်။

Sydney Morning Herald သတင်းစာတွင် မေလ (၂)ရက်နေ့က ဦးအောင်ထူး၏ ဖြေကြားချက်ကို ဓါတ်ပုံနှင့်တကွ ထည့်သွင်းဖော်ပြသွားပါသည်။

ဩစတြေးလျှနိုင်ငံ Sydney မြို့မှာရှိတဲ့ ပူးပေါင်းရေးလှုပ်ရှားမှု ကော်မတီ (Joint Act Committee -JAC)က ကမကထပြုလုပ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပတ်သက်၍ နှိုးနှောဖလှယ်ပွဲကို ၂၀၀၈ ခုနှစ်၊ မေလ (၃)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ထိုနှိုးနှောဖလှယ်ပွဲသို့ မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များ စုစုပေါင်း (၆၅)ဦး တက်ရောက်ခဲ့ပြီး၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးခဲ့ ပါသည်။

နှိုးနှောဖလှယ်ပွဲကို ဩစတြေးလျှ နိုင်ငံ အမျိုးသားဒီမိုကရေစီ အဖွဲ့လွတ်မြောက်နယ်မြေ ဥက္ကဋ္ဌ ဒေါက်တာ အေးကျော်နှင့် JAC အဖွဲ့အကြီးအကဲများက ကြီးကြပ်ဆောင်ရွက်ပါသည်။ Sydney မြို့ရှိ ရုံးမှ ဒါရိုက်တာ ဒေါက်တာမြင့်ချို အခမ်းအနားမှူး အဖြစ် တာဝန်ယူခဲ့သည်။ တက်ရောက်သူများက မေးခွန်းများ မေးမြန်းပြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားခဲ့သည်။ ထို့နောက် ဩစတြေးလျှအသံလွှင့်ဌာန Australian Broadcasting Centre (ABC) မှ ဦးအောင်ထူး အား အင်တာဗျူးပြုလုပ်ခဲ့ပြီး၊ မေလ (၄)ရက်နေ့ ရုပ်မြင်သံ ကြားတွင် ထုတ်လွှင့် ဖော်ပြခဲ့သည်။

၂၀၀၈ ခုနှစ်၊ မေလ (၇)ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ရှိသော ဂျပန်ရှေ့နေအဖွဲ့မှ Mr. Shogo Watanabe ESifh Ms. Yuki နှင့် JAC ခေါင်းဆောင်တဦးတို့နှင့်အတူ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ နှိုးနှောဖလှယ်ပွဲတခုကို ကျင်းပခဲ့ပါသည်။ နှိုးနှောဖလှယ်ပွဲတွင် ဂျပန်နိုင်ငံ သားများအပါအဝင် မြန်မာနိုင်ငံလှုပ်ရှားသူများ စုစုပေါင်း (၁၀၀)ဦးခန့် တက်ရောက်ကြပါသည်။ ဦးအောင်ထူးမှ နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း၊ လူထုဆန္ဒခံယူပွဲတို့နှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးခဲ့ပါသည်။ နှိုးနှောဖလှယ်ပွဲသို့ လိုက်ပါလာသော JAC ခေါင်းဆောင်များနဲ့ ဦးအောင်ထူးတို့က ဥပဒေရေးရာနှင့် ပတ်သက်၍ မြန်မာအဖွဲ့အစည်းတခု ဂျပန်တွင် ဖွဲ့စည်းတည်ထောင်သင့်ပါကြောင်း အကြံပေးခဲ့သည်။ ၄င်းအဖွဲ့အား လူထုဆန္ဒခံယူ ပွဲမှ လိမ်လည်ပြီး ရရှိသောဖွဲ့စည်းပုံ အတည်ပြုချက်များနှင့် လာမည့် ၂၀၁၀ ခုနှစ်၊ နအဖစစ် အစိုးရ ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကိုလည်း ဂျပန်အစိုးရအနေဖြင့် အသိအမှတ် မပြုရန် လိုက်လံစည်းရုံး သင့်ကြောင်းကို ထပ်မံအကြံပြုခဲ့ပါသည်။

လူထုဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ဩစတြေးလျှနိုင်ငံတွင် ကျင်းပပြုလုပ်ခြင်းနှင့် ပတ်သက်၍ RFA မှ ၂၀၀၈ ခုနှစ်၊ မေလ (၃)ရက်နေ့တွင် ဦးအောင်ထူးနှင့် ဒေါက်တာ မြင့်ချိုတို့အား အင်တာဗျူးပြုလုပ်ခဲ့ပါသည်။ မေးမြန်းဖြေကြားချက်ကို အောက်ပါ အတိုင်း တင်ပြလိုက်ရပါသည်။

RFA

ဩစတေးလျှနိုင်ငံအခြေစိုက် JACBB မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ကမကထပြုလုပ်ပြီး မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးကို ဖိတ်ကြားကာ စစ်အစိုးရရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ပတ်သက်တဲ့

လူထုဆန္ဒခံယူပွဲ အကြောင်းတွေကို စနေနေ့ မွန်းလွဲ (၁) နာရီမှ ညနေ (၅) နာရီခန့်ထိ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ အခုလို မြန်မာနိုင်ငံရှေ့နေများကောင်စီ အတွင်းရေးမှူး ဦးအောင်ထူးကို ဖိတ်ကြားခေါ်ယူဆွေးနွေးရတဲ့ ကိစ္စနဲ့ပတ်သက်လို့လည်း မြန်မာ့အရေးဆောင်ရွက်နေတဲ့ ကမ္ဘာ၇ျိုးအဖွဲ့ညွှန်ကြားရေးမှူးဒေါက်တာမြင့်ချိုက အခုလိုပြောကြားသွားပါတယ်။

ဒေါက်တာမြင့်ချို

ဒီအခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ ဘယ်လိုတိုက်ဖျက်သွားရမလဲဆိုတဲ့ လုပ်ငန်းစဉ်တွေကို စဉ်းစားလို့ရအောင် ကျွန်တော်တို့လုပ်တာကတစ်ကြောင်း၊ နောက်တစ်ခုက ဒီအချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် သြစတေးလျှအစိုးရအနေနဲ့ ဒါတွေကို ရှင်းရှင်းလင်းလင်း သဘောပေါက်နားလည်အောင် ကျွန်တော်တို့စည်းရုံးလှုံ့ ဆောင်သွားမဲ့ ကိစ္စမျိုးတွေကိုလည်း အားလုံးကသဘောတူအောင် စည်းရုံးတဲ့သဘောလည်းပါပါတယ်ခင်ဗျ။

RFA

ဒီကနေ့ပြုလုပ်တဲ့ဆွေးနွေးပွဲမှာ ဦးအောင်ထူးက ဘာတွေဆွေးနွေးပြောသွားလည်း ဆိုတာကိုလည်း အခုလိုပြောပြပါတယ်။

ဦးအောင်ထူး

အဓိကအချက်ကတော့ နအဖရဲ့ ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ စစ်အာဏာရှင်စနစ်က အစီအစဉ်တကျ သွတ်သွင်းပြီးတော့ ရေရှည်အာဏာတည်မြဲရေး လုပ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တယ်။ ကျွန်တော်ကနေ အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ ဖွဲ့စည်းပြီးတော့ အုပ်ချုပ်ရေးကဏ္ဍမှာ ထည့်သွင်းထားတဲ့ကိစ္စအပေါ်မှာ မီးမောင်းထိုးပြီးတော့ ရှင်းလင်းပြခဲ့တာပါ။ ဒီဖွဲ့စည်းပုံဟာ လူထုကလုံးဝ လက်မခံသင့်တဲ့ ဖွဲ့စည်းပုံဖြစ်တယ် ဆိုပြီးတော့ ကျွန်တော်ထောက်ပြတယ်။ ဒီဆန္ဒခံယူပွဲကို လူထုကသွားပြီးတော့ ကန့်ကွက်မဲပေးဖို့ လိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကန့်ကွက်မဲမပေးဘူးဆိုရင် နအဖကနေပြီးတော့ ပြဋ္ဌာန်းထားတဲ့အချက်က ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေကို မဲပေးပိုင်ခွင့်ရှိသူ ဘယ်လောက်ရဲ့ဦးရေမည်မျှက မဲပေးမှသာလျှင် အတည်ဖြစ်မယ်ဆိုတဲ့ ပြဋ္ဌာန်းချက် အတိအကျ လုံးဝမရှိဘူး။ ၂၀၀၈ ခုနှစ်ထဲမှာမပါဘူး၊ လက်ရှိနအဖ ဖွဲ့စည်းပုံမူကြမ်းထဲမှာဆိုရင် နောက်ဆုံးအသွင်ကူး ပြောင်းရေးကာလမှာသွားထည့်ထားတယ်။ သွားထည့်ထား တဲ့ပြဋ္ဌာန်းချက်က တကယ်တော့တရားမဝင်ဘူး၊ ဒါပေမယ့် လက်တွေ့မှာ ဒီပြဋ္ဌာန်းချက်အတိုင်းဖြစ်သွားနိုင်တယ်။ ဘယ်လိုဖြစ်သွားနိုင်လည်းဆိုတော့ ဆန္ဒမဲပေးပိုင် ခွင့်ရှိသူဦးရေ (၁၀၀)ဖြစ်ရပ်မှာ ထက်ဝက်ကျော်က လာရောက်ဆန္ဒမဲလာပေးခဲ့ရင် အတည်ဖြစ်သွားနိုင်တယ်။ (၅၁) ယောက်လာပေးသည်ဖြစ်မယ်။ (၅၁) ယောက်ထဲမှာမှ (၂၆)ယောက်က ထောက်ခံပြီး၊ (၂၅)ယောက်က ကန့်ကွက်ရင် (၂၆)ယောက်မဲနဲ့ပဲ အတည်ဖြစ်သွားမယ်။ ဒီလိုရှိတာကြောင့်မို့ နအဖရဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို လူထုကိုယ်တိုင် မဲရုံကို သွားပြီးတော့ ကန့်ကွက်မဲများကို သွားရောက်ထည့်ရမှာဖြစ်ပါတယ်။

ဦးသန်းနိုင်ထွေး စုစည်းတင်ပြသည်။

မဲရုံတရုံတွင် ပြည်သူများ၏ ဆန္ဒမဲပေးခဲ့ကြသည့်အနေအထားကို လေ့လာစောင့်ကြည့်တင်ပြခြင်း

ဦးသန်းနိုင်ဇွား
၁၉၊ ၅၊ ၂၀၁၈

မြန်မာစစ်အစိုးရသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကို ပြဋ္ဌာန်းပြီး မေလ(၁၀)ရက်နေ့နှင့် (၂၄)ရက်နေ့တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပြုလုပ်ခဲ့ပါသည်။ မေလ(၁၀)ရက်နေ့တွင် ပြုလုပ်သောပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ကြိုတင်သတ်မှတ်ထားသော မြို့နယ်တခုရှိ မဲရုံတရုံအားအခြေခံ၍ စောင့်ကြည့်လေ့လာခဲ့သမျှကို အောက်ပါအတိုင်း တင်ပြလိုက်ရပါသည်။

ဆန္ဒခံယူပွဲမပြုလုပ်မီအခြေအနေ

(၁) ဒေသခံပြည်သူများ၏ဆောင်ရွက်မှု

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မယက)မှ အောက်ပါဌာနဆိုင်ရာရုံးများအား မြို့နယ်ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းပေးထားသည်ကို သိရှိခဲ့ရပါသည်။

(၁) မြို့နယ်ပညာရေးရုံး
(၂) မြို့နယ်ဥပဒေရုံး
(၃) မြို့နယ်လယ်ယာစိုက်ပျိုးရေးနှင့်ဆယ်မြောင်ဝန်ကြီးဌာနရုံး
(၄) မြို့နယ်မြေစာရင်းဦးစီးဌာနရုံး
(၅) မြို့နယ်ပြန်ကြားရေးရုံး
(၆) မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံး
(၇) မြို့နယ်ကျန်းမာရေး

(၁–က)ဝန်ထမ်းတစ်ဦး၏ပြောပြချက်

မယက၏ညွှန်ကြားချက်အရ အချို့ဌာနဆိုင်ရာဝန်ထမ်းများသည် ပြည်သူများထံမှ ထောက်ခံမဲရရှိရန် အတွက် ရပ်ကွက်အတွင်း ကွင်းဆင်းစည်းရုံးပေးရပါသည်။ ထိုသို့စည်းရုံးရာတွင် မိမိတို့ရပ်ကွက်၌ တစ်အိမ်တစ်ယောက် မတက်မနေရ ခေါ်ယူ၍ ဟောပြောစည်းရုံးခဲ့ပါသည်။ အဝတ်အထည်၊ စားသောက်ကုန်ပစ္စည်းများကို အသုံးပြုပြီး ပြည်သူများအား ထောက်ခံမဲပေးရေးအတွက် စည်းရုံးခြင်းများပြုလုပ်ခဲ့သည်ဟု ကိုယ်တိုင်စည်းရုံးရေးဆင်းသူ ဝန်ထမ်းတဦးက ပြောပါသည်။ အဆိုပါဝန်ထမ်းက ပြည်သူများကို ထောက်ခံမဲပေးရန် စည်းရုံးနေ

ရသော်လည်း မိမိတို့ကိုယ်တိုင်သည်ပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ကို မတွေ့ဖူး၊ မဖတ်ဖူးပါ။ မယကမှ ဖြန့်ဝေပေးထားသည့် လက်ကမ်းစာစောင်များကိုသာဖတ်ပြီး စည်းရုံးရေးဆင်းရတာပါလို့ အဆိုပါဝန်ထမ်းက ဆက်လက်ပြောပြပါသည်။

(၁–ခ) ရပ်ကွက်လူကြီးများ၏ပြောဆိုချက်

ဆန္ဒခံယူပွဲမတိုင်မီတစ်ရက်အလိုမှာ ရပ်ကွက်လူကြီများက မဲလာထည်လျှင်တပါးတည်ယူဆောင်လာရမည့်ကဒ်များကို လိုက်လံပေးဆောင်ရင်း ထိုရပ်ကွက်လူကြီးများက အလုပ်မအားသူများကိုယ်စား အိမ်သားတဦးမှ ကိုယ်စားပေးနိုင်ကြောင်းနှင့် ထောက်ခံမဲကိုသာထည့်ရန် တိုက်တွန်းနေတာကိုတွေ့ရှိရသည်။ မဲလာရောက်ထည့်သည့်အခါ တပါးတည်းယူဆောင်လာရမည့် အုံးခွံရောင် (၂ × ၁)လက်မအရွယ် တုံကင်ကဒ် တွင် **မဲရုံအမှတ်၊ အမည်၊ အဖအမည်နှင့် အမှတ်စဉ်နံပါတ်များ** ပါရှိပါသည်။ နိုင်ငံသားစိစစ်ရေးကဒ် မရှိသောသူများအတွက် ထိုကဒ်များအပြင် ယာယီသက်သေခံကဒ် (အဖြူရောင်)ပါ တပါးတည်း ပါရှိတာကို တွေ့ရပါသည်။ အိမ်၌ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသက်(၁၈)နှစ်ပြည့်ပြီး၊ စာရင်းပေးသွင်းထားသူအားလုံးကို ထိုကဒ်ပြားများ ပေးပါသည်။ ရပ်ကွက်ပြည်သူများက မသိနားမလည်၍ ဘာအတွက်ပေးတာလဲ၊ ဒါတွေဘာလုပ်ရမှာလည်း၊ အိမ်ကသူတွေအလုပ်မအားကြပါဘူးစတာတွေကို မေးမြန်းပြောဆိုရာ၊ ထိုရပ်ကွက်လူကြီးများက သေသေချာချာ ရှင်းလင်းပြောကြားခြင်းမရှိဘဲ မဲရုံကိုသွားရင် တပါးတည်းယူဆောင်လာပါ၊ တအိမ်မှာ တစ်ယောက်လာရင်ရပြီး၊ မဲရုံရောက်ရင် ကျနော်တို့စီစဉ်ပေးမယ်လို့ အော်ဟစ်၍ပြောဆိုပါသည်။

ထိုရပ်ကွက်လူကြီးများ ပြန်ထွက်သွားပြီးနောက် ရပ်ကွက်သူရပ်ကွက်သားများမှာ ထမင်းတနပ်စားရဖို့ ရုန်းကန်နေရတဲ့အထဲ ဘာတွေလာရှုပ်ပြန်းပြီးလဲဆိုတာကို ပြောသံကတမျိုး၊ အလုပ်မရှိအလုပ်ရှာပြီး သက်သက် ဒုက္ခလာပေးတာလို့ပြောသံကတဖုံ မကျေမနပ်ဖြင့်ပြည်သူများ၏ ရင်ထဲတွင်ရှိနေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

(၁–ဂ)(၁)ပြည်သူတစ်ဦး၏ပြောပြချက်

ဖွဲ့စည်းပုံအခြေခံဥပဒေဟောပြောပွဲသို့ တက်ရောက်ခဲ့သော ရပ်ကွက်ပြည်သူတစ်ဦးကို ဟောပြောပွဲမှာ ဘာတွေပြောတာလဲဟု မေးမြန်းကြည့်ရာ အစိုးရဝန်ထမ်းတွေက အခုအုပ်ချုပ်နေတဲ့ပုံစံကို ကြိုက်ပါသလားလို့ ကျနော်တို့ကို မေးပါတယ်၊ ကျနော်တို့က မကြိုက်ဘူးလို့ ပြန်ပြောခဲ့ပါတယ်၊ မကြိုက်ရင် ဒီမိုကရေစီကို လိုချင်တယ်ပေါ့၊ ဒီမိုကရေစီကိုလိုချင်ရင် ထောက်ခံမဲပေးပါလို့ ကျနော်တို့ကို ပြန်ပြောပါသည်။ နောက်တော့ ဟောပြောပွဲကို တက်ရောက်တဲ့သူတွေကို ဆီတစ်ဘူးဆီပေးပါတယ်။ တခြားသူတွေတော့ အကျီပေးတာတွေ့ရပါတယ်။

(၁–ဂ)(၂)ပတ်စပို့ပြုလုပ်သူတဦး၏ပြောပြချက်

ထိုင်းနိုင်ငံတွင် အလုပ်သွားလုပ်ရန် ပတ်စပို့ပြုလုပ်သူတစ်ဦး၏ ပြောပြချက်အရ ပတ်စပို့ပြုလုပ်ရန်အတွက် ပထမအနေဖြင့် ကျေးရွာရုံးတွင် ထိုကျေးရွာတွင်နေထိုင်ကြောင့်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ကြောင်း ထောက်ခံစာပြုလုပ်ရပါသည်။ ထိုနောက် မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ပုံစံ–၁၇ ကိုထုတ်ရပါသည်။ ပုံစံ–၁၇ ထုတ်ရာတွင် ငွေကျပ် နှစ်သောင်း ကုန်ကျပါသည်။ ကျနော်နှင့်အတူသွားကြမည့် သူငယ်ချင်း(၂)ယောက်လဲ ထိုငွေအတိုင်းကုန်ကျပါသည်။

ကျနော်တို့ (၃)ဦးသည် ရန်ကုန်သို့တက်လာပြီး ပတ်စပို့ ထုတ်ပေးသောရုံးသို့ သွားရောက်လျှောက်ထားပါသည်။ ထိုပတ်စပို့ထုတ်ပေးသောရုံးမှ တာဝန်ရှိသူ အရာရှိတစ်ဦးက ဆန္ဒမဲထည့်ပြီးလားဆိုတာကိုမေးပါသည်။ မိမိတို့မှ မဲမထည့်ရသေးကြောင်းနှင့် မဲစာရင်းတွင်မပါဝင်ကြောင်း ပြောပြရာ၊ ဘယ်သွားနေတာလဲဟု ပြန်လည်မေးပါသည်။ ကျနော်တို့ကလည်း ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်နေကြောင်း၊ စားဝတ်နေရေးအတွက် အလုပ်လုပ်နေခြင်းဖြစ်ကြောင်းပြန်လည် ပြောဆိုပါသည်။ ထိုအရာရှိမှဆက်လက် ပြောရာတွင် မင်းတို့ထောက်ခံမဲထည့်သွားရမည်၊ ငါ့အရှေ့မှာထည့်ရမှာဖြစ်တယ်လို့ ပြန်လည်ပြောကြားပါသည်။ ကျနောမှ သူငယ်ချင်းများထည့်လျှင် ထည့်မည်ဟုပြန်လည်ပြောကြားပါသည်။ သူငယ်ချင်းများမှ ထောက်ခံမဲ မထည့်သည့်အတွက် ကျနော်တို့ မိမိတို့ရပ်ရွာသို့ပြန်လာခဲ့ရပါသည်။

(၂) ကြိုတင်ဆန္ဒမဲကောက်ယူခြင်း

မြို့နှင့်အလှမ်းဝေသော ရွာများနှင့် တောင်ခြေရွာများကို ကြံ့ခိုင်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ကွင်းဆင်းပြီး ကြိုတင်ဆန္ဒမဲများကို ကောက်ယူခဲ့တယ်ဆိုတာ သိရှိရပါသည်။ ထိုကဲ့သို့ကောက်ယူရာတွင် မြို့နယ်နှင့်ရပ်ကွက်အတွင်းရှိ နေထိုင်မကောင်းသူများနှင့် လမ်းမလျှောက်နိုင်သော သက်ကြီးရွယ်အိုများထံမှလည်း ကြိုတင်ဆန္ဒခံမဲများအား ကောက်ယူခဲ့တာကို တွေ့ရှိရပါသည်။ ထိုသို့ ကောက်ယူရာတွင် **ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကျနော်တို့ပြည်သူတွေအတွက် အခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းထားပါတယ်၊ ကျေးရွာတွေမှာ ကျောင်းတွေဆောက်ဖို့၊ ဆေးပေးခန်းတွေဆောက်ဖို့၊ နောက်ဆုံး ကျေးရွာတိုးတက်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်း ထားပါတယ်။ ရွာသူရွာသားတွေ အခွင့်အရေးတွေရဖို့၊ ရွာတိုးတက် ဖွံ့ဖြိုးဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုမှရမှာပါ။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည် ပြုဖို့အတွက် ကျနော်တို့ပေးမည့် စာရွက်ပေါ်မှာ ထောက်ခံမဲခြစ်ကြပါဆိုပြီး** ကြိုတင် ဆန္ဒမဲများကို ရယူခဲ့ပါသည်။ သို့ရာတွင် ရပ်ကွက်လူထုက ဘာဖြစ်လို့ ထည့်ရပါသလဲဟု မေးမြန်း ရာ အခြေခံဥပဒေတွင်ပါဝင်သော ပုဒ်မများကို ကိုးကားရှင်းလင်းခြင်းမရှိဘဲ အလွတ်သဘော သာ ရှင်းပြခဲ့သည်ကို တွေ့ရပါသည်။ လူထုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို မြင်ဖူးခြင်းမရှိပါ။ ထိုကြိုတင်ဆန္ဒမဲစာရွက်တွင် အမည်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ ထောက်ခံအကွက်နှင့် ကန့်ကွက်အကွက် များပါရှိပါသည်။

(၃) ပြည်သူများ၏စိတ်ဝင်စားမှု

စုံစမ်းမေးမြန်းသမျှ ရပ်ကွက်ပြည်သူများသည် မေလ(၁၀)ရက်နေ့တွင်ပြုလုပ်မည့် ဆန္ဒခံယူပွဲကို အများ အားဖြင့် ဘာအတွက်လုပ်တယ်ဆိုတာကိုတောင် မသိဖြစ်နေတာကိုတွေ့ရပါသည်။ အောက်ပါအချက်အလက် တချို့ကို တင်ပြလိုက်ပါသည်။

(က) တချို့ပြည်သူများက လက်ရှိအစိုးရထောက်ခံရမလား၊ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံရ မလားဆိုတာကို လုပ်နေတယ်လို့ ထင်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို

ဆန္ဒခံယူပွဲပြုလုပ်တာလို့ သိသူ အလွန်နည်းပါသည်။

(ခ) ပညာတတ်အသိုင်းအဝိုင်းနှင့် ဘီဘီစီ၊ အာအက်ဖ်အေတို့ကို စိတ်ဝင်တစား နားထောင်သူ တချို့သာ သိရှိတာကို တွေ့ရပါသည်။ ထိုသူများသည်လည်း မြန်မာစစ်အစိုးရမှ ထုတ်ပြန်သော ဖွဲ့စည်းပုံအခြေခံဥပဒေအား အဖြူလား၊ အမည်းလားဆိုတာတောင် မသိကြပါ။ တွေ့ဖူးမြင်ဖူးခြင်းမရှိသည်ကို သိရှိရပါသည်။

(ဂ) စုံစမ်းသိရှိရသ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဌာနဆိုင်ရာအရာရှိကြီးများသာ တစ်အုပ်ကျစီ ရရှိ သည်ဟု ဝန်ထမ်းများ၏ ပြောပြချက်အရသိရှိရပါသည်။

(ဃ) စစ်တမ်းကောက်ယူသော ဒေသရှိ မျက်မြင်တွေ့ရှိချက်အရ လေဘေးဒဏ်ခံနေရသော ပြည်သူများသည် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းနေရခြင်း၊ လျှပ်စစ်မီရရှိရေးကို လုံပန်းနေရခြင်း၊ အိမ်ခေါင်မိုးများကို ပြင်နေရခြင်းနှင့် ကုန်စျေးနှုန်းကြီးမြင့်လာမှုကြောင့် အလုပ်ကိုသာဖိလုပ်နေရခြင်းတို့ကြောင့် ပြည်သူများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လည်းစိတ်ဝင်စားမှုမရှိခြင်း၊ ဆန္ဒခံယူပွဲကိုလည်း ပြီးရင်ပြီးရောဆိုပြီး လုပ်ဆောင်နေသည်ကို တွေ့ခဲ့ရပါသည်။

(င) အခြားဒေသရှိ ပြည်သူလူထုမှာလည်း မုန်တိုင်းဒဏ်ခံနေရသည့် လေဘေးသတင်းကိုသာ စိတ်ဝင်စားနေကြပါသည်။

ဆန္ဒခံယူပွဲပြုလုပ်သောနေ့အခြေအနေ

မဲဆန္ဒခံယူပွဲပြုလုပ်သောနေ့ (မေလ–၁၀ ရက်နေ့) နံနက် ၆း၀၀ တွင် မီးသတ်တပ်ဖွဲ့ဝင်(၃)ဦးက ရပ်ကွက်အတွင်းရှိ ပြည်သူများကို မဲလာရောက်ထည့်ကြပါရန် လမ်းလျှောက်၍ လိုက်လံနှိုးဆော်တာကို တွေ့ရပါသည်။ ရပ်ကွက်ပြည်သူများမှာ တချို့က တအိမ်တွင်(၃) ယောက်သွားသလို တချို့က တအိမ်လုံးမှာရှိသည့် ဆန္ဒပေးခွင့်ရှိသူ အားလုံးကိုယ်စား တစ်ယောက်တည်းသွားတာကို တွေ့ရပါသည်။ မဲရုံကို သွားရောက်သော ဆန္ဒမဲရှင်အများစုသည် အနည်းဆုံး ကိုယ်စားပြုသူ (၃)ဦး၏ မဲများကိုထည့်ရန် လာရောက်သူများဖြစ်သည်ကို တွေ့ရပါသည်။

(၈) မဲရုံပြင်ဆင်မှု

(က–၁) မဲရုံအနေအထား

စစ်တမ်းကောက်ယူသောနယ်မြေတွင် မဲရုံများအဖြစ် အခြေခံမူလတန်းကျောင်းများကို အသုံးပြုထားသည်ကိုတွေ့ရပါသည်။ ဆန္ဒပြုခန်းကို (၃)ခန်းထားရှိပြီး၊ တခန်းနှင့်တခန်းကို ပိတ်စများဖြင့်ကာထားကာ အခန်းတခုတွင် စာရေးစာပွဲတစ်လုံးစီနှင့် ဘောပင်တစ်ချောင်းစီ ချည်ထားတာကိုတွေ့ရပါသည်။ ဆန္ဒပြုခန်းအဝကို လိုက်ကာနှစ်ခြမ်းခွဲထားကာ ဆန္ဒပြုသူများ မည်သို့ရေးခြစ်သည်ကို တွေ့နိုင်အောင်ဖန်တီးထားတာကို တွေ့ရပါသည်။ စုံစမ်းသိရှိရသလောက် ထိုဆန္ဒပြုခန်းပြုလုပ်သော ပိတ်စများသည် နီးစပ်ရာဘုန်းကြီးကျောင်းမှ ၄ားရမ်းအသုံးပြုထားသည်ဟု သိရပါသည်။ ဆန္ဒပြုခန်းများ၏ ရှေ့တည့်တည့်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မဲပုံးအဖြူကို ထားရှိထားသည်။ မဲပုံး၏ တဖက်တွင် မဲစာရင်းစစ်ဆေးသူ(၂)ဦးနှင့် ဆန္ဒမဲကဒ်

ထုတ်ပေးသူ(၂)ဦး တို့အား စာပွဲခုံ(၂)လုံးဖြင့် ထားရှိထားပါသည်။ မဲပုံး၏အခြားတဖက်တွင် ကြီးကြပ်သူ၊ မဲရုံမှူး၊ လုံခြုံရေးနှင့် မဲရုံအကူတို့အား စာပွဲ(၄)လုံး ထားရှိအသုံးပြုထားပါသည်။

(က–၂) မဲပုံးအနေထား

မဲပုံးကို (၁) ပေခွဲပတ်လည် အံစာတုံးပုံစံ သုံးထပ်သားဖြင့်ပြုလုပ်ထားပါသည်။ ထိုမဲပုံးကို သင်္ဘောဆေး အဖြူရောင်သုတ်ထားပါသည်။ မဲပုံး၏ အထက်မျက်နှာပြင်တွင် ဆန္ဒမဲပြားများ ထည့်နိုင်ရန် (၉ × ၁ ဒသမ ၅) လက်မရှိ အပေါက်ကိုပြုလုပ်ထားပါသည်။ မဲပုံးပတ်လည်ကို ချိတ်ပိတ်ထားခြင်းမတွေ့ရှိရဘဲ၊ သံဖြင့်သာရိုက် ပိတ်ထားသည်ကို တွေ့ရပါသည်။

(ခ) မဲရုံတွင်ပါဝင်သူများ

မဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ(၂)ဦးနှင့် ဆန္ဒမဲကဒ်ထုတ်ပေးသူ(၂)ဦးတို့မှာ မူလတန်းပြ ဆရာမများဖြစ်ကြပါသည်။ ကြီးကြပ်သူမှာ ရပ်ကွက်မှ ရပ်မိရပ်ဖလူကြီး(၁)ဦးဖြစ်ပြီး၊ လုံခြုံရေး နှင့်မဲရုံအကူမှာ မီသတ်ဝန်ထမ်း များဖြစ်ကြသည်။ ထို့အပြင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ အမျိုးသမီး (၂)ဦးကိုတွေ့ရှိရသည်။ မဲရုံအပြင်ဘက်တွင် မီးသတ် (၄)ဦးမှာ မလှမ်းမကမ်း တွင် လှည့်လည်စောင့်ကြည့်နေတာကို တွေ့ရပါသည်။ စုစုပေါင်း (၁၃)ဦးကိုတွေ့ရပြီး၊ ထိုပုဂ္ဂိုလ် များအားလုံးသည် သက်ဆိုင်ရာ ယူနီဖောင်းများကိုဝတ်ဆင်ထားပါသည်။

(ဂ) ဆန္ဒမဲထည့်နေသောမြင်ကွင်း

မဲရုံသို့လာရောက်သော မဲဆန္ဒရှင်များကို လုံခြုံရေးတာဝန်ယူသော မီးသတ်အဖွဲ့မှ မဲရုံထဲသို့ဝင်ရန် ညွှန်ပြပေးပါသည်။ မဲဆန္ဒရှင်များသည် အသင့်ယူလာသော ကဒ်ပြားများကို

မဲစာရင်းစစ်ဆေးသူထံပြကြပါသည်။ နိုင်ငံသားစိစစ်ရေး ကဒ်များယူလာစရာမလိုပါ။ ကြိုတင်ပေးထားသော အုန်းခွံရောင်(၂ × ၁)လက်မအရွယ် တုံ့ကင်ကဒ်များကိုသာ ယူဆောင်လာလျှင် လုံလောက်ပါသည်။ ထိုတုံ့ကင်ကဒ်များ ကို မဲစာရင်းစစ်ဆေးသူရှေ့တွင် ထပ်တင်ရပါသည်။ မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်များ ထပ်တင်ထားသော တုံ့ကင် ကဒ်ကိုကြည့်၍ နာမည်များကိုခေါ်ကာ မဲစာရင်းနှင့် တိုက်ကြည့်စစ်ဆေးပါသည်။ ထို့ နောက် မဲဆန္ဒရှင်နာမည် ပါသောဇယားကွက်၏ ညာဖက် အစွန်ဆုံးတွင် မဲဆန္ဒရှင်အား လက်မှတ်ထိုးစေပါသည်။ လက်မှတ်ထိုးပြီးနောက် မဲကဒ်ပြားထုတ်ပေးသူမှ ဆန္ဒမဲကဒ်ပြားများကို ထုတ်ပေးပါသည်။ ထူးခြားချက်မှာ မဲစာရင်းစစ်ဆေးသူထံကို ကဒ်ပြားများထုတ်ပေးရာတွင် မဲဆန္ဒရှင်တစ်ဦးမှ ဆန္ဒမဲပေး ခွင့်ရှိသူ ၄င်း၏မိသားစုဝင်များကိုယ်စား မဲပေးလိုကြောင်းပြောပါက ဆန္ဒမဲလက်မှတ် ကို ထုတ်ယူခွင့် ပြုပါသည်။

ဆန္ဒမဲကဒ်ရရှိသူများကို ပိတ်စများကာထားသော ဆန္ဒပြုခန်းသို့ မဲရုံလုံခြုံရေးနှင့် မဲရုံ အကူများမှ လိုက်လံပို့ဆောင်ပါသည်။ ဤနေရာတွင် အသက်ကြီးသူများနှင့် မသိနားမလည် သောသူများက ဒါကိုဘာလုပ်ရမလဲဟု မေးမြန်းရာ ပြန်လည်ရှင်းပြခြင်းမရှိဘဲ မဲရုံမှူးမှ မဲရုံအကူ နှင့် မဲရုံလုံခြုံရေးတို့ကို ခေါ်သွားရန်သာ ပြောပါသည်။ ၄င်းတို့မှ မဲဆန္ဒရှင်ကို မဲဆန္ဒပြုခန်းအထဲထိ

ခေါ်ဆောင်သွားပြီး၊ ဆန္ဒမဲစာရွက်ပေါ်တွင် ဒီလိုရေးခြစ်ရတယ်ဟု ပြောပြီး ၄င်းတို့ကိုယ်တိုင် အမှန်ရေးခြစ်ပေးပါသည်။ ပြီးနောက် ဆန္ဒမဲစာရွက်ကို ခေါက်ပြီး ဆန္ဒမဲပုံးတွင် သွားထည့်ရန် ညွှန်ပြပြောဆိုတာကို မျက်မြင်တွေ့ခဲ့ရပါသည်။

ပညာတတ်အသက်ငယ်ရွယ်သူများကို ထိုကဲ့သို့လုပ်ဆောင်ခြင်းမရှိပါ။ သို့သော်လည်း မဲရုံအကူနှင့် မဲရုံလုံခြုံရေးများက ဆန္ဒပြုခန်းဝတွင်စောင့်နေပြီး အမှန်ရေးခြစ်ရန် ဖိအားပေးပြောဆိုနေတာကို တွေ့ရပါသည်။ ဘယ်အစိုးရတက်တက်ကိုယ့်ထမင်းကိုယ်ရှာစားရမှာပဲ၊ ဗိုက်ဝပြီးသူဟာ အစာထပ်မစားချင်တော့ဘူး၊ စားရင်လည်းအနည်းငယ်ပဲ၊ မစားရသေးသူဟာ ဗိုက်ဆာတဲ့အတွက် စားတော့မှာဖြစ်တယ်၊ ဒါကြောင့် လက်ရှိအစိုးရကိုပဲ ထောက်ခံလိုက်ပါ၊ အမှန်ကိုသာခြစ်ပေးလိုက်ပါ၊ အမှန်ကိုမခြစ်ရင်တော့ နောက်နှစ် (၂၀)ထပ်ကြာသွား အုံးမယ်ဆိုပြီး မဲရုံလုံခြုံရေးရဲ့ ပြောဆိုသံကို ကိုယ်တွေ့ကြားခဲ့ရပါသည်။

(ဃ) မိမိကိုယ်တိုင် မဲထည့်ရသောအခြေအနေ

မိမိအနေဖြင့် မိမိ၏ဆန္ဒမဲအပါအဝင် ကိုယ်စားမဲ(၄)မဲ၊ စုစုပေါင်း (၅)မဲကို (၃)ကြိမ်ခွဲ၍ မဲရုံသို့သွား ရောက်မဲထည့်ခဲ့ပါသည်။ အဆိုပါမဲထည့်စဉ်ကာလ မဲရုံကို စောင့်ကြည့်လေ့လာခဲ့ပါသည်။ နံနက် (၆း၀၀)နာရီ မဲရုံစဖွင့်ဖွင့်ချင်း မိမိနှင့် အစ်ကိုဖြစ်သူ၏ကိုယ်စား မဲ(၂)စောင်ကို သွားရောက်ထည့်ခဲ့ပါသည်။ တချို့အလုပ်သွားရန်၊ ဈေးရောင်းထွက်ရန်၊ လယ်ထဲဆင်းရန် ရှိကြသဖြင့် (၆း၀၀) မှ (၈း၀၀)ထိ လူများ၍ တိုးဝှေ့ထည့် နေရပါသည်။ လူများသည့်အတွက် အခန်း၀တွင်စောင့်ကြည့်နေသော လုံခြုံရေး၏အလစ်တွင် မိမိ၏ဆန္ဒအတိုင်း ဆန္ဒမဲပြားပေါ်တွင် ကြက်ခြေခတ်၍ နှစ်ခေါက်ချိုးခေါက်ကာ မဲပုံးသို့ထည့်ခဲ့ပါသည်။ မဲရုံစောင့်များမမြင်ရန် အလျှင်အမြန်လုပ်ခဲ့ရသဖြင့် လွတ်လွတ်လပ်လပ်မရှိဟု ခံစားရပါသည်။ သို့သော်လည်း ကျနော့် စိတ်ထဲတွင် ထိုသို့လုပ်ရတာကို ကျေနပ်မိသလို ခံစားရပါသည်။ စိတ်ထဲပျော်ရွှင်သလို ခံစားရပါသည်။ မဲပုံးထဲတွင် ဘာမှမရှိကြောင်း မဲရုံမှူးမှ ပြသတာကို ကြည့်ချင်သဖြင့် အစောဆုံးမဲသွားထည့်သော်လည်း မဲရုံမှူးမှ ထိုသို့ပြုလုပ်ခြင်းမရှိခဲ့ပါ။ မဲရုံတွင် ကျနော်တို့အုပ်စုမှ အစောဆုံးရောက်ခဲ့ပါသည်။

ဒုတိယအကြိမ် မဲရုံသို့ သွားရောက်ခြင်းမှာ ကျနော့အမန္တစ်ယောက်မှ ကိုယ်စားမဲသွားထည့်ပေးရန် ပြောသဖြင့် ၄င်းတို့၏ တုံ့ကင်ကဒ်လက်မှတ်များကိုယူဆောင်ပြီး နေ့လည် (၁၁း၀၀) နာရီတွင် မဲရုံသို့ ထပ်မံသွားရောက်ပါသည်။ ထိုအချိန်တွင် မဲရုံမှာ လူရှင်းသွားပြီး တစ်ဦးစနှစ်ဦး စသာ ရှိပါသည်။ မိမိအား မဲရုံအကူမှ ထည့်ပြီးပြီမဟုတ်လားဟု မေးသဖြင့် အမတ္တေ မအားလို့ ကိုယ်စားလာထည့်တာလို့ ပြန်ဖြေပြီး တုံ့ကင်ကဒ်လက်မှတ်ကို မဲစာရင်းစစ်ဆေးသူထံ ကမ်းပေးလိုက်ပါသည်။ မဲစားရင်းစစ်ဆေးသူမှ အမတ္တေရဲ့ နာမည်အတိုင်းသာ လက်မှတ်ထိုးရန်ပြောသဖြင့် အတိုကောက်စာလုံးများကို ရေးရပါသည်။ ဆန္ဒမဲ ကဒ်ထုတ်ပေးသူမှ ဆန္ဒမဲကဒ် (၂)စောင်ကိုထုတ်ပေးပြီး မဲရုံအကူနှင့်လိုက်သွားရန်ပြောပါသည်။ မဲရုံအကူမှ မိမိနှင့်အတူ ကပ်၍လိုက်မပါလာစေရန် ဆန္ဒပြုခန်းထဲသို့ ခြေလှန်းမြန်မြန်ဖြင့် သွားခဲ့ပါသည်။ ဆန္ဒပြုခန်းထဲသို့ရောက်သည်နှင့် မိမိကိုယ်လုံးဖြင့် ကွယ်ကာ ဆန္ဒမဲပြားပေါ်တွင် ကြက်ခြေခတ်အမှတ်အသားကို

အမြန်ရေးခြစ်ပြီး ခေါက်လိုက်ရပါသည်။ မိမိကြိုတင်ခန့်မှန်းထားသည့်အတိုင်း မဲရုံအကူသည် ဆန္ဒပြုခန်းဝသို့ ရောက်သည်နှင့် မိမိသည်ပြန်ထွက်လာပြီး ဆန္ဒမဲပုံးထဲသို့ထည့်ကာ ထွက်လာခဲ့ပါသည်။

နေ့လည် (၁း၀၀)နာရီတွင် မဲရုံလုံခြုံရေးကို စောင့်ကြပ်နေသော မီးသတ်အဖွဲ့ဝင်များမှ မဲထည့်ရန် ကျန်ရှိနေသူများကို မဲလာထည့်ကြရန် အိမ်တိုင်ရာရောက် လာခေါ်ပါသည်။ ယောက်ဖဖြစ်သူမှာ မဲမထည့်ရသေးသောကြောင့် မိမိအားကိုယ်စားသွားထည့်ပေးရန် ပြောဆိုရာ မိမိမှ ၄င်း၏တုံ့ကင်ကဒ်ပြားကိုယူဆောင်ကာ မဲရုံသို့ (၃)ကြိမ်မြောက် သွားရောက်ပါသည်။ ယခုတကြိမ်တွင် နောက်ဆုံးမဲပေးရန်စီစဉ်၍ သွားရောက်ခဲ့ပါသည်။ မဲရေတွက်တာကို တွေ့မြင်ရမှာပဲဆိုသည့်အတွေးဖြင့် မဲသွားထည့်ခဲ့ပါသည်။ ဒီတကြိမ်တွင်လည်း ဆန္ဒပြုခန်းတွင် ယခင်ကဲ့သို့ပင် ကိုယ်လုံးကိုကွယ်၍ ဆန္ဒမဲတွင် ကြက်ခြေခတ်ရေးခြစ်၍ မဲပုံးထဲသို့ထည့် ပါသည်။ ကျနော်တို့ အခုမဲလာထည့်တာ နောက်ဆုံးပဲလားလို့မေးသည့်အခါ မဲရုံမျူးမှ နောက်ဆုံးပါပဲဟု ပြောဆိုပါသည်။ အိမ်နီးနီးလေးဖြစ်ပြီး ဘာလို့နောက်ကျတာလဲလို့ အော်ငေါက်ခံ ခဲ့ရပါသည်။ သို့ရာတွင် မဲပေးသူကုန်ဆုံးပြီးဖြစ်သော်လည်း မဲရုံကိုပိတ်သေးခြင်း မရှိပါ။ နောက်ဆုံး ဆယ်ယောက်တွင် ပါဝင်သော်လည်း မဲရေတွက်ခြင်း မရှိသည်ကိုတွေ့ရပါသည်။

ကျနော်မှ မဲရေတွက်လို့ရပြီးမဟုတ်လားလို့ မဲရုံမျူးကို ပြောသည့်အခါ ညနေ (၄း၀၀)မှ ရေတွက်မယ်လို့ပြန်ပြောပါသည်။ သည်လိုနှင့် ညနေ (၄း၀၀)နာရီတွင် မဲရုံသို့ထပ်မံ သွားရောက်သောအခါ မဲရုံတွင်မည်သူမှမရှိတော့ပေ။ ပတ်ဝန်ကျင်အားစုံစမ်း မေးမြန်းသည့်အခါ မဲရေတွက်သည့်အကြောင်းကို မည်သူမျှ မသိရကြောင်းနှင့် တာဝန်ကျသူများသည် မဲပုံးကို ဆိုက္ကားဖြင့် တင်ဆောင်၍ မဲရုံမှ ရက်ကွက်ရုံးသို့ ညနေ (၃း၀၀)ကျော်လောက်က သွားကြသည်ကို တွေ့ရကြောင်း ပြောဆိုပါသည်။ တာဝန်ကျသော မီးသတ်အဖွဲ့ဝင်တဦးကို လမ်းမှာတွေ့၍ မေးမြန်းကြည့်ရာ ရပ်ကွက်ရုံးမှာသာ မဲရေတွက်မှာဖြစ်ကြောင်း သိရှိရပါသည်။

(c) မဲစာရင်းပြုစုခြင်းနှင့် ထုတ်ပြန်ကြေညာခြင်း

မဲရုံမှ မဲပုံးများကို ညနေ(၄း၀၀)မတိုင်မီ ဆိုက္ကားဖြင့် ရပ်ကွက်ရုံးသို့ယူဆောင်သွားပြီး နောက် မဲရုံတွင် မဲရေတွက်ခြင်းမရှိဘဲ မဲရုံများမှ မဲပုံးများကို ရပ်ကွက်ရုံးတွင်စုစည်းပြီး ရေတွက်ခြင်းဖြစ်ပါသည်။ မဲရေတွက်ရာတွင် အနည်းဆုံးမဲပေးပိုင်ခွင့်ရှိသူ (၁၀)ဦး၏အရှေ့တွင် ရေတွက်ရမည်ဖြစ်သော်လည်း ပြည်သူများမှာ ရပ်ကွက်ရုံးသို့ သွားရောက်ချင်စိတ်မရှိကြသည့်အပြင် မဲရုံမျူးများမှလည်း ဝင်ခွင့်ပြုရန်ဆန္ဒမရှိကြောင်း ပေါ်လွင်ပါသည်။ ထို့ကြောင့် ရပ်ကွက်ရုံးတွင် ရှိသောသူများနှင့် မဲရုံတာဝန်ကျသူများရှေ့တွင်သာ မဲများကိုရေတွက်ကြပါသည်။ မဲရုံအလိုက် မဲပုံးများမှ မဲများကိုသီးခြားရေတွက်ပါသည်။ သို့ရာတွင် သမာသမတ်ရှိသူ ရပ်ကွက်လူကြီးများ ရှေ့မှောက်၌ ရေတွက်ခြင်းမရှိဘဲ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ၄င်းတို့ရေတွက်ရသော မဲစာရင်းများကို ပြုစု၍ မြို့နယ်ကော်မရှင်ထံသို့ပို့ပါသည်။ မဲရုံအလိုက်ရရှိသော မဲစာရင်းများကို ထုတ်ပြန် ကြေညာခြင်းမရှိပေ။ မြို့နယ်ကော်မရှင်က ထိုနေ့ညတွင်းချင်းပင် ရပ်ကွက်တိုင်းမှ ပေးပို့သော် မဲစာရင်းများကို စုစည်း၍ ပြန်လည်ရေတွက်ပါသည်။ မဲဆန္ဒကဒ်ပြားများကိုမူ ပြန်လည်စစ်ဆေးခြင်းမရှိပါ။ မြို့နယ်ကောင်မရှင်မှလည်း ရရှိသောမဲစာရင်းကို ထုတ်ပြန်ကြေညာခြင်း မရှိပါ။

ဆန္ဒခံယူပွဲ ပြုလုပ်ပြီး နောက်တနေ့အခြေအနေ

ဆန္ဒမဲအရေအတွက် ဘယ်လောက်ရသည်ကို သိချင်သူပြည်သူများ တစ်ဦးမျှမရှိသည်ကို အံ့သြဖွယ် တွေ့ရှိရပါသည်။ ကွမ်းယာဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ လမ်းဘေးဈေးဆိုင်များ၊ ပတ်ဝန်းကျင်အိမ်နီးနားချင်း များ စတာတွေကို သွားရောက် စုံးစမ်းမေးမြန်းရာ မသိကြပါ။ ထည့်ပြီးရင်ပြီးတာဘဲ၊ စုံစမ်းစရာလဲမလိုပါဘူး၊ ဘယ်လောက်ရရ ကိုယ့်အလုပ်မဟုတ်ဘူး စသည့်အားဖြင့် စိတ်ဝင်စားမှုမရှိသည့်ပုံစံဖြင့် ပြန်လည်ဖြေကြားခဲ့တာ ကိုကြုံတွေ့ခဲ့ရပါသည်။ ကျနော်မှ မဲစာရင်းကိစ္စကို သိချင်သဖြင့် တဖက်တွင် ရပ်ကွက်ဥက္ကဋ္ဌဆီ ကိုယ်တိုင်သွား ရောက် စုံစမ်းသလို အခြားတဖက်တွင် သူငယ်ချင်းတစ်ယောက်ကိုစေလွှတ်၍ မြို့နယ်ဆန္ဒခံယူပွဲ ကော်မရှင် အဖွဲ့ဝင်ထံသို့ သွားရောက်စုံစမ်းစေခဲ့ပါသည်။ ထိုသို့စုံစမ်းရာတွင် မြို့နယ်ကော်မရှင်အဖွဲ့ဝင်တဦး၏ ပြောပြ ချက်အရ ရရှိသောမဲဂဏန်းအရေအတွက်ကို ထုတ်ဖော်ပြောကြား ခွင့်မရှိဘူးလို့ မယကမှ ညွှန်ကြားထားတယ်လို့ သိရှိရပါသည်။ သို့သော်လည်း သူသိသလောက် တော့ ပြောပြခဲ့ပါသည်။ ရပ်ကွက်ဥက္ကဋ္ဌထံမှ စုံစမ်းသည့် အခါ ၄င်း၏ရပ်ကွက်တခုအတွက် မဲဂဏန်းအရေအတွက်ကို သိရှိခဲ့ရပါသည်။ ဤစစ်တမ်းကောက်ယူသည့် မဲရုံရှိ မြို့နယ်၏ မဲစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

မြို့နယ်တခုလုံးရှိ မဲပေးခွင့်ရှိသူဦးရေပေါင်း – (၁၁၇ ၅၇၉) ဦး
မြို့နယ်တခုလုံးရှိ မဲရုံပေါင်း – ၁၁၇ ရုံ
မြို့နယ်တခုလုံးထောက်ခံမဲရာခိုင်နှုန်း – ၈၀%
ကန့်ကွက်မဲနှင့်ပယ်မဲရာခိုင်နှုန်း – ၂၀%

မိမိနေထိုင်သောရပ်ကွက်ရှိ မဲရုံးပေါင်း – ၆ ရုံ
မဲပေးသူစာရင်း – ၆၇၀၉ ဦး
ထောက်ခံမဲ –၅၉၁၆ မဲ
ကန့်ကွက်မဲ –၄၉၁ မဲ
ပယ်မဲ –၃၀၂ မဲ

မိမိမဲပေးရသောမဲရုံ မဲပေးသူဦးရေ– (၈၉၂) ဦး
ထောက်ခံမဲ – ၇၄၇ မဲ
ကန့်ကွက်မဲ – ၂၀ မဲ
ပယ်မဲ – ၂၅ မဲ

ပြည်သူများအနေဖြင့် ထောက်ခံမဲထည့်လိုက်ရသည့် အနေအထားကို လေ့လာသုံးသပ်ခြင်း

ကြိုတင်ဆန္ဒမဲတိုင်းတွင် ထောက်ခံမဲပေးရခြင်းမှာ–

(၁)ဆန္ဒမဲစာရွက်တွင် အမည်၊ မှတ်ပုံတင်အမှတ်များပါရှိသဖြင့် ပြည်သူများ၏စိတ်တွင်

မိမိတို့၏လုံခြုံရေး အတွက် စိုးရိမ်ပူပန်နေရခြင်း၊

(၂) ကြိုတင်ဆန္ဒမဲစာရွက်ပေါ်တွင် ဆန္ဒပြုထားသောအမှတ်အသားကို ဆန္ဒမဲကောက်ခံသူများမှ အလွယ်တကူကြည့်ရှုနိုင်ခြင်း၊

(၃) မဲဆန္ဒရှင်မှ ကြိုတင်ဆန္ဒမဲစာရွက်ပေါ်တွင် ဆန္ဒပြုရာ၌ ဆန္ဒမဲကောက်ခံသူများ၏ ရှေ့တွင် ရေးခြစ်ရခြင်း၊

မဲရုံတွင် ထောက်ခံမဲထည့်လိုက်ရခြင်းမှာ–

(၁) မသိနားမလည်သောသူများ၊ သက်ကြီးရွယ်အိုများကို မဲရုံလုံခြုံရေးနှင့် မဲရုံအကူတို့မှ ဆန္ဒပြုခန်းထဲသို့ ခေါ်ဆောင်သွားပြီး ၄င်းတို့ကိုယ်တိုင် ရေးခြစ်ပေးခြင်း၊

(၂) ပညာတတ်လူငယ်များမှ ဆန္ဒပြုခန်းတွင် ဆန္ဒမဲရေးခြစ်နေသည်ကို ဆန္ဒပြုခန်းဝမှ မဲရုံလုံခြုံရေးနှင့် မဲရုံအကူတို့က အနီးကပ်စောင့်ကြပ်ကြည့်ရှုနေခြင်း၊

(၃) ဆန္ဒပြုခန်းအဝတွင် ပြုလုပ်ထားသော လိုက်ကာပိတ်စသည် နှစ်ခြမ်းခွဲထားသဖြင့် ဆန္ဒပြုသူများ၏ ရေးခြစ်ရာလက်အနေအထားကို တွေ့နိုင်အောင်တမင်ဖန်တီးထားခြင်း၊

(၄) ဗွီဒီယိုရိုက်ယူနေသဖြင့် ပြည်သူများ၏စိတ်တွင် မိမိတို့၏လွတ်လပ်သော ဆန္ဒမဲပေးမှုအပေါ် ယုံကြည်မှု မရှိဘဲ စိုးရိမ်မှုကိုဖြစ်ပေါ်စေခြင်း၊

စသည်တို့ဖြစ်ကြောင်းတင်ပြလိုက်ရပါသည်။

၂၀၀၈ခုနှစ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို သရုပ်ဖော်ပုံများဖြင့် ထုတ်ဝေ

မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် နအဖ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ပြည်လုံး ကျွတ် ဆန္ဒခံယူပွဲကို မြန်မာနိုင်ငံသားများ အလွယ်တကူနားလည်းသဘောပေါက်စေရန် အတွက် မြန်မာစာဖြင့် ရုပ်ပြကာတွန်းစာအုပ်ရေးဆွဲပြီး ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာပြည်သူ များနှင့် မြန်မာအဖွဲ့အစည်းများသို့ ဖြန့်ဝေဖတ်ရှုစေခဲ့ပါသည်။

ထို့ပြင် နယ်စပ်ကို ဖြတ်ကျော်၍ မြန်မာပြည်တွင်းသို့သွားကြသည့် ပုဂ္ဂိုလ်များကိုလည်း ထိုသရုပ်ဖော် ကာတွန်းစာအုပ်များကို လက်ဆင့်ကမ်းဖြန့်ဝေခဲ့ပါသည်။ ထိုကာတွန်း

စာအုပ်များကို ကရင်နီဒေသရှိ ပြည်သူများသို့လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ပြည်သူများသို့လည်းကောင်း၊ ကရင်ပြည်နယ်ရှိ ပြည်သူများသို့လည်းကောင်း၊ ကာတွန်းစာအုပ်အပါအဝင် စီဒီခွေများအား ထိုင်းနိုင်ငံ ဖူးကက် နှင့် မဟာချိုင်ဒေသများရှိ မြန်မာပြည်သူများသို့ လည်းကောင်း၊ အီးမေးမှတဆင့် ပြည်တွင်း အဆက်အသွယ်များသို့လည်းကောင်း၊ ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့တာဝန်ခံမှ ကချင်ပြည်နယ်ရှိ မြန်မာနိုင်ငံရှေ့နေများကောင်စီ သင်တန်းသားဟောင်း များသို့လည်းကောင်း အသီးသီးဖြန့်ဝေ ဆောင်ရွက်ခဲ့ပါသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ သရုပ်ဖော်ကာတွန်းစာအုပ်သည် စာမျက်နှာ (၇၆)မျက်နှာ ပါဝင်၍ စာအုပ်၏ အရှေ့စာမျက်နှာတွင် **"မဲရုံကို သွားကြစို့"** ဆိုသည့်ခေါင်းစဉ်ဖြင့် ဖော်ပြ ထားပါသည်။ သရုပ်ဖော်ကာတွန်းစာအုပ်၏ စာမျက်နှာတဖက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ပြည်သူများ သိသင့်သိထိုက်သော အချက်အလက်များကို စာဖြင့်ရေးသားထားကာ အခြားတဖက်တွင် ထိုစာသားနှင့်ကိုက်ညီသည့် သရုပ်ဖော် ကာတွန်းပုံများကို ဖော်ပြထားသည်။ ထိုကာတွန်းစာအုပ်တွင် ပြည်သူများသိသင့်သိထိုက်သော အောက်ပါ ခေါင်းစဉ်များအလိုက် အချက်အလက်များကို အဓိကထားတင်ပြထားပါသည်။

(၁) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အဆင့်ဆင့်၏ လွတ်လပ်မှု၊
(၂) တရားစီရင်ရေးနှင့် ဆန္ဒခံယူပွဲကော်မရှင် သီးခြားစီဖြစ်ရန်လိုအပ်ခြင်း၊
(၃) ကော်မရှင်မှ မရိုးမသားလုပ်ဆောင်မှုများပြုလျှင် တိုင်ကြားခြင်းနှင့် ဖေါ်ထုတ်ဖွင့်ချခြင်း၊
(၄) ကော်မရှင်အဖွဲ့ဝင်တွေကို စည်းရုံးပါ။ အမှန်တရားဖေါ်ထုတ်အောင် ပံ့ပိုးပေးပါ။
(၅) ကော်မရှင်အဖွဲ့ဝင်တွေကို အကောင်းဘက်က မြင်နိုင်အောင် ကြိုးစားပါ။
(၆) ဆန္ဒမဲပေးဖြစ်အောင် ပေးကြစို့နဲ့ မဲရုံကို စောင့်ကြည့်လေ့လာစို့၊
(၇) က–ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းမှ ချန်လှပ်ခံရခြင်းများ၊
ခ –ဆန္ဒမဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးခွင့်ရအောင် တိုက်ပွဲဝင်ပေးပါ။
(၈) ကန့်ကွက်မဲပေးဖို့ အလားအလာရှိသူတွေကို မဲပေးခွင့်မရအောင်လုပ်ခြင်း၊
(၉) ထောက်ခံမဲပေးဖို့အလားအလာရှိသူတွေကို စီစဉ်တကျစည်းရုံးခြင်း၊
(၁၀)ယာယီသက်သေခံလက်မှတ် ပြဿနာ၊
(၁၁)မဲပုံးများပြုလုပ်ခြင်း၊

(၁၂)မဲပုံးတွေကို ဘယ်နေရာမှာထားမလဲ၊
(၁၃)နိုင်ငံသားမဟုတ်သူများကို စည်းရုံးမဲထည့်ခိုင်းခြင်း၊
(၁၄)ကန့်ကွက်မဲမှ ထောက်ခံမဲအဖြစ်သို့ ပြောင်းလဲခြင်း၊
(၁၅)မဲရုံပိတ်ချိန်နှင့် မဲမရေတွက်ခင် အချိန်များ၊
(၁၆)ကန့်ကွက်မဲမှ ထောက်ခံမဲများအဖြစ်သို့ အတင်းအကြပ်ပြောင်းလဲနိုင်မည့် အနေအထား၊
(၁၇)မဲထည့်ရင်း လေ့လာပါ။
(၁၈)မဲပုံးများကို စစ်ဆေးခြင်း၊
(၂၀)မဲရုံအနေအထားကို အနီးအနားပတ်ဝန်းကျင်မှ စောင့်ကြည့်ခြင်း၊
(၂၁)ကန့်ကွက်မဲတွေကနေ ထောက်ခံမဲဖြစ်အောင် ဘယ်သူတွေက ပြောင်းလဲနိုင်မလဲ၊
(၂၂)မဲရေတွက်ရာတွင် မဲစာရင်းများကို တိုက်ဆိုင်စစ်ဆေးခြင်း၊
(၂၃)ဆန္ဒမဲပေးသည့် နေ့တွင် ပတ်ဝန်းကျင်အနေအထားကို လေ့လာစောင့်ကြည့်ခြင်း၊
(၂၄)လက်နက်ကိုင်လုံခြုံရေး အစောင့်အကြပ်များ၊
(၂၅)လျှို့ဝှက်မဲ ပေးနေစဉ်မှာ ခြိမ်းခြောက်ခံနေရတယ်လို့ ယူဆနိုင်တဲ့အနေအထား ရှိသလား၊
(၂၆)ကိုယ်ကြိုက်နှစ်သက်သလို လွတ်လပ်စွာ ဆန္ဒမဲပေးပါ၊
(၂၇)မဲဆွယ်စည်းရုံးခြင်း၊
(၂၈)ကန့်ကွက်မဲပေးကြဖို့ကလွဲလို့ အခြားမရှိ၊

(၂၉)မဲရုံကိုသွားကြစို့၊
(၃၀)အသဲကြားက မဲတစ်ပြား၊
(၃၁)မဲရုံကို စောင့်ကြည့်ကြစို့၊
(၃၂)အစကနေ အဆုံးစောင့်ကြည့်ပါ၊
(၃၃)ညသိပ်ထားတဲ့ မဲပုံးများ၊
(၃၄)စောင့်ကြည့်ရာတွင် ပါဝင်သူများ၊
(၃၅)စစ်ကျွန်အဖြစ် နံ့နစ်စေမယ့် ဆန္ဒခံယူပွဲမှာ ကန့်ကွက်မဲ ပေးကြစို့၊
(၃၆)စစ်ဗိုလ်ချုပ်တွေသာ ကောင်းစားမယ့် အခြေခံဥပဒေကို ပယ်ချ၊ ဘဝသစ်ကို တည်ဆောက်ကြစို့၊

ဤကာတွန်းသရုပ်ပြစာအုပ် ထုတ်ဝေခြင်းမှ ရလဒ်ကောင်းများ ရရှိခဲ့ပါသည်။ ဥပမာ–စာဖတ်သူ တစ်ဦးထံမှ ဤစာအုပ်ကို သူ၏အင်တာနက်စာမျက်နှာတွင် တင်လိုကြောင်း မေးမြန်းမှုပြုလာသည်။ သူ၏ ပြောဆိုချက်တွင် ပြည်တွင်းရှိ ပြည်သူများသည် အင်တာနက် ဘလော့ဂ်များကို အသုံးပြုနိုင်သဖြင့် စာအုပ်များကို အွန်လိုင်းမှ ကြည့်ရှုနိုင်ပါက ပြည်သူများ ထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်နိုင်ကြောင်း အကြောင်းပြန်လာပါသည်။

စာအုပ်ထုတ်ဝေဖြန့်ချိရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ
၂၀၀၈ ခုနှစ်၊ မေလ (၇)ရက်

နအဖဖွဲ့စည်းပုံအတည်ပြုမှု ဥပဒေကြောင်းအရ လက်ခံနိုင်ဖွယ်မရှိ

(မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ဦးအောင်ထူးနှင့် အင်တာဗျူး)

(မေလ ၂၆၊ ၂၀၀၈)

ယခုလ (၁၀)ရက်နေ့နှင့် (၂၄)ရက်နေ့များတွင် နှစ်သုတ်ခွဲကျင်းပခဲ့သော နအဖဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း) အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများမှ စုစုပေါင်းဆန္ဒမဲပေးသူ အားလုံး၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းက ထောက်ခံကြသဖြင့် ဖွဲ့စည်းပုံကို အတည်ပြုလိုက်ပြီးဖြစ်ကြောင်း စစ်အစိုးရမီဒီယာများတွင် ယနေ့ကြေငြာလိုက်ပြီးဖြစ်သည်။

နှစ်ကြိမ်စလုံးတွင် မဲလိမ်မှုများ၊ ခြိမ်းခြောက်အကြပ်ကိုင်မှုများရှိကာ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကိုယ်ဌက ဒီမိုကရေစီနှင့် တိုင်းရင်းသားလူမျိုးများတန်းတူရေးကို ရှေ့ရှည်းတည်ခြင်း မရှိဘဲ နိုင်ငံရေး၊ အုပ်ချုပ်ရေးနယ်ပယ်အဆင့်ဆင့်တွင် စစ်တပ်မှချုပ်ကိုင်လွှမ်းမိုးနိုင်ရန် ပြင်ဆင်ရေးဆွဲထားသည်ဟု ဥပဒေပညာရှင်များနှင့် မြန်မာအတိုက်ခံနိုင်ငံရေးခေါင်းဆောင်များက ထောက်ပြဝေဖန်ထားကြသည်။

ယနေ့ထွက်ပေါ်လာသည့် နအဖ၏အဆိုပါ ဥပဒေအတည်ပြုကြောင်း ကြေငြာသည့် အပေါ် ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီမှ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ဥပဒေကြောင်းအရ လက်ခံနိုင်ဖွယ်မရှိကြောင်း ပြောဆိုထားချက်များကို တင်ပြလိုက်ပါသည်။

မေး။ ။ ဆန္ဒခံယူပွဲရလဒ်က ဥပဒေကြောင်းအရ ဘယ်လောက်တရားဝင်ပါသလဲခင်ဗျာ။

ဖြေ။ ။ ပြည်သူ့ဆန္ဒခံယူပွဲဟာ ဘယ်အခါမှ အထမြောက်တယ်ဆိုတာပါရမယ်၊ ဆန္ဒမဲပေးသူရဲ့ ဘယ်နှစ်ရာခိုင်နှုန်းက အတည်ပြုမှ အတည်ဖြစ်တယ်ဆိုတာ ပါရမယ်။ ပြည်သူ့ဆန္ဒခံယူပွဲပြီးသွားတယ်ပြောတယ်၊ ဆန္ဒမဲပေးပိုင် ခွင့်ရှိသူ တပြည်လုံးမှာ ဘယ်လောက်ရှိတယ်ဆိုတာ ကြိုတင်မကြေညာဘူး၊ အဲ့ဒါမရှိခဲ့ဘူး။ နောက်တခုက ဆန္ဒခံယူပွဲမှာ သဘောထားပေးမယ့် လူတွေက သဘောတရားကို ကောင်းမွန်စွာသိဖို့လိုပါတယ်။ ၁၉၇၃ ခုနှစ် တုန်းကတောင်မှ ဥပဒေနဲ့ပတ်သက်လို့ရှင်းပြတာရှိပါတယ်။ အခုကမရှိဘူး၊ ပိုဆိုးတာက အတည်ပြုမည့် ဖွဲ့စည်းပုံကို စာပေဗိမာန်မှာ စာအုပ်ရောင်းတာကလွဲလို့ တပြည်လုံးမှာ လူဦးရေသန်း (၅၀)အနက်က သောင်းဂဏန်းတောင် စာအုပ်ကိုမမြင်ဖူးခဲ့ဘူး။ ဘာတခုမှ လူထုကမတွေ့ရဘဲနဲ့ အတည်ပြုလိုက်တယ်ဆိုတာကတော့ ဥပဒေ ကြောင်းအရ လက်ခံနိုင်စရာမရှိဘူး။

မေး။ ။ နိုင်ငံတကာမှာရော ဘယ်လိုဖြစ်လာနိုင်မလဲ။

ဖြေ။ ။ နိုင်ငံတကာအခြေအနေမှာ လူထုသဘောထားနဲ့ဆိုင်တယ်။ ဥပမာအားဖြင့် ထင်ရှားတဲ့အချက်က မဲရုံတွေက ဒါကို ကြေညာလို့မရဘူး၊ ဘယ်လောက်ရတယ်ဆိုတာ မသိဘူး၊ ရတဲ့ရလဒ်တွေကို ကော်မရှင်ကို ပို့လိုက်ရတယ်။ ကော်မရှင်တွေကလည်းမကြေငြာဘူး။ နောက်ဆုံးမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်က တပြည်လုံးကို ကြေငြာတယ်။

ဘယ်အဆင့်မှာ ဘာတွေဖြစ်မှန်း ဘယ်သူမှမသိဘူး။ တချိန်ထဲမှာ ခြိမ်းခြောက်လို့ ဘဲဖြစ်ဖြစ်၊ မဲပုံနားမှာ မတ်တပ်ရပ်လို့ပဲဖြစ်ဖြစ်၊ ကြိုတင်ဆန္ဒမဲနဲ့ဖြစ်ဖြစ် ထောက်ခံမဲရအောင်လုပ်တယ်။ ဒီအပေါ်မှာ ပြည်သူတရပ်လုံးကရော၊ သက်ဆိုင်ရာပါတီအဖွဲ့အစည်းရော၊ အထဲမှာ အဓိကကျတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကရော လက်ခံတယ်၊ မခံဘူးဆိုတာ အခြေခံအားဖြင့် သဘောထားထုတ်ပြန်ပြဖို့လိုတယ်။ အဲ့ဒီအပေါ် မှာနိုင်ငံတကာကိုတင်ပြဖို့လိုတယ်။ ထုတ်ဖော်ပြတဲ့ ကျိုးကြောင်းဆီလျှော်မှုနဲ့ ကျိုးကြောင်းခိုင်လုံ အားကောင်းမှုအပေါ်မှာ မူတည်ပြီး နိုင်ငံတကာက စဉ်းစားသွားနိုင်မယ်လို့ ထင်တယ်။

မေး။ ။ တတိုင်းပြည်လုံး ဒီလိုကမောက်ကမအချိန်မှာ လုပ်ပြီးထွက်လာတဲ့ရလဒ်ကို နိုင်ငံတကာမှ ဘယ်သူ တွေက ထောက်ခံကြမယ်ထင်လဲခင်ဗျာ။

ဖြေ။ ။ ကျနော်တို့ လောလောဆယ်စိတ်ဝင်စားတာ ဆန္ဒခံယူပွဲမဟုတ်ဘူးဗျ။ မုန်တိုင်းဘေးအန္တရာယ်၊ ဒါက တချက်၊ ဒုတိယတချက်က ဆန္ဒခံယူပွဲဟာ ဘယ်လိုပဲ ရလဒ်တွေထွက်လာပါစေ ထောက်ခံမဲထွက်လာမယ်။ ဒါကို ထောက်ခံဖို့ ပြင်ဆင်ထားတာက အာဆီယံပဲ။ အာဆီယံက ဘယ်လောက်ဘဲ ရှင်းပြပြသူတို့က သဘောထားချမှတ်ပြီးသားဖြစ်တယ်။ ဖိလစ်ပိုင်တို့လို တိုင်းပြည်တွေက လွဲလို့ပေါ့။ အာဆီယံနိုင်ငံတော်တော်များများက နအဖပြောတဲ့အတိုင်း ခပ်လွယ်လွယ်လက်ခံသွားမယ်လို့ထင်တယ်။ သို့သော် အာရှတိုက်က တိုင်းပြည်တော်တော်များများနဲ့ အနောက်ဒီမိုကရေစီနိုင်ငံတွေက နအဖက ဒီလောက်ပြောရုံနဲ့ အလွယ်တကူလက်ခံသွားမယ်လို့ ကျနော်တော့မယူဆဘူး။

မေး။ ။ တချို့လည်း ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို တရားစွဲမယ်ဆိုတာမျိုး လုပ်နေတာကြားတယ်။ ဘယ်လောက်ထိ ဖြစ်နိုင်ခြေရှိတယ်လို့မြင်လဲ။

ဖြေ။ ။ ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကို အရေးယူတာမျိုး ပြည်တွင်းမှာရှိချင်မှ ရှိမယ်။ သို့သော်လည်းပဲ အဲ့လိုတရားစွဲနိုင်တယ်ဆိုကတည်းက ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ၊ လူထုအဖွဲ့အစည်းတွေက ဆန္ဒခံယူပွဲကို လက်မခံနိုင်ဘူးလို့ နိုင်ငံတကာမှာ ကမ်ပိန်းလုပ်ဖို့ ရည်ရွယ်ချက်ရှိရင် တရားစွဲတာ အင်မတန် ကောင်းတဲ့ အကြောင်းပြချက်ဖြစ်တယ်။

မေး။ ။ နိုင်ငံတကာခုံရုံးတွေမှာရော တရားစွဲလို့မဖြစ်နိုင်ဘူးလာခင်ဗျာ။

ဖြေ။ ။ ဒီဥစ္စာက နိုင်ငံတကာခုံရုံးနဲ့တော့ မဆိုင်ဘူး။ ပြည်တွင်းရေးသက်သက်ပဲဖြစ်တယ်။ နိုင်ငံတကာနဲ့ဆိုင် တာက ပြည်တွင်းမှာလုပ်တဲ့အပေါ်မှာ တရားဝင်လား၊ မဝင်လားဆိုတာကို နိုင်ငံတကာက သဘောထားပေးရ တာဖြစ်တယ်။ ဥပမာ– ကမ္ဘောဒီယားမှာ ၁၉၉၁ က ရွေးကောက်ပွဲဖြစ်တယ်။ ရွေးကောက်ပွဲရလဒ်ကို ပြည်တွင်းကပါတီတွေက အငြင်းပွားတယ်။ ရွေးကောက်ပွဲရလဒ်ကို ကမကထပြု ကြီးကြပ်ပေးသွားတာက နိုင်ငံတကာဖြစ် တယ်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူများ၏ဆန္ဒအမှန်ဖြင့် မဲထည့်နိုင်ရန်အတွက် ရုပ်မြင်သံကြားအစီအစဉ်တခုကို ဆောင်ရွက်ခဲ့ခြင်း

မြန်မာနိုင်ငံရှေ့နေများကောင်စီသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့်ပတ်သက်၍ ပညာရပ်ပိုင်းဆိုင်ရာ ဆွေးနွေးသုံးသပ်ခြင်း လုပ်ငန်းစဉ်တခုအား ရုပ်သံ (VCD)ဖြင့် ထုတ်ဝေဖြန့်ချိခြင်းနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်ပတ်သက်၍ ဒီမိုကရက်တစ်မြန်မာ့အသံ ရုပ်မြင်သံကြားအစီအစဉ်တွင် ထုတ်လွှင့်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ စစ်အစိုးရ၏လူထုဆန္ဒခံယူပွဲမကျင်းပခင်မှာ မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်း အကြောင်းကို ပြည်သူများရှင်းရှင်းလင်းလင်း သိသွားစေရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့မှ (၂၈) ရက်နေ့အထိ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ သင်တန်းကျောင်းခန်းမတွင် နအဖစစ်အစိုးရ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ လူထုဆန္ဒခံယူပွဲနှင့်စပ်လျဉ်း၍ ဒီမိုကရက်တစ်မြန်မာ့အသံကမေးမြန်းမှုပြု၍ မြန်မာနိုင်ငံရှေ့နေများကောင်စီက ဖြေကြားမှုကို ပြုလုပ်ခဲ့သည်။

ပထမနေ့တွင် ထိုင်းနိုင်ငံ မယ်ဆောက်မြို့မှ စက်ရုံအလုပ်ရုံမှအလုပ်သမားများနှင့် တောင်ယာအလုပ်သမားများ၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ဝန်ထမ်းများအပါအဝင် စုစုပေါင်း (၄၅)ဦးခန့် တက်ရောက်၍ ဆွေးနွေးပွဲကိုပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးပွဲတွင် လူထုဆန္ဒခံယူပွဲ၌ ပြည်သူများအနေဖြင့် မဲပြားများကို ဘယ်လို မဲထည့်ခြင်း၊ နအဖစစ်အစိုးရ၏ မဲလိမ်လည်မှုများ၊ မဲပြားပြောင်းလဲမှုများအပေါ်အခြေခံ၍ လူထုက ဘယ်လိုနည်းလမ်းမျိုးဖြင့် ခွဲခြားဆန်းစစ်ခြင်း စသော အချက်များအပေါ် ဆွေးနွေးချက်များကို ဗွီဒီယိုရုပ်သံဖြင့် ရိုက်ကူးခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲ၏ အတွေ့အကြုံများကိုလည်း မြန်မာနိုင်ငံရှေ့နေ များကောင်စီ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဦးဆောင်၍ ရှင်းပြဆွေးနွေးခဲ့သည်။ နအဖစစ်အစိုးရ၏ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအသစ်၏ အားနည်းချက်များကိုလည်း ထောက်ပြဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးချက်များ အပေါ်မရှင်းလင်းသည့် အသေးစိတ်အချက်များကို ဒီမိုကရက်တစ်မြန်မာ့အသံမှ တဦးချင်းအလိုက် ထပ်မံမေးမြန်းမှုများပြုလုပ်ခဲ့သည်။ မဲပေးပုံပေးနည်းကို တက်ရောက် လာသောအလုပ်သမားများနှင့် ပြည်တွင်းဌာနရှိသော ပြည်သူများ သိစေရန် လက်တွေ့သရုပ်ပြ လုပ်ဆောင်ခဲ့ပါသည်။

ဒုတိယ ရက်နေ့တွင် မြန်မာနိုင်ငံရှေ့နေများကောင်စီအဖွဲ့ဝင် (၅)ဦးအား ဒီမိုကရက်တစ်မြန်မာ့အသံက ဆက်လက်၍ မေးမြန်း၍ ဗွီဒီယိုရိုက်ကူးခဲ့ပါသည်။ ထိုနေ့တွင် နအဖစစ်အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်တခုဖြစ်သည့် "စစ်အစိုးရက ယခင်ကျူးလွန်ခဲ့သောပြစ်မှုများကို တရားစွဲဆိုခွင့်မရှိသည့်အပြင် ကင်းလွတ်ခွင့်ပေးထားခြင်း"နှင့်စပ်လျဉ်း၍ အဓိက ဆွေးနွေးခဲ့သည်။ ၄င်းပြဋ္ဌာန်းချက် အကျိုးသက်ရောက်မှုသည် စစ်အစိုးရက ကျူးလွန်ခဲ့သည့် "၂၀၀၃ ခုနှစ်၊ မေလ ၃၀ ဒီပဲယင်းသတ်ဖြတ်မှုများ၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ အရေးအခင်း ကျူးလွန်မှုများ၊ ကရင်ပြည်သူ လူထုရွာတွေကို အတင်းအဓမ္မရွှေ့ပြောင်းကျူးလွန်မှုများ" စသည့်ပြစ်မှုများကို ခြေဖျက်နေ

ကြောင်းနှင့် အနာဂတ်တွင် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုရှာဖွေခြင်းကို လုံးဝလုပ်ဆောင်သင့်ပါကြောင်း ရှင်းပြဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် ဒီမိုကရက် တစ်မြန်မာ့အသံတို့ ပူးပေါင်းလုပ်ဆောင်သော ဖွဲ့စည်းပုံ အခြေခံဥပဒေပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နှစ်ရက်တာ ဆွေးနွေး ချက်များကို ဒီမိုကရက်တစ်မြန်မာ့အသံ ရုပ်မြင် သံကြားအစီအစဉ်တွင် (၅)ရက်ဆက်တိုက် တစ်ချိန်လျှင် (၁၅)မိနစ်ခန့်ဖြင့် ထုတ်လွှင့်ခဲ့ပါသည်။

ဦးသန်းနိုင်ထွေး စုစည်းတင်ပြသည်။

ဥပဒေစိုးမိုးရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများ

တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ပြီး ဥပဒေကျောင်းသူ မဟန်နီဦးအပေါ် မတရားတရားစွဲဆို ခွင့်ပြုသည့် ရှေ့နေချုပ်အား တာဝန်မှ ရပ်စဲရန် တောင်းဆိုခြင်း

ရန်ကုန်တက္ကသိုလ်၊ ဥပဒေပညာဌာနတွင် ၂၀၀၇–ခုနှစ်၊ စက်တင်ဘာလ ၂၅–ရက်၊ ၂၆–ရက်နေ့က စတုတ္ထနှစ်၊ ဥပဒေစာမေးပွဲကို ဖြေဆိုနေခဲ့သည့် မဟန်နီဦးအား လူအုပ်ကြီးနှင့်အတူ ထိုနေ့ထိုရက်ကလိုက်ပါ ဆန္ဒပြခဲ့သည်ဟု စွပ်စွဲကာ ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်တရားရုံးတွင် ယခုအခါ တရားရုံးတင် စစ်ဆေးနေပါသည်။

ပြစ်မှုဆိုင်ရာ အမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေ အကြံပေးခြင်းကို ၂၀၀၁–ခုနှစ်၊ ရှေ့နေချုပ်နည်းဥပဒေများ အပိုင်း(၆) အခန်း(၂)တွင် ဖော်ပြထားချက်နှင့်အညီ အမှုစွဲတင်ခြင်းနှင့်ပတ်သက်၍ ရှေ့နေချုပ်တွင် လုံးဝတာဝန်ရှိပါသည်။ ၂၀၀၁–ခုနှစ် ရှေ့နေချုပ် ဥပဒေ၊ ပုဒ်မ–၃(ဈ)တွင် "ပြည်သူများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ခြင်း"ဟု ရှေ့နေချုပ်၏ တာဝန်ကို ဖော်ပြထားပါသည်။ ဥပဒေ၏ ကာကွယ် စောင့်ရှောက်မှုကို ပြည်သူပြည်သား တဦးဖြစ်သည့် မဟန်နီဦး(ခ) မဟန်နီ အပြည့်အဝ ခံစားသင့်ပါသည်။

မည်ကဲ့သို့ ဥပဒေနှင့် ဆန့်ကျင်၍ တရားစွဲဆိုခဲ့သည်ကို အောက်တွင်ဖော်ပြသည့် ဥပဒေ ရေးရာသုံးသပ်ချက်တွင် တွေ့မြင်နိုင်ပါသည်။ မဟန်နီဦးအား စစ်ဆေးသည့် ရုံးချိန်းနေ့တိုင်းတွင်လည်း အများပြည်သူ သွားရောက်နားထောင်ပြီး အမှန်တရား ဖော်ထုတ်နိုင်ကြပါရန် မေတ္တာဖြင့် နိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း၊ အရှေ့ပိုင်း ခရိုင်တရားရုံး ၂၀၀၈–ခုနှစ်၊ ပြစ်မှုကြီး အမှုအမှတ်–၃၀၊ ၃၁
မဟန်နီဦး [ခ] မဟန်နီ [၂၁–နှစ်] အမှု နှင့် ပတ်သက်၍

ဥပဒေ ရေးရာ သုံးသပ် တင်ပြချက်

အမှုဖြစ်စဉ် အကျဉ်း။

၁။ မဟန်နီဦးသည် (၂၅–၉–၂၀၀၇)ရက်နေ့က ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် ဆန္ဒပြရာတွင်ပါဝင်ကာ၊ ဆန္ဒပြသည့် လူအုပ်ကြီးနှင့် အတူလိုက်ပါခဲ့ခြင်း၊ ထိုသို့ လူစုလူဝေးဖြင့် ဆူပူဆန္ဒပြ ချီတက် လမ်းလျှောက်ရာတွင် ပါဝင်သည်ဟု ဆိုကာ (ပ) ၁၂၃၈/၀၇–ဖြင့် တာမွေမြို့နယ် ရဲစခန်း၌ တိုင်ချက်ရေးဖွင့်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ– ၁၄၃/၁၄၅/၁၂၄ (က) ဖြင့် ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်တရားရုံးတွင် ပြစ်မှုကြီး အမှတ်–၃၁/၂၀၀၈–ဖြင့် ယခု တရားစွဲဆိုရုံးတင်စစ်ဆေးနေသော အမှုဖြစ်သည်။

၂။ မဟန်နီဦးသည် ၂၀၀၇–ခုနှစ်၊ ဩဂုတ်လအတွင်းက ကျောင်းသားသမဂ္ဂ ဖွဲ့စည်းတည်ထောင်ကာ၊ သမဂ္ဂအဖွဲ့တွင် ဆက်လက်ရပ်တည် လှုပ်ရှားသည်ဟု ဆိုကာ (ပ) ၁၂၃၉/၀၇–ဖြင့် တာမွေမြို့နယ် ရဲစခန်း၌ တိုင်ချက်ရေးဖွင့်ခဲ့သည်။ ၁၉၈၈–ခုနှစ်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ–၆ ဖြင့် ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင် တရားရုံးတွင် ပြစ်မှုကြီး အမှတ်–၃၀/၂၀၀၈–ဖြင့် ယခု တရားစွဲဆိုရုံးတင်စစ်ဆေးနေသော အမှုဖြစ်သည်။

ဥပဒေ ရေးရာ သုံးသပ်ချက်။

၁။ မဟန်နီဦး(ခ) မဟန်နီ အား (၉–၁၀–၂၀၀၇) နေ့တွင် ဖမ်းဆီးခဲ့ပြီး၊ (၂၀–၁၂–၂၀၀၇) ရက်နေ့ကျမှ အင်းစိန်ထောင်ခန်းမ၊ အမှတ်(၃)မှနေ၍ စတင်ယမန်ယူခဲ့ပါသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၁၆၇ တွင် စုံစမ်းထောက်လှမ်းခြင်း နှစ်ဆယ့်လေးနာရီအတွင်း မပြီးဆုံးသည့်အခါ လိုက်နာရန်ကျင့်ထုံးကို ဖော်ပြထားပါသည်။ တရားခံကို ရာဇဝတ်တရားသူကြီးထံ ချက်ချင်းတင်ပို့ရမည်ဖြစ်သည်။ ပုဒ်မ–၁၆၇(၂)–တွင် "ဤပုဒ်မအရ တရားခံကို လက်ခံရရှိသော ရာဇဝတ်တရားသူကြီးသည် တရားခံအား ချုပ်နှောင်ထားခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသူမှာ ခုနစ် နှစ်အောက်မနည်းသော ကာလအပိုင်းအခြားအတွက် အလုပ်ကြမ်းနှင့် ထောင်ဒဏ်ချမှတ်နိုင်သည့် ပြစ်မှု တရပ်ဖြင့် စွပ်စွဲခြင်းခံရသောသူဖြစ်လျှင် ထိုသူကို ချုပ်နှောင်ထားခြင်းသည် စုစုပေါင်း ရက်သုံးဆယ်ထက် မပိုစေရ"ဟုဖော်ပြထားပါသည်။ မဟန်နီဦးအား မည်သည့် တရားသူကြီး၏ ခွင့်ပြုမိန့်မှ မဟုတ်ဘဲ၊ ရက်ပေါင်း သုံးဆယ် ထက်ကျော်လွန်ကာ ဖမ်းဆီးထားကြောင်း တွေ့ရှိရပါသည်။ မဟန်နီဦးအပေါ် မတရား ဖမ်းဆီးချုပ်နှောင်မှု ကို ကျူးလွန်လိုက်ခြင်း ဖြစ်ပါသည်။

၂။ ၂၀၀၁–ခုနှစ်၊ ရှေနေချုပ် ဥပဒေ၊ ပုဒ်မ–၅၈–အရ "တရားခံသည် အချုပ်ဖြင့်ရှိနေပြီး၊ တရားရုံး၏ ချုပ်မိန့်ရက်စေ့ကုန်မည့် အချိန်ရောက်ရှိနေလျှင် ဖြစ်စေ၊ အဆိုပါ တရားခံကို ခံဝန်ချုပ်ဖြင့် ပြန်လွတ်ထားရန် မည်သို့မျှ သင့်လျော်မည်မဟုတ်ကြောင်း တရားစွဲအဖွဲ့အစည်းက တင်ပြလာလျှင်ဖြစ်စေ၊ တရားစွဲဆိုခြင်းကို ဆိုင်းငံ့ထားခြင်း မပြုရ။"ဟုဖော်ပြထားသည်။

သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိသည် ပြစ်မကျင့်ထုံးဥပဒေ ပုဒ်မ–၁၆၇(၂)အရ ရက်ပေါင်းသုံး ဆယ်ထက်ကျော် လွန်ချုပ်ထားသည်ကို တွေ့ရှိနေပါလျှက် ဥပဒေကိုမျက်ကွယ်ပြုပြီး၊ ရှေနေချုပ်ဥပဒေ၊ ပုဒ်မ–၅၈ အတိုင်းဥပဒေအရ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

၃။ ၂၀၀၁–ခုနှစ်၊ ရှေနေချုပ်၊ နည်းဥပဒေ–၅၁ အရ အောက်ပါ စာရွက်စာတမ်းများကို သက်ဆိုင်ရာ ဥပဒေရုံးသို့ ပေးပို့ရမည်။

(က) ပထမ သတင်းပေး တိုင်ချက် (သို့မဟုတ်) ဦးတိုက်လျှောက်လွှာ။

(ခ) တရားလို၊ တရားခံနှင့် လိုအပ်သော သက်သေတို့၏ ထွက်ဆိုချက်အပြည့်အစုံ။

(ဂ) တရားရုံး၌ ပေးထားသောဖြောင့်ချက်၊ ကြိုတင်ထွက်ဆိုချက်ရှိပါက၊ ယင်းဖြောင့်ချက်၊ ကြိုတင်ထွက်ဆိုချက်ရှိကြောင်း ဖော်ပြချက်။

(ဃ) အမှုနှင့် ဆက်စပ်သော သက်သေခံ စာရွက်စာတမ်းများနှင့် ရေးမှတ်ထားသော စာရွက်စာတမ်းများ – ဟုဖော်ပြထားပါသည်။

သို့သော် အမှုတွဲ နှစ်မှုစလုံးအတွက် အထက်ဖော်ပြပါ အချက်အလက်များ မပြည့်စုံ၍ တရားစွဲတင်နိုင်လောက်သည့် အချက်အလက်တစုံတရာ မပေါ်ပေါက်ဘဲ၊ တရားစွဲတင်စေရန် ဥပဒေအကြံပေးခဲ့ခြင်းမှာ ကြီးလေးသော ပြစ်မှုကြီးတခုဖြစ်ပါသည်။

၄။ မဟန်နီဦး(ခ) မဟန်နီ အမှုနှင့်ပတ်သက်၍ သက်သေအထောက်အထားအနေဖြင့် ရှာဖွေပုံစံဖြင့် သိမ်းဆည်းထားသော စစ်ကြောချက်တခုသာ တွေ့ရှိရပါသည်။ ထိုရဲထံစစ်ကြော စဉ်ထွက်ဆိုချက်မှာ သက်သေခံဥပဒေ ပုဒ်မ–၂၆ အရ "ရဲထံတွင် အချုပ်ခံနေရစဉ်အတွင်း တရားခံ၏ ဖြောင့်ချက်ကို ၎င်းပေါ်တွင်သက်သေခံတင်ပြခြင်း မပြုရ။" ဟု ဥပဒေ ပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုခဲ့သည်။ ရှာဖွေပုံစံထဲတွင် ရဲရှေ့အစစ်ခံချက်ကို ထည့်သွင်းတင်ပြ၍ မရ။ ရဲရှေ့အစစ်ခံရာတွင် ထွက်ချက်အပေါ် ၌ အစစ်ခံရသူကို လက်မှတ်ထိုးခိုင်း၍ မရ။

၅။ (၂၅–၉–၂၀၀၇) ရက်နေ့က မဟန်နီဦးကို ယုဇနပလာဇာမှာ လူအုပ်ကြီးနှင့်အတူ ဆန္ဒပြချိတက်ရာတွင် ပါဝင်သည်၊ စစ်အစိုးရဆန့်ကျင်ရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးတို့ကို ကြွေးကြော်ခဲ့သည်ကို မြင်ကြားခဲ့သည်ဟု ပြောဆိုသူအား တိုက်ရိုက်စစ်ဆေးချက်ရယူရန် လိုပါသည်။ လူအုပ်ကြီး၏ အသံထဲမှ၊ မဟန်နီဦး၏ အသံ၊ လူအုပ်ကြီးထဲမှ မဟန်နီဦး တဦးတည်းကိုမှ မှတ်မိသည်ဟု ပြောဆိုချက်အတွက် လူစီတန်းပြသစစ်ဆေးချက် ပြုလုပ်ရပါမည်။ လှုပ်ရှားမှု၊ အသံအတွက် အထောက်အထား၊ ရုပ်ရည်၊ ဝတ်စားဆင်ယင်မှုအတွက် ဓါတ်ပုံ အထောက်အထား၊ သက်သေခံ လိုအပ်သည့် စာရွက်စာတမ်း စသည့်သက်သေခံအထောက်အထား တခုမျှ တင်ပြနိုင်ခြင်းမရှိဘဲ တရားစွဲတင်ရန် ဥပဒေအကြံပေးခဲ့သည်။

သက်သေခံဥပဒေ ပုဒ်မ–၉ အရ–"တစုံတယောက်သော သူ၏ ဟုတ်မှန်သည်၊ မမှန်သည်ကို ထင်ရှားစေရန် လူစီတန်းပြသခြင်း" လုပ်ရမည်ဟု ပြဋ္ဌာန်းသော်လည်း ထိုကဲ့သို့ လုပ်ဆောင်ခြင်းမရှိပါ။

တရားစွဲဆိုသူ တရားလိုများကိုယ်တိုင်က သက်သေခံဥပဒေ ပုဒ်မ–၆၀ အရ "နှုတ်သက်သေခံချက်သည် တိုက်ရိုက်ဖြစ်စေရမည်။" ဆိုသောမူကို ချိုးဖောက်ပြီး တဆင့်ကြား သက်သေခံချက်များကို တင်ပြနေခြင်းမှာ တရားစွဲအဖွဲ့အစည်းအနေဖြင့် သက်သေအထောက်အထား တင်ပြနိုင်မှု မရှိပါ။

၆။ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁/၂၀၀၁) အပိုဒ်–၇ တွင် "တာဝန်ခံဥပဒေအရာရှိသည် အမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပေးရာတွင် အမှုဖြစ်အကြောင်းခြင်းရာ အချက်အလက်ဖော်ပြမှု မှန်ကန်ရန် တာဝန်ယူရမည့်အပြင်၊ ယင်းအမှုဖြစ်အကြောင်းအရာ အချက်အလက်မှာ ဥပဒေတားမြစ်ချက်တွင် အကျုံးဝင်မှု ရှိမရှိ၊ သုံးသပ်ချက်မှန်ကန်မှု ရှိစေရန်လည်း တာဝန်ယူရမည်။" ဟု ညွှန်ကြားထားသော်လည်း ဥပဒေအရ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည်ကို တွေ့ရပါသည်။

၇။ မဟာနိဗ္ဗိုး အမှုနှင့် စပ်လျဉ်း၍ တာဝန်ခံဥပဒေအရာရှိနှင့် ရှေ့နေချုပ်တို့သည် တည်ဆဲ ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေနှင့် ရှေ့နေချုပ် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန် ပျက်ကွက်သည့်အတွက် အပြစ်ကင်းမဲ့သော မဟာနိဗ္ဗိုးမှာ နှစ်ရှည် ထောင်ဒဏ် ကျခံရတော့မည့် အခြေအနေရောက်နေပါသည်။ အဓိက တာဝန်အရှိဆုံး ဖြစ်သော ရှေ့နေချုပ်အား တာဝန်မှ ရပ်စဲရန် တောင်းဆိုပါသည်။

မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ
နေ့စွဲ–သြဂုတ်လ (၁)ရက်၊ ၂၀၀၈–ခုနှစ်

စစ်အစိုးရမှ ဒေါ်အောင်ဆန်းစုကြည်အား ရှေ့နေဦးကြည်ဝင်းနဲ့ တွေ့ဆုံခွင့်ပေးခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသုံးသပ်ချက်

သတင်းနှင့်မှတ်တမ်းဌာန

ဗွီအိုအေ

အန်ကယ့်အနေနဲ့ လူထုခေါင်းဆောင်း ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လောက်ကြာကြာတွေ့ခဲ့ရပြီး ဘာတွေအဓိက ဆွေးနွေးဖြစ်ပါသလဲ။

ဦးကြည့်ဝင်း

နေ့လည် တစ်နာရီကနေ ၃ နာရီအထိ ၂ နာရီတွေ့ရပါတယ်၊ အဓိကတော့ သူ့ကို အခုလို နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလိုသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေ ပုဒ်မ ၁၀ (ခ) /၁၄ နဲ့ အရေးယူပြီး ကန့်သတ်ထားတာ၊ ချုပ်ချယ်ထားတာဟာ ဥပဒေကြောင်းအရ ပြန်လည်အရေးယူဆောင်ရွက်ပေးဖို့ပါ။ ဒါဟာ ဥပဒေနဲ့အညီ ဒါတွေကို ခိုင်းလိုက်တော့ အယူခံပေးဖို့အစီအစဉ်ရှိတယ်။

ဗွီအိုအေ

ဟုတ်ကဲ့ အယူခံပေးဖို့အစီအစဉ်ဆိုတော့ ဘယ်တော့အယူခံမှာလဲခင်ဗျ။

ဦးကြည့်ဝင်း

အမြန်ဆုံးတော့ကျွန်တော်တို့လုပ်ရမှာပေါ့နော်။ အယူခံဖို့အကြောင်းပြချက်ပေါ့ဗျာ။ အဲ့ဒါက ခိုင်ခိုင်မာမာဖြစ်အောင် ဦးဥာဏ်ဝင်းရယ်၊ တခြားမိတ်ဆွေရယ်တိုင်ပင်ပြီးတော့မှ လုပ်မှာဖြစ်ပါတယ်။ ဖြစ်နိုင်ရင် ဒီအပါတ်ထဲတောင် ကျွန်တော်တို့တင်ချင်ပါတယ်။ မတင်ခင်လဲ ဒေါ်စုဆီကို ကျွန်တော်တို့ထပ်ပြီးတော့ ဝင်တွေ့ရဦးမှာပါ။

ဗွီအိုအေ

စောစောကလိုပဲ ဒေါ်စုနဲ့တွေ့ခွင့်ရမယ်လို့ ကြိုသိခဲ့ပါသလား။ အခုထိရောတွေ့ခွင့်ပေးမယ်လို့ အကြောင်းကြားခဲ့ပါသလား။

ဦးကြည့်ဝင်း

အဲ့သလိုတော့အကြောင်းကြားထားတာမရှိပါဘူး။ သို့သော် ပထမအကြိမ်(၈) ရက်နေ့က ကျွန်တော်တို့သွားတွေ့လိုက်တယ် မပြီးဘူး၊ သွားတာကမှာတဲ့ ဥစ္စာကိုလုပ်မယ်ပြီးတော့ ပြန်တင်ပြရတယ်၊ သူ့ဆီက လိုအပ်တဲ့ လက်မှတ်တို့ဘာတို့ယူပြီးမှ ကျွန်တော်တို့က ဆောင်ရွက်ရမှာကိုး။

ဗွီအိုအေ

ဒေါ်စု ကျန်းမာရေးကရော အခြေအနေကောင်းပါသလား။

ဦးကြည်ဝင်း

လူလူခြင်းမြင်တဲ့ အမြင်မျိုးပေါ့ဗျာ။ ကျန်းမာရေးကောင်းပါတယ်။ သူပြောတဲ့စကားက ရှိတယ်ဗျ သူရဲ့ Medical check က နောက်ဆုံးလုပ်ခဲ့တာဟာ ဇန်နဝါရီ ၄ ရက်နေ့နောက်ဆုံးပဲ ဒီနေ့အထိတော့ ထပ်လုပ်တာ မရှိသေးဘူး။ ဆိုတော့ အဲ့ဒီအချက်ကိုလဲ သူက ဆိုင်ရာတွေနဲ့ တင်ပြ ပြီးဆောင်ရွက်ပေးဖို့ဆိုပြီးတော့ တာဝန်ပေးလိုက်ပါတယ်။

ဒီဇိုဇာ

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်းတိုးမယ်ဆိုရင် မတိုးခင်မှာ ဥပဒေကြောင်းအရ အခွင့်အရေးတွေပေးမယ်ဆိုလို့ရှိရင် မတိုးခင်မှာ အန်ကယ်တို့နဲ့ တွေ့ခွင့်မပေးသင့်ဘူးလား။ တိုးပြီးမှ အန်ကယ်တို့ကိုတွေ့ခွင့်ပေးမယ်ဆိုတော့ သက်တမ်းတိုးတာကို တရားဝင်သဘောမျိုးဖြစ်မသွားဘူးလား ခင်ဗျ။

ဦးကြည်ဝင်း

အဲ့ဒါတော့ ကောင်းတာပေါ့။ မချုပ်ခင်မှာ ချုပ်တဲ့အချိန်တုန်းက အရေးယူတဲ့အချိန်ကတည်းက ရှေ့နေနဲ့ တွေ့ခွင့်ဆိုတာဟာ ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့နောက် အထူးသဖြင့် အခွင့်အရေးတွေပါပါတယ်။ တရားခံသဘောမျိုး အရေးယူခံထားရတဲ့ပုဂ္ဂိုလ်ဟာ မိမိရှေ့နေနဲ့ တွေ့ဆုံခွင့်ရှိရမယ်ဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံဥပဒေမှာ ရပိုင်ခွင့်တစ်ရပ်အနေနဲ့ ပေးထားတာဖြစ်တယ်။ နောက်တစ်ခါ အကျဉ်းထောင်လက်စွဲမှာလည်း အဲ့လိုပဲပေးတယ်။ ရဲလက်စွဲမှာလဲ ပေးတယ်။ ဥပဒေအရ အရေးယူခံထားရတဲ့ ပုဂ္ဂိုလ်ဟာ မိမိရှေ့နေနဲ့မိမိတွေ့ခွင့်ဆိုတာဟာ ပြဋ္ဌာန်းထားတာကြာပါပြီ။ တချို့ကတော့လဲ ၁၀(ခ) ဆိုတဲ့ နိုင်ငံတော်ကိုနှောက်ယှက်ဖျက်ဆီးလို သူများ ဘေးအန္တရာယ်မှကာကွယ်သည့်ဥပဒေဆိုတာဟာ သူက သီးခြားသဘောမျိုး တရားရုံးနဲ့ မဆိုင်တဲ့သဘောမျိုး ရှေ့နေနဲ့မဆိုင်တဲ့သဘောမျိုးတောင် မြင်တယ်ဗျ။ အဲ့လိုမြင်ထားတာတွေ ရှိတယ် အဲ့တော့အရေးမယူခင်မှာ ထပ်ပြီးမတိုးချဲ့ခင်မှာ တွေ့ဖို့ဆိုတာ သူတို့မလုပ်ခဲ့ဘူး။

ဒီဇိုဇာ

ကုလသမဂ္ဂစုံစမ်းစစ်ဆေးသူကလဲ ဒီရက်ပိုင်းတွေမှာ လာသွားခဲ့တာရှိတော့လေ ဒါတွေလဲပဲဆက်စပ်နေ မလားလို့တွေးတာလေးတွေလဲရှိပါတယ်။

ဦးကြည်ဝင်း

ဒီမှာလဲအဲ့ဒါတွေကိုမေးကြတယ် မေးတော့ ကျွန်တော်ကတော့ တိတိကျကျ မဖြေတတ်ဖူးခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်စုနဲ့အဲ့ဒီပုဂ္ဂိုလ်နဲ့မတွေ့လိုက်ဘူးခင်ဗျ။ တွေ့ခွင့်မရလိုက်ဘူးခင်ဗျ။ မတွေ့ဘဲနဲ့လည်း စဉ်းစားပေးရင်စဉ်းစားပေးမှာပေါ့လေ။

ဒီဇိုဇာ

အန်ကယ်တကယ်လို့လျှောက်လဲချက်ရမယ်ဆိုလို့ရှိရင် ဘယ်လိုလျှောက်လဲချက်ပေးမလဲလို့စဉ်းစားထားသလဲခင်ဗျ။

ဦးကြည်ခင်း

ကျွန်တော်တို့လဲလျှောက်လဲခွင့်လဲရသင့်တယ်လို့ထင်တယ်။ အဲ့တော့ကျွန်တော်တို့အခုအယူခံလျှာကို ရေးမယ်။ ဦးဥာဏ်ဝင်းနဲ့ကျွန်တော်နဲ့ပဲတိုင်ပင်ပြီးတော့ရေးကြမယ်။ အခုကတော့ ကျွန်တော်ပြောလို့မရသေးဘူး အဲ့တော့ အယူခံလျှာအကြောင်းပြချက်တွေက ရှိတယ်ခင်ဗျ။ အယူခံလျှာတင်တဲ့အခါကျရင်တော့ အသိပေးပါမယ်။

ဒေါ်ခင်ခင်

စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ရှေ့နေဦးကြည်ဝင်းနှင့် တွေ့ဆုံခွင့်ပြုသည့်အပေါ် ပြည်ပအခြေစိုက် မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းမြို့နယ်အန်အယ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဦးရဲ့ သဘောထားအမြင်ကို ပြောပြပေးပါ။

ဦးသိန်းဦး

ပထမဆုံးအချက်ကတော့ ဘယ်ဘက်ကနေတောင်းဆိုတာလဲ ဘယ်ဘက်ကနေ ခွင့်ပြုတာလဲဆိုတာကို ကျွန်တော်တို့သိဖို့လိုပါတယ်။ ဥပမာ အကျယ်ချုပ်ခံနေရတဲ့ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုလို့ပေးတွေ့ရတာလား ဒါမှမဟုတ် နအဖကိုယ်တိုင်က သာမန်လိုက်လျောမှုအနေနဲ့ပေးတွေ့တာလားဆိုတာကို ကွဲပြားဖို့ လိုပါတယ်။ အဲ့ဒီနှစ်ခုအပေါ်မူတည်ပြီး အကြောင်းအရာတွေ ကွဲပြားသွားမှာဖြစ်ပါတယ်။ နအဖကတော့ ဒေါ်အောင်ဆန်းစုကြည်ကို မလွှတ်ခြင်လိုပဲ မလွှတ်ခဲ့ဘူး နောက်ထပ် ထပ်ပြီး နှစ်တိုးတယ် ဒါကြောင့်မို့လို့ ရှေ့နေနဲ့ပေးတွေ့တာက နအဖအနေနဲ့လိုက်လျောတာတော့ မဖြစ်နိုင်ဘူး။ ဘာကြောင့်မို့လို့ ဥပဒေအရ သက်တမ်းပြည့်ပြီးတဲ့ အခါမှာ ဆက်ဖမ်းထားတာလဲ။ ဒါက ကျွန်တော်တို့တကယ့်ကို မေးရမယ့် မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်ထင်တာကတော့ ဒီလိုမျိုးကိစ္စတွေမှာ ဒေါ်အောင်ဆန်းစုကြည်က ဘယ်တော့မှ ဒီမှားယွင်းတဲ့လုပ်ရပ်တွေမှာ အမြဲတမ်းငုံ့ခံတဲ့လူမျိုးမဟုတ်ဘူး။ အဲ့ဒါကြောင့်မို့လို ဖြစ်နိုင်ခြေရှိတာကတော့ဒီလိုဘာကြောင့် ဖြစ်ရလဲဆိုတာကိုသူ့ဘက်ကနေပြီး လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဘက်ကလဲ တရားဝင်တင်ပြဖို့ရှိလိမ့်မယ်လိုထင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ဘယ်ဘက်ကပေးတွေ့လဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး ကျွန်တော်တို့အကြောင်းအရာတွေဟာကွဲသွားမှာဖြစ်ပါတယ်။ ကျွန်တော်ထင်တာကတော့ အကျယ်ချုပ်ခံနေရတဲ့ သူဖက်ကနေပြီးတော့ အဲ့ဒီလိုမတရားတဲ့ အမိန့် အာဏာတွေနဲ့ပြောတဲ့ဟာကို ဥပဒေနဲ့အညီ ပြန်လည်တင်ပြနိုင်ဖို့အတွက် တောင်းဆိုလိမ့်မယ်လို့ ထင်ပါတယ်။

ဒေါ်ခင်ခင်

အရင်တုန်းကကော မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းတာနဲ့ ပတ်သက်ပြီး ဥပဒေကြောင်းအရဆွေးနွေးပိုင်ခွင့် ဥပဒေကြောင်းအရ ရှေ့နေတွေနဲ့ တွေ့ခွင့်ဆွေးနွေးပိုင်ခွင့်တွေရော ရှိခဲ့ပါသလားခင်ဗျ။

ဦးသိန်းဦး

အရင်တုန်းကတော့မရှိခဲ့ဘူး။ အခုဟာက ဥပဒေအရကိုက (၅) နှစ်ပြည့်သွားပြီ။ ဆိုတော့ဒါက သိပ်ပြီးတော့ တရားလွန်လွန်းအားကြီးတယ်။ တရားဥပဒေစိုးမိုးမှု မရှိဘူးဆိုတာ အင်မတန်မှ ပေါ်လွန်းနေတယ်။ နောက်ကြောင်းပြန်အကျိုးသက်ရောက်မှုတွေဖြစ်နေတယ်။ ဒါကြောင့်မို့လို့ သီးသန့်ကိုဖြစ်ပေါ်လာတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ အင်မတန်မှ တရားလွန်တဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ဒါကတော့ အကျယ်ချုပ်ခံနေရတဲ့ သူရဲ့အခွင့်အရေးဖြစ်တယ်။ ပြန်ပြီးတော့ ချေပရမယ်၊ ဥပဒေနဲ့အညီလုပ်ဆောင်ရမယ်။ ဒါကြောင့်မို့ အရင်တုန်းက မရှိခဲ့ပေမယ့် အခုချိန်မှာဒီအကြောင်းပြချက်တွေနဲ့ ပေးရမယ့် အနေအထားဖြစ်လာတယ်လို့ ကျွန်တော်မြင်ပါတယ်။

ဗွီအိုအေ

တကယ်တန်းဥပဒေကြောင်းအရ အခွင့်အရေးပေးမယ်ဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်းမတိုးခင်မှာ ရှေ့နေနဲ့တွေ့ဆုံခွင့် ဆွေးနွေးခွင့်ပေးရမှာ မဟုတ်ဘူးလားခင်ဗျ။

ဦးသိန်းဦး

ဟုတ်တယ်။ အဲ့ဒါကြောင့်မို့လို့တင်ပြတဲ့နေရာမှာ သူတို့ကနေ ပြီးတော့ သဘောထားကြီးလို့လိုက်လျောလို့ပေးတာမဟုတ်ပဲနဲ့အကျယ်ချုပ်ခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဘက်ကနေပြီးတော့ တောင်းဆိုလို့ ပေးရတဲ့အနေအထားမျိုးဖြစ်နိုင်တယ်လို့ ကျွန်တော်သုံးသပ်တာဖြစ်ပါတယ်။

ဗွီအိုအေ

တကယ်လို့တွေ့ဆုံခွင့်ပေးတယ် ဆွေးနွေးခွင့်ပေးတယ် အယူခံခွင့်ပေးတယ်ဆိုရင်တောင် ဥပဒေကို မြန်မာစစ်အစိုးရက သူဘက်ကပဲ တစ်ဖက်သတ်ဆုံးဖြတ်တယ်ဆိုတာမျိုးတွေ မကြာခဏပြောတာမျိုးတွေ ရှိပါတယ်ခင်ဗျ။ အဲ့တော့ ဒီလိုအယူခံခွင့်ကို ပယ်တာမျိုးရော စစ်အစိုးရ လုပ်ပိုင်ခွင့်မရှိဘူးလားခင်ဗျ။ စစ်အစိုးရဘက်က သူထင်သလိုပဲလုပ်မယ်ဆိုလို့ရှိရင် ဒီလိုတွေ့ဆုံခွင့်တွေက တွေ့ဆုံခွင့်ရလိုက်တာပဲ မဖြစ်နိုင်ဘူးလားခင်ဗျ။

ဦးသိန်းဦး

သေချာပေါက်ကျွန်တော်တို့ဖြစ်နိုင်ပါတယ်။ အဲ့ဒါက ဘာလဲဆိုတော့ သူတို့လွှတ်ချင်တယ်ဆိုလို့ရှိရင် တွေ့ဆုံခွင့်ပေးနေစရာမလိုတော့ပါဘူး။ တကယ်တန်းလွတ်ရမယ့်အနေအထားဖြစ်နေပါပြီ။ ဒါကြောင့်မို့လို့ ဒေါ်စုက လွတ်လာစရာအကြောင်းမရှိဘူးဆိုတာကို မြင်နိုင်ပါတယ်။ တစ်ခုပဲရှိတယ် ဒေါ်စုဘက်က ဘာပြောမလဲ ရှေ့နေကတဆင့် အဲ့ဒါကို ကျွန်တော်တို့က နားထောင်ဖို့ပဲရှိနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

ဦးခိုးအေ

မြန်မာစစ်အစိုးရဘက်က ဥပဒေကြောင်းနဲ့အညီဆောင်ရွက်ချင်တယ်ဆိုလို့ရှိရင် စောစောပိုင်းကတဲက နေအိမ်အကျယ်ချုပ်သက်တမ်းကိုတိုးခဲ့မှာမဟုတ်ဘူးဆိုပြီးတော့ ပြောခဲ့တာမျိုးတွေ လဲရှိပါတယ်ခင်ဗျ။ အဲ့တော့ ဒေါ်အောင်ဆန်းစုကြည် ကိုနေအိမ်အကျယ်ချုပ်သက်တမ်းထပ်ထပ်ပြီးတိုးနေ့ခဲ့တာနဲ့ပတ်သက်ပြီးတော့ ဦးသိန်းဦးရဲ့သဘောထား ဘယ်လိုမြင်ပါသလဲခင်ဗျ။

ဦးသိန်းဦး

ပထမတစ်ချက်က သက်တမ်းကပြည့်သွားပြီဗျ၊ (၅)နှစ်က လွတ်ကိုလွတ်ရမယ်၊ အဲ့ဒါက ဥပဒေပဲ၊ အဲ့တော့ဟိုအကြောင်းပြ ဒီအကြောင်းပြဆိုတာ ဥပဒေမဟုတ်ဘူး။ အဲ့လိုအကြောင်းပြလို့လဲမရဘူး။ ဒီလိုအကြောင်းပြပြီးတော့ လုပ်နေတာကို ဥပဒေနဲ့မညီတဲ့ ကိစ္စပဲဖြစ်တယ်။ ဒီ(၅)နှစ်သက်တမ်းအတောအတွင်းမှာလဲ ဒေါ်စုက နေအိမ်အကျယ်ချုပ်နဲ့ပဲ နေခဲ့တယ်။ ဘာမှ ထပ်ပြီးတော့ သူနဲ့ပတ်သက်တဲ့ ပြဿနာလဲမရှိဘူး။ မရှိဘူး ဆိုလို့ရှိရင် ဥပဒေအရလွတ်ကို လွတ်ရမယ့်အနေအထားဖြစ်တယ်။ ဒါကြောင့်မို့လို့ အခုလိုပြောချင်တာကတော့ ဘယ်လိုပဲ အကြောင်းပြချက်တွေလုပ်နေလုပ်နေ နအဖအနေနဲ့အကြောင်းပြဖို့အတွက် သက်သက်ပဲဖြစ်တယ်။ တကယ့်သဘောရိုးနဲ့လွတ်ချင်တဲ့ဟာတော့ မဟုတ်ဘူးဆိုတာတော့ ကျွန်တော်တို့ သုံးသပ်လို့ရပါတယ်။

ဦးခိုးအေ

ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာစစ်အစိုးရဘက်က ဖမ်းဆီးတာကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဒီပဲယင်းအရေးအခင်းပြီးကတဲကပါခင်ဗျ။ ဒီပဲယင်းအရေးအခင်းမှာလဲ ဒေါ်အောင်ဆန်းစုကြည်က အတိုက်အခိုက် ခံခဲ့ရတဲ့သူပါ။ ဒီလိုအတိုက်အခိုက်ခံခဲ့ ရပြီးတဲ့နောက်မှာ နိုင်ငံတော်လုံခြုံရေးကိုထိပါးအောင်နှောက်ယှက်သူဆိုပြီ စစ်အစိုးရက နေအိမ်အကျယ်ချုပ်တွေကို သက်တမ်းထပ်ပြီး တိုးနေခဲ့တာပါ။ ဒီတော့ ဒီလိုဖမ်းဆီးခဲ့တာနဲ့နိုင်ငံတော်လုံခြုံရေးကို ထိပါးအောင် နှောက်ယှက်သူဆိုပြီး တံဆိပ်ကပ်ခဲ့တာကိုရော ဦးသိန်းဦး ဘယ်လိုသုံးသပ်ချင်ပါသလဲခင်ဗျ။

ဦးသိန်းဦး

တကယ်တန်းဖြစ်ရမှာက ကုလသမဂ္ဂက လူအခွင့်အရေးနဲ့ပတ်သက်ပြီး တာဝန်ရှိတဲ့သူတွေကနေပြီးတော့ ဒီပဲယင်းအရေးအခင်းနဲ့ပတ်သက်ပြီး လွတ်လပ်စွာစုံစမ်းခွင့် တကယ်တန်းပေးရမယ်။ အဲ့ဒါမှ ဘာကြောင့်ဖြစ်တယ် ဘယ်လိုဖြစ်တယ်ဆိုတာကို သိရမယ်။ စစ်အစိုးရဘက်ကလဲ တာဝန်ရှိတာက ဒီပဲယင်းအရေးအခင်းနဲ့ပတ်သက်ပြီး ရိုက်နှက်ခံရတဲ့ ပုဂ္ဂိုလ်တွေသေဆုံးသွားတဲ့ပုဂ္ဂိုလ်တွေ ဒီအတွက် ဘာကြောင့်မို့လို့ဖြစ်ရလဲ ဘာလို့ဖြစ်ရလဲဆိုတာ သေသေချာချာစုံစမ်းဖော်ထုတ်ပေးပြီး ဒီလူတွေကို အပြစ်ပေးရမှာဖြစ်တယ်။ လူတွေသေသွားတာ အလကားသေလို့မရဘူး။ နိုင်ငံတော်မှာ လုံးဝတာဝန်ရှိတယ်။ အဲ့လိုသေအောင်လုပ်တဲ့သူတွေကို အပြစ်ပေးရမယ်။ အနည်းဆုံးတော့ လူထုသိနိုင်တဲ့ လူထုကြားနိုင်တဲ့ ရုံးတင်စစ်

ဆေးမှု တစ်ခုကိုဖန်တီးပြီတော့ သူတို့ဒေါ်အောင်ဆန်းစုကြည်ကို စွပ်စွဲမယ်ဆိုရင်လဲ စွပ်စွဲလို့ရပါတယ်။ တရားရုံးမှာတင်လို့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်တို့ဘက်ကလဲ ပြန်လည်ခုခံလို့ရပါတယ်။ ဒါက ဖြစ်သင့်ဖြစ်ထိုက်တဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။ အဲ့လိုမျိုးမဟုတ်ပဲနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကလဲ အဖမ်းလဲခံရသေးတယ် အရိုက်လဲခံရသေးတယ် ရိုက်နှက်တဲ့ သူတွေကိုလဲ ဘာမှမလုပ်ပဲနဲ့ အရေးမယူဘူးဆိုရင် တော်တော်လေးကိုမှတရားလွန်နေပါတယ်။ ဒါကြောင့် နိုင်ငံတော်က ဦးစီးလုပ်တဲ့ ကိစ္စမို့လို့ နိုင်ငံတော်ကိုယ်တိုင်ကိုက အကြမ်းဖက်ဝါဒကို ကျူးလွန်နေတဲ့ အစိုးရ ဖြစ်တယ်ဆိုတာကို အင်မတန်မှ ပေါ်လွင်နေပါတယ်။

ဦးစိုးအေ

မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဦးကို ဆက်သွယ်မေးမြန်းခဲ့တာပါ။ ဆက်လက်ပြီးတော့ NCUB ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပြောရေးဆိုခွင့်ရှိသူ NLD လွတ်မြောက်နယ်မြေက ဦးမြင့်သိဏ်းကလဲ ဒေါ်အောင်ဆန်းစုကြည်ကို ရှေ့နေဦးကြည်ဝင်းနဲ့ တွေ့ဆုံခွင့်ပေးခဲ့တာနဲ့ပတ်သက်ပြီး သူ့ရဲ့သဘောထားအမြင်ကို အခုလိုပြောပါတယ်။

ဦးမြင်သိဏ်း

အခုလိုမျိုးဒေါ်အောင်ဆန်းစုကြည်ကို ဦးကြည်ဝင်းနဲ့တွေ့ဆုံခွင့်ပေးပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ နစ်နာမှုတွေကို ကုစားနိုင်မယ့်နည်းလမ်းတွေ ရှာဖွေခြင်းတစ်ခုရယ် နောက်တစ်ခုက ဘယ်လိုအခြေခံအကြောင်းတွေကြောင့် ဒီလိုမျိုးနှစ်ရှည်ဖမ်းဆီးပြီး မတရားချုပ်နှောင် ထားတယ်ဆိုတဲ့အချက်တွေကို ဥပဒေနဲ့အညီ စစ်ဆေးနိုင်ခွင့်အခွင့်အလမ်းရလာလိမ့်မယ်လို့ မျှော်လင့်တဲ့ အတွက် ဒီကိစ္စအပေါ်မှာ ကျွန်တော်တို့က အကောင်းမြင်တဲ့ဘက်ကနေ ကြည့်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေရာမှာ ကျွန်တော်ပြောပြချင်တာက ဥပဒေအရဆိုရင်တော့ ကော့စ်အော့်အက်ရှင် လို့ခေါ်တာပေါ့ဗျာ။ နောက်ဒီဖြစ်ပေါ်လာခဲ့တဲ့ အကြောင်းအရင်းတွေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ဒေါ်အောင်ဆန်းစုကြည်ကို ဒီပဲယင်းမှာ လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားရင်းနဲ့ ပေါ်ပေါက်လာတဲ့အခြေအနေတွေဖြစ်တယ်၊ နောက်ဆက်တွဲ ပေါ်ပေါက်လာတဲ့ဖြစ်စဉ်တွေဖြစ်တယ်။ အဲ့ဒီတုန်းက ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးပြီးတော့ အသေသတ်လို့မရတဲ့ အချိန်မှာ ဖမ်းဆီးပြီးတော့ အကျဉ်းထောင်ထဲကို တိုက်ရိုက်ထည့်ခဲ့တယ်။ အဲ့ဒီအချိန်တုန်းက စစ်အုပ်စုဘက်က တရားဝင်ထုတ်ဖော်ချက်ကဘာလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်ကို ကာကွယ်ဖို့အတွက် ထိန်းသိမ်းထားတယ်ဆိုတာမျိုးပြောတယ်။ အဲ့ဒီနောက်မှာ နိုင်ငံတကာကနေပြီးတော့မှ ဒီပဲယင်းနဲ့ပတ်သက်တဲ့ သုံးသတ်ချက်တွေ ဝေဖန်ချက်တွေ ပိုပြီးတော့ ကျယ်လာတဲ့အချိန်မှာ အဲဒီအကျဉ်းထောင်ထဲကနေ သူ့ရဲ့နေအိမ်ကို ရွှေ့ပြီး အကျယ်ချုပ်ကို ပြန်ပြောင်းတဲ့အခါမှာ အခုလို ၁၉၇၅ ခုနှစ် နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီး လိုသူများ၏ကာကွယ်သည့်ဥပဒေ ၁၀(ခ)ကို တပ်ပြီး ဆက်ပြီးတော့ ချုပ်နှောင်ထားခဲ့တာ ဖြစ်တယ်လို့ ဒီဖြစ်စဉ်ပေါ်မှာ သိရှိရပါတယ်။ ဆိုတော့ကာ အခုလိုမတရား လုပ်ကြံသတ်ဖြတ်ခံရတာ ခံရတဲ့ အဆင့်အထိ ပြစ်မှုကျူးလွန်ခံရပြီးတဲ့နောက်မှာမှ မတရား ခုလိုဆက်လက်ပြီးတော့ ချုပ်နှောင်ခံရတဲ့ အခြေအနေတစ်ခုပေါ်မှာ ကျွန်တော်တို့ သုံးသပ်တယ်။ ဒါနဲ့ပတ်သက်ပြီးတော့ နအဖ ဘက်ကနေပြီး တစ်စုံတစ်ရာ တရားဥပဒေစိုးမိုးရေးကို ရှေ့ရှုပါတယ်လို့ပြောပေမယ့်

လက်တွေ့လုပ်ရပ်တွေက တည့်တည့်ကြီးဆန့်ကျင်နေတာကို ကျွန်တော်တို့တွေ့ရတယ်။ အခုလိုအခြေအနေမျိုးမှာ ပြန်ပြီး ဒီလိုမျိုးဆွေးနွေးခွင့်ရှိတယ်။ တွေ့ဆုံခွင့်ပြုတယ် ဆိုတာကို ကြိုဆိုတယ်။ အဲ့ဒီဆွေးနွေးခွင့်ပြုရုံသာမကပဲနဲ့ နိုင်ငံသားတစ်ယောက်ဖြစ်တယ်၊ နောက်တစ်ခုက ကမ္ဘာက အသိအမှတ်ပြုတန်ဖိုးထားခံရတဲ့ ပါတီတစ်ခုရဲ့အထွေထွေ အတွင်းရေးမှူးတစ်ယောက်ဖြစ်တဲ့ ခေါင်းဆောင်တစ်ယောက်လည်းဖြစ်တယ်၊ တဆက်ထဲမှာ ၁၉၉၀ ပြည့်နှစ်ရလာဒ်ဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို လူထုကနေဆန္ဒပေးထားတဲ့ နိုင်ငံရေးပါတီတစ်ခုရဲ့ ခေါင်းဆောင်တစ်ယောက်ဟာ မတရားနစ်နာမှုတွေဖြစ်တယ် ဆိုလို့ရှိရင် အဲ့ဒီနစ်နာမှုတွေအပေါ်မှာ တုန့်ပြန်ပြီးတော့ သူ့ဘက်ကနေ တရားစွဲဆိုနိုင်ခွင့်တွေ ရသင့်တယ်လို့ ကျွန်တော်တို့မြင်တယ်။ ဒါကြောင့်မို့လို့တရားဥပဒေစိုးမိုးရေး အခြေခံအရကြည့်မယ်ဆိုရင်တော့ ဒီလို ရှေ့နေနဲ့တွေ့ခွင့်ပေးတာကို ကြိုဆိုတယ်။ အဲ့ဒီကနေ ခုနက ကျွန်တော်တို့မျှော်မှန်းတဲ့ အဆင့်အထိ ဖြစ်မယ်ဆိုရင်တော့ သိပ်ကောင်းတဲ့အခြေအနေလို့ ဒီလိုပဲမြင်ပါတယ်။

ဗွီအိုအေ

စစ်အစိုးရဘက်က သူလွှတ်မယ်ဆိုလို့ရှိရင် စောစောကပြောခဲ့သလို လွှတ်မှာပဲခင်ဗျ။ အဲ့တော့ ခုနက ပြောခဲ့သလို ဖမ်းတဲ့ ဆီးတဲ့ကိစ္စမှာ ဦးမြင့်သိဏ်းတို့ အခုလိုပြောသလို မတရားသဖြင့် ဖမ်းဆီးခံခဲ့ရတယ်ဆိုရင် အခုလိုတွေ့ဆုံပြီးတော့ ဥပဒေကြောင်းအရ အယူခံဝင်တာမျိုးလုပ်ခဲ့တာမျိုးက စစ်အစိုးရကဥပဒေကိုမလေးစားလို့ရှိရင် ဒီဘက်ကကြိုးစားတာ အချီးအနှီးဖြစ်မသွားဘူးလားခင်ဗျ။

ဦးမြင့်သိဏ်း

အဲ့ဒီလို ကျွန်တော်တို့မြင်နိုင်တယ်လို့လဲ ပြောလို့ရပါတယ်။ သို့သော်လည်း ဘာပဲဖြစ်ဖြစ် ဒီအခြေအနေအောက်မှာတော့ ဒီနေ့မြန်မာနိုင်ငံမှာ စစ်အစိုးရဟာ တရားဝင်သည်ဖြစ်စေ တရားမဝင်သည်ဖြစ်စေ အာဏာကိုယူပြီး ဥပဒေကို သူစိတ်တိုင်းကျ ချယ်လှယ်ဖန်တီးခွင့်ရနေတဲ့ အခြေအနေတစ်ခုဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီအခြေအနေအောက်မှာတော့ဖြင့် ရလာတဲ့အခွင့်အရေးအပေါ်မှာ ကျွန်တော်တို့ရဲ့ ဒီနိုင်ငံသားတစ်ယောက်ရဲ့အခွင့်အရေးကို တိုက်ယူဖို့ အတွက် ကျွန်တော်တို့အခွင့်အလမ်းတစ်ခုလို့ပဲ သုံးသပ်မိပါတယ်။

(မှတ်ချက်။ ။ ၁၄၊ ၈၊ ၂၀၀၈ နေ့တွင် ဗွီအိုအေမှထုတ်လွှင့်ချက်ကို ဥပဒေရေးရာ စာစောင် စာဖတ်ပရိတ်သတ်များအား ပြန်လည်၍ စုစည်းတင်ပြခြင်းဖြစ်ပါသည်။)

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

မသန္တာ ပါ – ၃ ဦးအား ပြစ်မှုကြီးအမှတ် ၉၃/၂၀၀၇ ဖြင့် ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ– ၁၃(၁)အရ အလုပ်နှင့်ထောင်ဒဏ် (၅)နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည့်အပေါ် ဥပဒေရေးရာသုံးသပ်ချက်

အမှုဖြစ်စဉ်အကျဉ်း

မြဝတီမြို့၊ သက်နိုးညီနောင် စစ်ဆေးရေးဂိတ်တွင် (၂၃၊ ၄၊ ၂၀၀၇)ရက်နေ့က မသန္တာ (၁၈/ဦးခင်ညို)အား ဖမ်းဆီးခဲ့သည်။ မသန္တာသည် (၅၊ ၄၊ ၀၇)နေ့တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ကိုပါကြီး၊ ဦးတင်ကြည်၊ ဦးလှဦး၊ ဦးအောင်ဘည်တို့နှင့် အတူသွားရောက်ခဲ့ပြီး ပြန်လာခဲ့သည်။ မသန္တာအား မြဝတီသက်နိုးညီနောင်ဂိတ်တွင်လည်းကောင်း၊ ဦးတင်ကြည်၊ ဦးလှဦးတို့အား ဖားအံ တံတားဂိတ်တွင်လည်းကောင်း ဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့ ၃ ဦးမှာ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်တစုံတရာမရှိဘဲ၊ ထိုင်းနိုင်ငံမဲဆောက်မြို့သို့ ရောက်ရှိပြီး တရားမဝင် နည်းလမ်းဖြင့် ပြန်လည်ဝင်ရောက်ခဲ့သည်ဟု ဆိုကာ ဒုရဲမှူးမြင့်အောင်မှ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၌ တရားလိုပြုလုပ်၍ ၁၉၄၇ ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့သည့်အမှုဖြစ်သည်။

မူရင်း ဥပဒေ ပုဒ်မ အခြေခံပါယ်

၁၉၄၇–ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ – ၁၃ (၁)။

“ ဤအက်ဥပဒေပါ – ပြဋ္ဌာန်းချက်များနှင့်ဖြစ်စေ၊ ဤအက်ဥပဒေအရ ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့်ဖြစ်စေ၊ ပြည်တွင်းဝင်ရောက်နေထိုင်ခွင့်လက်မှတ် – သို့တည်းမဟုတ် ပြည်ဝင်ဗီဇာတွင် ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ဆန့်ကျင်လျှက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်သူသည် သို့တည်းမဟုတ် ဝင်ရန်အားထုတ်သူသည် သို့တည်းမဟုတ် တရားဥပဒေနှင့်အညီဝင်ရောက်ပြီးမှ အထက်တွင်ဆိုခဲ့သည့် အတိုင်း ဆန့်ကျင်လျှက် ပြည်ထောင်စုမြန်မာနိုင်ငံတွင်နေသူသည် သို့တည်းမဟုတ် နေရန်အားထုတ်သူသည် (အနည်းဆုံး ထောင်ဒဏ် ၆ လမှ အများဆုံးထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ် ၁၅၀၀ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ) စီရင်ခြင်းခံရမည်။”

တရားလိုဘက်မှ အဓိကတင်ပြချက်

မြဝတီ သင်္ကန်းညီနောင် စစ်ဆေးရေးဂိတ်တွင် မသန္တာထံမှ သက်သေခံ (ခ)၊ (ဂ)၊ (ဃ) ရှာဖွေပုံစံဖြင့် ဆန့်ကျင်စာရွက်စာတမ်းများ၊ ဗွီဒီယို ကင်မရာ၊ ငွေများနှင့် ရှာဖွေတွေ့ရကြောင်း၊ ဖါးအံ သတင်းတပ်ဖွဲ့မှ ရဲအုပ် အောင်ကျော် (လိုပြ–၂)က ဦးတင်ကြည်၊ ဦးလှဦး တို့အား ဖါးအံဂိတ်တွင် ဖမ်းဆီးရမိကြောင်း၊ သက်သေခံ (င) မှတ်တမ်းအရ တွေ့ရသည်။

တရားခံ ၃–ဦးမှာ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက် တစုံတရာမရှိဘဲ၊ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ရောက်ရှိပြီး၊ တရားမဝင်နည်းလမ်းဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း၊ ပေါ်ပေါက်သဖြင့် ဤပုဒ်မအရစွဲတင်ခြင်း ဖြစ်သည်။

တရားခံဘက်မှ အဓိက တင်ပြချက်

တရားခံ ၃–ဦး စလုံးမှ မဲဆောက်သို့ အများသူငှာ သွားလာသည့် လမ်းမှပင် အခကြေးငွေပေးဆောင်ကာ သွားရောက်ခြင်းဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်ရာတွင်လည်း အများသွားလာသည့် နယ်စပ်ဂိတ်မှပင် ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် အပြစ်မရှိကြောင်း၊ ဂတိသစ္စာပြု အစစ်ခံဖြေရှင်းကြသည်။

ဥပဒေ ရေးရာ သုံးသပ်ချက်

၁။ မဲဆောက်မြို့သို့ သွားရောက်ခဲ့စဉ်က အများသူငါ သွားလမ်းမှပင် အခကြေးငွေပေးဆောင်ကာသွားရောက်ခဲ့ခြင်းမှာ တရားဝင်သွားလာခြင်းဖြစ်သည်။ သတ်မှတ်ကာလကျော်လွန်နေထိုင်ခဲ့ခြင်း ဖြစ်သော်လည်း ဤဥပဒေ ပုဒ်မဖြင့် စွဲဆိုပိုင်ခွင့် မရှိပါ။

၂။ လက်ရှိ အနေအထားအရ မြဝတီနယ်စပ်ဂိတ်သည် ထိုင်းနိုင်ငံသို့ သွားရောက်ခွင့်သာ ခွင့်ပြုခြင်း ဖြစ်ပြီး၊ ပြန်လည်ဝင်ရောက်ခြင်းအတွက် ဝင်ရောက်ခွင့် ထပ်မံရယူရခြင်းမရှိပါ။

၁၉၄၈–ခုနှစ်၊ မြန်မာနိုင်ငံကူးလက်မှတ် နည်းဥပဒေ ပုဒ်မ–၅၊ အရ နိုင်ငံကူးလက်မှတ်မရှိဘဲ၊ ရေလမ်း (သို့မဟုတ်) လေလမ်း (သို့မဟုတ်) ကုန်းလမ်းမှ မဝင်လာရ ၊ ပြဋ္ဌာန်းချက်တွင်

– မြန်မာနိုင်ငံသားများ

– နယ်စပ်နယ်နိမိတ်မှ ၂၅–မိုင်ထက်ကျော်၍ ဝင်လာသူများနှင့် မသက်ဆိုင် ဟု အတိအလင်း ပြဋ္ဌာန်းထားသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော်ခြင်း မဟုတ်ပါ။

၃။ မသန္တာကို သင်္ကန်းညီနောင် စစ်ဆေးရေးဂိတ်၊ မြဝတီမြို့တွင် (၂၃၊ ၄၊ ၂၀၀၈) ရက်နေ့က ဖမ်းဆီးခဲ့ပြီး၊ ဦးတင်ကြည်နှင့် ဦးလှတင် တို့ကို ဖါးအံမြို့စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့သောကြောင့် ၎င်းမြို့များတွင်သာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိပါသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ပုဒ်မ–(၁၇၇) အရ "ပြစ်မှုတိုင်းကို သာမန်အားဖြင့် ပြစ်မှုကျူးလွန်ရာ နယ်မြေအတွင်း စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးက စုံစမ်းစစ်ဆေး စီရင်စေရမည်။" ဟု ဖော်ပြတားသည့်အတွက် ယခုအမှုအား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတွင် စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ သတ်မှတ်ထားသည့် နယ်မြေစီရင်ပိုင်ခွင့် အာဏာ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ခြင်းဖြစ်သည်။

၄။ ၁၉၄၇–ခုနှစ်၊ လူဝင်မှုကြီးကြပ်ရေး(လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ ပုဒ်မ–၁၃ (၁) မှာ မိမိနိုင်ငံသားများကို စွဲဆိုအပြစ်ပေးရမည့် ဥပဒေမဟုတ်ဘဲ၊ တိုင်းတပါးသား နိုင်ငံခြားသားက မိမိနိုင်ငံအတွင်း ဝင်ရောက်လာပါက အရေးယူအပြစ်ပေးရမည့် ဥပဒေ ပုဒ်မသာဖြစ်ကြောင်း အောက်ပါစီရင်ထုံးအရ အထင်အရှား ရှိပြီးဖြစ်ပါသည်။

မိုဟာမက်ရာဟုအာမင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၁၉၅၇ လွတ်တော်ချုပ်–၂၅

ပါကစ္စတန်နိုင်ငံကူးလက်မှတ်ဖြင့် ကြိုတင်ဗီဇာရရှိပြီး၊ မြန်မာနိုင်ငံတွင် နေခွင့်ပြုထားသည့် ရက်ထက်ကျော်လွန်နေထိုင်သဖြင့် ဤပုဒ်မ–၁၃(၁) အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရခြင်းဖြစ်ကြောင်းတွေ့ရသည်။

ထို့ကြောင့် မိမိနိုင်ငံသားများအား ဤဥပဒေပုဒ်မဖြင့် စွဲဆိုအပြစ်ပေးခြင်းမှာ ဥပဒေအရမှားယွင်းမှု ဖြစ်ကြောင်းတွေ့ရသည်။

၅။ သို့ဖြစ်ပါ၍ အမှုတွဲပါ တရားခံ ၃–ဦးစလုံးအား ဤဥပဒေ ပုဒ်မဖြင့် စွဲဆိုပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ ဥပဒေအရမှားယွင်းသည့် အမိန့်စီရင်ချက်ဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံ ရှေနေများကောင်စီ

နေ့စွဲ–ဇူလိုင်လ (၁၅) ရက်၊ ၂၀၀၈–ခုနှစ်

ထိုင်းတရားစီရင်ရေးစနစ်နှင့် မြန်မာစစ်အစိုးရ တရားစီရင်ရေးစနစ် နှိုင်းယှဉ် သုံးသပ်တင်ပြခြင်း

သတင်းနှင့်မှတ်တမ်းဌာန

အခွန်ရှောင်လွှဲမှုကျူးလွန်ခဲ့သူ ထိုင်းဝန်ကြီးချုပ်ဟောင်း တပ်ဆင်၏ ဇနီးအား ထိုင်းရာဇဝတ်မှုဆိုင်ရာတရားရုံးတခုက ထောင်ဒဏ် (၃)နှစ် ချမှတ်လိုက်ခြင်းသည် ထိုင်းနိုင်ငံသားများကိုသာမက ကမ္ဘာအနှံ့မှ ပြည်သူများကိုပါ အံ့သြသွားစေခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံရေးသြဇာကြီးမားသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း တပ်ဆင်၏ ဇနီးအား စီရင်ချက် ရဲရဲတင်းတင်းချလိုက်သည့် ထိုင်းတရားစီရင်ရေးကဏ္ဍကို ကမ္ဘာက အာရုံစိုက်စရာ ဖြစ်လာသည်။

မစ္စတာတပ်ဆင်ကို မြန်မာနိုင်ငံအပေါ် EXIM ဘဏ်က ငွေချေးသည့်ကိစ္စနှင့် ပတ်သက်ပြီး လာမည့်လတွင် တရားခွင်၌ စစ်ဆေးမှုများ စတင်မည်ဖြစ်ကြောင်း တရားရုံးတခုက ဆုံးဖြတ်ခဲ့ပြီးနောက်တရက်၌ ၎င်း၏ဇနီးအား စီရင်ချက်ချခဲ့ခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံတွင် လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိသည့် တရားစီရင်ရေးစနစ်အား မြန်မာနိုင်ငံ၏ လက်ရှိတရားစီရင်းရေးစနစ်နှင့် နှိုင်းယှဉ်ဖော်ပြနိုင်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီ အတွင်းရေးမှူး ဦးအောင်ထူးနှင့် အမျိုးသားဒီမိုက ရေစီအဖွဲ့ချုပ် ဦးဥာဏ်ဝင်းတို့ကို ခေတ်ပြိုင်က မေးမြန်းခဲ့သည်။

ဦးအောင်ထူးက "ဒီကိစ္စက ထိုင်းနိုင်ငံမှာ စံထားလောက်တဲ့ မှုခင်းဖြစ်သွားတယ်။ ထိုင်းတနိုင်ငံလုံးမှာ တဦးချင်းအရ ပြောမယ်ဆိုရင် Shock ဖြစ်သွားတယ်။ သတင်းစာတွေမှာ အကြီးအကျယ်ရေးနေကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ထိုင်းနိုင်ငံ တနိုင်ငံလုံးမှာ တဦးချင်းအရ ပြောမယ်ဆိုရင် နိုင်ငံရေးအရ၊ ငွေကြေးအရ အလွှမ်းမိုးဆုံးပုဂ္ဂိုလ် မစ္စတာ တပ်ဆင်ပဲ။ လက်ရှိတက်နေတဲ့ ပါတီကလည်းပဲ သူ့ပါတီ ပြောလို့ရတယ်။ တရားစီရင်ရေးဟာ မှန်မှန်ကန်ကန် အလယ်က ရပ်ပြီးတော့ ခုလို သီးသန့်လုပ်ခဲ့တဲ့ကိစ္စက စိတ်ဝင်စားဖို့ ကောင်းတယ်"ဟု ပြောသည်။

ထိုင်းနိုင်ငံသည် နိုင်ငံရေး အကြပ်အတည်းနှင့် ရင်ဆိုင်နေရသော်လည်း ၎င်းတို့၏ ဖြေရှင်းပုံမှာ တရားစီရင်ရေးနှင့် ဥပဒေစိုးမိုးရေးကို လွတ်လပ်စွာ ရပ်တည်စေပြီး အုပ်ချုပ်ရေးအပိုင်း၏ လုပ်ဆောင်ချက်များကိုသာမက အတိုက်အခံများ၏ လုပ်ဆောင်ချက်များကိုလည်း ကြီးကြပ်စေခြင်း ဖြစ်ကြောင်း၊ ထိုနည်းလမ်းကို ထိုင်းနိုင်ငံရှိ ပြည်သူအများစုကလည်း လက်ခံလာနေကြပြီး ဖြစ်ကြောင်း ဦးအောင်ထူးက ယူဆသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးဥာဏ်ဝင်းကလည်း ထိုင်းနိုင်ငံသည် ဥပဒေစိုးမိုးမှု ပိုရှိကြောင်း၊ မြန်မာနိုင်ငံ၌ ဥပဒေစိုးမိုးမှု အလွန်အားနည်းပြီး ပြည်သူများ၏ မူလအခွင့်အရေးသည်ပင် ပိတ်ပင်ခံနေရကြောင်း ပြောသည်။

ဦးဥာဏ်ဝင်းက "ဘာပဲဖြစ်ဖြစ် ယိုးဒယားအနေနဲ့ တရားဥပဒေ စိုးမိုးမှုရှိသည်။ တရားဥပဒေစိုးမိုးမှုရှိလို့သာ နိုင်ငံဝန်ကြီးချုပ်ဟောင်းရဲ့ဇနီးက တရားဥပဒေရဲ့ အဆုံးအဖြတ် ခံယူရတယ်လို့ ကျနော်တို့ အဲဒီလိုပြောနိုင်ပါသည်။ သူတို့ဆီမှာ ဒီမိုကရေစီရှိတယ်။ ရှိလို့လည်း ဆန္ဒပြခွင့် ဆန္ဒထုတ်ဖော်ခွင့်တွေဟာ ကျနော်တို့ အမြဲတမ်းသတင်းထဲ မြင်နေရတယ်။ ဒီမိုကရေစီအနေ အထားကတော့ မြန်မာနိုင်ငံထက်တော့ သာတာပေါ့ဗျာ။ မြန်မာနိုင်ငံမှာ ဘာဒီမိုကရေစီမှ မရှိဘူး"ဟု ပြောသည်။

ထိုင်းနိုင်ငံက ၎င်း၏နိုင်ငံရေးအကြောင်းအတည်းကို ဖြေရှင်းနေပုံအား မြန်မာနိုင်ငံသားများ အနေဖြင့် လေ့လာသင့်ကြောင်း၊ မြန်မာနိုင်ငံ၊ လက်ရှိတရားစီရင်ရေးယန္တ ရားသည် လွတ်လပ်ရေးရပြီးနောက် ယန္တ ရားများအနက် အဆိုးဆုံးဖြစ်ကြောင်း၊ အာဏာပိုင်များ၏ လွှမ်းမိုးမှုကို ခံနေရသည်သာမက အဂတိလိုက်စားမှုများလည်း ရှိနေကြောင်း ဦးအောင်ထူးက ထောက်ပြသည်။

ဦးအောင်ထူးက "လက်ရှိတရားစီရင်ရေးက လုံးဝပျက်စီသွားပြီး။ တပြည်လုံးမှာ အမြင့်ဆုံးလို့ပြောရမယ့် တရားသူကြီးချုပ်တွေကို ဘယ်အခါမှာ ခန့်မယ်၊ ဘယ်လိုဖြုတ်မယ်ဆိုတာ

ဥပဒေမရှိဘူး။ ခန့်ချင်သလိုခန့်တယ်၊ ဖြုတ် ချင်သလိုဖြုတ်တယ်။ တရားသူကြီးချုပ်တွေကိုတောင် ဖြုတ်ချင်တိုင်း ဖြုတ်လို့ရတယ်ဆိုတော့ တရားစီရင်တဲ့ ကဏ္ဍာတခုလုံးက အာဏာပိုင်တွေကို ရာနှုန်းပြည့် ကြောက်ရတဲ့အနေ အထား ဖြစ်သွားတယ်။ ဥပဒေအတိုင်း စီရင်ချက်တွေ မလုပ်ဘဲ ရေးချင်သလိုရေးပြီး စီရင်ချက်တွေချနေတာ၊ ဒီထက်ပိုဆိုးတာက လာဘ်စားမှုအပိုင်း။ ဘယ်လောက်ထိ အောင် ဆိုးလည်းဆိုတော့ တရားစီရင်မှု ပရဝုဏ်ထဲက ရဲစခန်းကနေ တရားခံကို တရားရုံးဆီကို ပို့ဖို့တောင်မှ ပိုက်ဆံမပေးရင် ရုံးရှေ့ကို မခေါ်ပေးဘူး" ဟု ပြောသည်။

ထိုအပြင် မြန်မာစစ်အစိုးရက အတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည်လည်း ပျက်စီးနေသော လက်ရှိတရားစီရင်ရေးစနစ်ကိုသာ ဆက်လက်အကောင်အထည်ဖော်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး နိုင်ငံသားများ အတွက် မည်သည့်အခွင့်အရေးမျှ အာမခံထားခြင်းမရှိကြောင်း၊ အခွင့်အရေးချိုးဖောက်ခံရသည့် နိုင်ငံသားများအတွက် အကာအကွယ်ပေးမည့် တရားစီရင်ရေး အာမခံချက်မရှိသဖြင့် အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံအား လက်မခံဘဲ စစ်မှန်သည့် ဥပဒေလမ်းကြောင်းကိုသာ ပုံဖော်သွားသင့်ကြောင်း ဦးအောင်ထူးက ပြောသည်။

ဦးအောင်ထူးက "နအဖရဲ့ ဖွဲ့စည်းပုံအောက်မှာတော့ ဒီလို အခွင့်အရေးမျိုးတွေ လုံးဝရနိုင်စရာအကြောင်း မရှိဘူး။ ဘယ် section ကို ကိုင်ပြီး ဒါငါတို့အခွင့်အရေးလို့ ပြောစရာကို မရှိဘူး။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပေးထားတာဆိုတာက အောက်မှာပါတယ်။ အပေါ်မှာက နိုင်ငံတော်ရဲ့ လုံခြုံရေးပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများနှင့် မဆန့်ကျင်လျှင်

ဆိုတဲ့ဟာကြီးက ကန့်သတ်ထားတဲ့အတွက် ဘာမှပြောဆိုမရတော့ဘူး။ အဲဒီတော့ ဖွဲ့စည်းပုံ လမ်း ကြောင်းအပြင်ကနေပြီးတော့ ဒီဖွဲ့စည်းပုံကြောင့် ဖြစ်လာတဲ့ပြဿနာတွေကို လက်ညှိုးထိုး ပြပြီး တိုက်ပွဲဝင်ကာ စစ်မှန်တဲ့ ဥပဒေလမ်းကြောင်းကို ပုံဆောင်သွားတာသာ အကောင်း ဆုံးဖြစ်တယ်”ဟု ပြောသည်။

စင်စစ် ထိုင်းတရားစီရင်ရေးစနစ်သည် ဒီမိုကရေစီ အရပ်သားအစိုးရလက်ထက်မှ လွတ်လပ်သည်မဟုတ်၊ ထိုင်းစစ်အစိုးရ လက်ထက်မှာပင် စစ်အစိုးရ၏ ဩဇာလွှမ်းမိုးမှု အောက်က ကင်းလွတ်ခဲ့သည်။ မကြာခင်ကလည်း ဝန်ကြီးချုပ်ဟောင်း တပ်ဆင်၏ အမှုလိုက် ပေးသည့် ရှေနေ (၃)ဦးက တရားခွင်မှာပင် တရားသူကြီးအား ဒေါ်လာ (၆)သောင်းနှင့် ညီမျှ သည့် ဘတ်ငွေများကို ပြောင်လာဘ်ထိုးရန် ကြိုးစားခဲ့သည်။ ထိုရှေနေ (၃) ဦးလုံးကို တရားသူကြီးက ထောင် (၆) လစီချလိုက်သည်။ ထိုအချိန်မှစပြီး တပ်ဆင်အတွက် လိုက်ပေးသည့် ရှေနေအင်အား လျော့ကျသွားသည်ဟု လေ့လာသူများက သုံးသပ်သည်။

(၁၊ ၈၊ ၀၈ နေ့တွင် ခေတ်ပြိုင်သတင်းဌာနမှ ဆက်သွယ်မေးမြန်းချက်ကို ပြန်လည်စုစည်း တင်ပြခြင်းဖြစ်သည်။)

မြန်မာရွှေပြောင်းအလုပ်သမားများအား ဥပဒေရေးရာလက်တွေ့ကူညီမှုများအား အစီရင်ခံတင်ပြခြင်း

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ)

မြန်မာနိုင်ငံရှေနေများကောင်စီ၊ ဥပဒေအထောက်အကူပြုဌာနသည် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင်အခြေစိုက်၍ ထိုင်းနိုင်ငံရောက် မြန်မာရွှေပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသော ဥပဒေဆိုင်ရာ အခက်အခဲ၊ အကြပ်အတည်းများကို ကူညီဖြေရှင်းဆောင် ရွက်လျက်ရှိပါသည်။ ထိုသို့ မြန်မာရွှေပြောင်းအလုပ်သမားများအား ကူညီဆောင်ရွက်ရာတွင် ဥပဒေအထောက်အကူပြုဌာနသည် အောက်ပါရည်ရွယ်ချက် (၃)ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

(က) မြန်မာနိုင်ငံမှ ရွှေပြောင်းအလုပ်သမားများ၏ ဘဝလုံခြုံမှုကို ဥပဒေနှင့်အညီ ရရှိခံစားနိုင်ရေး၊

(ခ) ရွှေပြောင်းအလုပ်သမားထုအတွင်း ဥပဒေအသိပညာတိုးပွားပျံ့နှံ့ရေး၊

(ဂ) ရွှေပြောင်းအလုပ်သမားများ၏ ဥပဒေဆိုင်ရာ အခက်အခဲ အကြပ်အတည်းများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရေး၊

ဥပဒေအထောက်အကူပြုဌာနသည် အထက်ပါရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရွှေပြောင်းအလုပ်သမားများသည် ၄င်းတို့၏ဘဝလုံခြုံမှုနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာအခက်အခဲ၊ အကြပ်အတည်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပေသည်။ မြန်မာရွှေပြောင်းအလုပ်သမားများသည် အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသော်လည်း ၄င်းတို့၏ ဘဝလုံခြုံမှုများမှာ စိုးရိမ်စရာကောင်းလောက်အောင် အာမခံချက်မရှိသည်ကို အောက်ပါအမှုအခင်းများဆောင်ရွက်ထားချက်ကို ကြည့်ခြင်းဖြင့် သိမြင်စေပါသည်။

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဥပဒေအထောက်အကူပြုဌာနမှ လက်ခံဆောင်ရွက်သော အမှုပေါင်း (၃၀)ရှိခဲ့ပါသည်။ လက်ခံရရှိသောအမှုအမျိုးအစားများမှာ–

(၁) တရားမဝင်ဖမ်းဆီးချုပ်နှောင်ထားမှု – ၂ မှု
(၂) လူကုန်ကူးခံရမှု – ၁ မှု
(၃) လူသတ်မှု – ၂ မှု
(၄) လုယက်မှု – ၁ မှု
(၅) လူပျောက်မှု – ၃ မှု
(၆) မုဒိန်းမှု – ၈ မှု
(၇) သွေးဆောင်ဖျားယောင်းမှု – ၁ မှု
(၈) ရိုက်နှက်ခံရမှု – ၂ မှု
(၉)လိမ်လည်မှု – ၁ မှု

(၁၀)အမွေရလိုမှု – ၂ မှု
(၁၁)ကလေးပြန်ရလိုမှု – ၁ မှု
(၁၂)လင်မယားကွာရှင်းမှု – ၂ မှု
(၁၃)သားပြန်လည်ခေါ်လိုမှု – ၁ မှု
(၁၄)ထောင်တွင်းလူ့အခွင့်အရေးချိုးဖောက်မှု – ၁ မှု
(၁၅)အလုပ်သမားမှတ်ပုံတင်နှင့်ပတ်သက်သောအမှု – ၂ မှု

ဥပဒေအထောက်အကူပြုဌာနသည် ရွှေပြောင်းအလုပ်သမားများမှအမှု လာရောက်တိုင်ကြားခြင်းအပေါ် အချက်အလက်များရယူ၍ ဆက်လက်ဆောင်ရွက်သင့်မသင့် အဖွဲ့အတွင်းဆွေးနွေးပြီး အကြံပေးခြင်း(သို့မဟုတ်) ဆက်လက်ဆောင် ရွက်ခြင်း (သို့မဟုတ်) အခြားအဖွဲ့

အစည်းနှင့်ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ အမှုအကြောင်းခြင်းရာပေါ်မူတည်၍ အခင်းဖြစ်ပွားရာ နေရာသို့သွားရောက်ကာ သက်သေအချက်အလက်မှန်များအား မှတ်တမ်းတင် စုဆောင်းပါသည်။ အမှု၏လက်တွေ့အရေးကြီးမှု၊ ဖြစ်စဉ်ပါအချက် အလက်များ၏ သေချာမှုအခြေအနေအရ ရဲစခန်းသို့အကြောင်းကြား အမှုဖွင့်ပါသည်။ ပြစ်မှုကျူးလွန်သူဟု သက်သေခံအချက်အလက်များ တွေ့ရှိပါက မဟာမိတ်အဖွဲ့အစည်းများ၏ အကူအညီဖြင့် အမြန်ဆုံးအရေးယူ နိုင်ရေးအတွက် လုပ်ဆောင်သွားခဲ့ပါသည်။ ထို့သို့ အမှုများဆောင်ရွက်ထားမှုအခြေအနေကို တင်ပြရလျှင်–

၁။ ဆောင်ရွက်ဆဲအမှုပေါင်း – ၉ မှု
၂။ ပြီးပျက်သွားသောအမှုပေါင်း –၁၂ မှု
၃။ ပိတ်သိမ်းလိုက်သောအမှုပေါင်း – ၇ မှု
၄။ အခြားအဖွဲ့သို့လွှဲပြောင်းပေးသောအမှုပေါင်း – ၂ မှု

စုစုပေါင်း – ၃၀ မှု

အထက်ပါ အမှုအခြေအနေအား အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ ဥပဒေအထောက်အကူပြုဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ ဘဝလုံခြုံမှုအဆင့်အတန်း တိုးတက်မြင့်မားလာနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

ဦးသန်းနိုင်ထွေး
တာဝန်ခံ၊ ဥပဒေအထောက်အကူပြုဌာန၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ
ရက်စွဲ၊ ၂၀၀၈ ခုနှစ်၊ သြဂုတ်လ (၉)ရက်

စာစောင်မှာယူခြင်း

သို့
ဖြန့်ချိရေးတာဝန်ခံ
အခြေခံဥပဒေရေးရာစာစောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
အမည် – _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
ရက်စွဲ – _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြ ပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

_ _

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊

_ _

မှာယူလိုသည့်စာအုပ်အရေအတွက် (_ _ _ _ _ _)အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် (_ _ _ _ _)၊ အုပ်ရေ (_ _ _ _ _) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ

_ _
_ _

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ကြည့်ရှုမှတ်သားပြီးပါပြီ။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။